မြတ်ဗုဒ္ဓ၏အဆုံးအမတရား

သဒ္ဓါတရားလည်းရှိ သီလနှင့်လည်းပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသောသူသည် သွားလေရာရာအရပ်ရပ်၌ အပူဇော်ခံရ၏။ ဓမ္မပဒ

# မြဝတီ နေ့စဉ်

ပြည်သူ့လက်ဝယ် အချိန်မီရောက်မည် မြဝတီ

ဒို့တာဝန်အရေးသုံးပါး
- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com
အတွဲ(၁၄)၊ အမှတ်(၂၂၂)
၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်
၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၂၆ ရက်၊ အင်္ဂါနေ့

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

### ဆောင်းပါး

**နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးနိုင်မည့် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော်**

စာ - ၁၃ သို့

**ဆောင်းရာသီနှင့် ကလေးများ၏ ကျန်းမာရေး**

စာ - ၈ သို့

## နေပြည်တော်၌ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ




နေပြည်တော် နိုဝင်ဘာ ၂၅

၂၀၂၄ ခုနှစ် (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ် ၁၃ ရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ အမြဲတမ်းအတွင်းဝန်များနှင့်တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ စာမျက်နှာ ၁၇ ကော်လံ ၄ ○

## ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးပစ္စည်းများပေးပို့



နေပြည်တော် နိုဝင်ဘာ ၂၅

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏လမ်းညွှန်မှုအရ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီ၏စီစဉ်ကြီးကြပ်မှုဖြင့် ရခိုင်ပြည်နယ်သို့ ပြန်လည်ထူထောင်ရေးပစ္စည်းများကို ရေယာဉ်၊ လေယာဉ်၊ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိရာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က မှာယူသည့် ဆန် ၂၄ ပြည်အိတ် ၂၀၀၀၊ စားသုံးဆီ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများအပါအဝင် စာမျက်နှာ ၅ ကော်လံ ၃ □

**၂၀၂၄ ခုနှစ် (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခမ်းအနားများ အမြို့မြို့အနယ်နယ်၌ ကျင်းပ**

စာ - ၁၁၊ ၁၂ သို့



MWD မီဒီယာစင်တာ

ရရှိနိုင်သောဝန်ဆောင်မှုများ

အရည်အသွေးမြင့် 4K ကင်မရာများတပ်ဆင်ထားသည့် ခေတ်မီ Studio အခန်းများ အသံဖမ်း Studio များကို ရိုက်ကူးထုတ်လွှင့်သူများအတွက် ငှားရမ်းနိုင်ပါသည်။

ဖျော်ဖြေပွဲများဆောင်ရွက်လိုသူများအတွက်...

LED Screen ပါသည့်ပြဇာတ်ရုံနှင့် 11.1 Sounds System ဖြင့် 4K,3D ရုပ်ရှင်ရုံတို့အား ဖျော်ဖြေရေးပွဲများအတွက် ငှားရမ်းအသုံးပြုနိုင်ပါသည်။

No.15,Moe Kaung Road, 15th Ward, Bauk Htaw, Yankin Township.
09-680101166,01-4705990,01-4705991,01-4705992
https;//www.facebook.com/Public Media Centre

## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၂၆ ရက်)

# မြန်မာ့တိုင်းရင်းဆေးကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်ရေး

မြန်မာနိုင်ငံတွင် မြန်မာ့တိုင်းရင်းဆေးပညာရပ်နှင့်ကုထုံးများသည် အနောက်တိုင်းဆေးပညာများ၊ ခေတ်မီဆေးဝါးများနှင့် ဆေးကုသမှုအတတ်ပညာများ မပေါ်ပေါက်မီကပင် ရှိနှင့်နေပြီးဖြစ်သည်။ မြန်မာဘုရင်များလက်ထက်မှစပြီး မိမိတို့၏ရေမြေသဘာဝတောတောင်များမှရရှိသည့် ဆေးဖက်ဝင်ပစ္စည်းများနှင့်ကုသခြင်း၊ မြန်မာ့တိုင်းရင်းဆေးစွမ်းကောင်းများနှင့်ပြည်သူလူထု၏ကျန်းမာရေးကို စောင့်ရှောက်ပေးခဲ့ကြသည်မှာ နှစ်ပေါင်းထောင်ချီကြာမြင့်ခဲ့ပြီဖြစ်သည်။ ရတနာပုံခေတ်မင်းတုန်းမင်းကြီးလက်ထက်တွင် ဆရာတော်များ၊ သမားတော်များက အာယုဗ္ဗေဒဆေးကျမ်းများကို သက္ကတဘာသာမှ မြန်မာဘာသာသို့ပြန်ဆိုခြင်း၊ တိုင်းရင်းဆေးကျမ်းများပြုစုခြင်းများကိုဆောင်ရွက်ခဲ့ကြသည်။

ကိုလိုနီခေတ်တွင် မြန်မာတို့၏တိုင်းရင်းဆေးပညာရပ်များမကွယ်ပျောက်စေရန် သမားတော်များက ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသည်။ လွတ်လပ်ရေးရပြီးသောအခါ မြန်မာ့တိုင်းရင်းဆေးပညာရပ်များကို ပြန်လည်ဖော်ထုတ်ကာအားပေးခဲ့သည်။ ၁၉၈၉ ခုနှစ် ဩဂုတ်လ ၃ ရက်နေ့တွင် တိုင်းရင်းဆေးပညာဦးစီးဌာနအဖြစ် သီးခြားဖွဲ့စည်းတိုးမြှင့်ပေးသည့်အတွက် တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပိုမိုလျင်မြန်လာခဲ့သည်။ ၂၀၀၁ ခုနှစ်က မန္တလေးမြို့တွင် မြန်မာ့တိုင်းရင်းဆေးတက္ကသိုလ်ဖွင့်လှစ်ခဲ့ပြီး မျိုးဆက်သစ်များကို မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့၊ မြန်မာ့တိုင်းရင်းဆေးပညာမဟာဘွဲ့များ အပ်နှင်းနိုင်ခဲ့သည်။ ထို့အတူ တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲများကို အခါအားလျော်စွာလုပ်ဆောင်ခဲ့သည်။

၂၀၀၀ ပြည့်နှစ်မှစတင်ကာ မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို နှစ်စဉ်ကျင်းပပေးလျက်ရှိရာ ယခုအခါ (၂၃) ကြိမ်မြောက်သို့ ရောက်ရှိလာပြီဖြစ်သည်။ (၂၃) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာလ ၂၂ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၂)၌ကျင်းပသည်။ ညီလာခံနှင့်နှီးနှောဖလှယ်ပွဲ၏ရည်ရွယ်ချက်များအနေဖြင့် "တိုင်းရင်းဆေးပညာသင်ကြားရေးဆိုင်ရာ အရည်အသွေးအသိအမှတ်ပြုနိုင်စေရန်၊ တိုင်းရင်းဆေးပညာပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် တိုင်းရင်းဆေးဝါးများခေတ်စနစ်နှင့်အညီထုတ်လုပ်နိုင်စေရန်၊ အရည်အသွေးပြည့်ဝသည့် တိုင်းရင်းဆေးပညာရှင်များ ပိုမိုမွေးထုတ်ပေးနိုင်စေရန်၊ မြန်မာ့တိုင်းရင်းဆေးပညာရိုးရာယဉ်ကျေးမှုအမွေအနှစ်အား လေးစားတန်ဖိုးထားတတ်စေရန်" တို့ဖြစ်ကြောင်းသိရသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တစ်မျိုးသားလုံးသက်ရှည်ကျန်းမာရန်အတွက် ကျန်းမာရေးကဏ္ဍတစ်ရပ်လုံးဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်လျက်ရှိရာတွင် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်းတိုးတက်မြင့်မားစေရန် စဉ်ဆက်မပြတ်အားပေးဆောင်ရွက်လျက်ရှိသည်။ တိုင်းရင်းဆေးကဏ္ဍကိုအလေးအနက်ထားပြီး အားပေးချီးမြှောက်ပေးလျက်ရှိနေသကဲ့သို့ တိုင်းရင်းဆေးပညာရှင်များကလည်း ကြိုးစားအားထုတ်လျက်ရှိကြသည်။ ထိုသို့ကြိုးစားအားထုတ်ကြရာတွင် ကျင့်ဝတ်နှင့်အညီ စည်းကမ်းတကျဖြစ်စေရန် တိုင်းရင်းဆေးကောင်စီဥပဒေ၊ တိုင်းရင်းဆေးဝါးဥပဒေများနှင့်အညီ စနစ်တကျဆောင်ရွက်ကြရန်ဖြစ်သည်။ ယခုအခါတွင် တိုင်းရင်းဆေးတက္ကသိုလ်က မြန်မာ့တိုင်းရင်းဆေးပညာရှင်များကို ဒီပလိုမာအဆင့်၊ ဘွဲ့ရအဆင့်မှတိုင်းရင်းဆေးပညာမဟာဘွဲ့အဆင့်အထိ လေ့ကျင့်မွေးထုတ်ပေးနေပြီဖြစ်သည်။ မြန်မာ့တိုင်းရင်းဆေးပညာပါရဂူဘွဲ့အထိ ပေးအပ်နိုင်ရန်အတွက်လည်း ၂၀၂၅ ခုနှစ်ပညာသင်နှစ်မှစ၍ ပါရဂူသင်တန်းများကို ဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်းသိရသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်သည်(၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲဖွင့်ပွဲအခမ်းအနား၊ အဖွင့်ဂုဏ်ပြုမိန့်ခွန်းပြောကြားရာတွင် **"ဒီနေ့အချိန်အခါဟာ နိုင်ငံတော်ရဲ့အမျိုးသားရေးဦးတည်ချက်တစ်ရပ်ဖြစ်တဲ့ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မယ့် ကျန်းမာရေးကဏ္ဍကိုမြှင့်တင်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ လူသားအရင်းအမြစ်ဟာအဓိကကျပြီး ကျန်းမာရေးနဲ့ပတ်သက်တဲ့ အသိပညာရှင်၊ အတတ်ပညာရှင်၊ ကျွမ်းကျင်ပညာရှင်များနဲ့သာ နိုင်ငံတော်ကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်နိုင်မှာဖြစ်ပါတယ်။ မြန်မာ့တိုင်းရင်းဆေးပညာခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး အဆင့်အတန်းမြင့်မားလာစေရေးအတွက် ပံ့ပိုးစွမ်းဆောင်နိုင်မယ့် တိုင်းရင်းဆေးတက္ကသိုလ်ကြီးကိုဖွင့်လှစ်ပြီး မြန်မာ့တိုင်းရင်းဆေးပညာရှင် လူ့စွမ်းအားအရင်းအမြစ်များကို နှစ်စဉ်မွေးထုတ်လျက်ရှိပါတယ်"**ဟူ၍ ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာ့တိုင်းရင်းဆေးပညာကိုခေတ်နှင့်အညီဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပညာသင်များစေလွှတ်ပြီးနည်းပညာသင်ယူခြင်း၊ မျှဝေခြင်း၊ မိမိနိုင်ငံနှင့်လိုက်လျောညီထွေပြန်လည်အသုံးချပြီး ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်လျက်ရှိသည်။ တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)နှင့် တရုတ်နိုင်ငံယူနန်တိုင်းရင်းဆေးတက္ကသိုလ်တို့ ၂၀၂၄ ခုနှစ် ဇွန်လ ၂၅ ရက်က နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးပြီး တိုင်းရင်းဆေးပညာပိုမိုဖွံ့ဖြိုးရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်၏အားပေးမှုနှင့်အတူ တိုင်းရင်းဆေးပညာရှင်များကလည်း ပြည်သူလူထု၏ကျန်းမာရေးကို အစဉ်အမြဲစောင့်ရှောက်ပေးလျက်ရှိပေရာ မြန်မာ့တိုင်းရင်းဆေးကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။




# မြင်းမူမြို့နယ်၌ နေကြာ ၃၈၉ ဧကရိတ်သိမ်း တစ်ဧကလျှင် ၁၇ ဒသမ ၅၂ တင်း ထွက်ရှိ

မြင်းမူ နိုဝင်ဘာ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးခဲ့သော နေကြာ ၃၈၉ ဧကရိတ်သိမ်းပြီး တစ်ဧကလျှင် ၁၇ ဒသမ ၅၂ တင်းထွက်ရှိကြောင်း စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

၂၀၂၄-၂၀၂၅ ခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် မြင်းမူမြို့နယ်၌ နေကြာသီးနှံ ၂၀၃၅ ဧကအထိ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါစိုက်ပျိုးထားသောစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လမှစတင်၍ ရိတ်သိမ်းခဲ့ကြရာ ယနေ့အထိ ၃၈၉ ဧကရိတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ၁၇ ဒသမ ၅၂ တင်းထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးချိန် မြင်းမူမြို့နယ်မှာ နေကြာသီးနှံ ၂၀၃၅ ဧကအထိ စိုက်ပျိုးနိုင်ခဲ့တာပါ။ အခုလက်ရှိအချိန်မှာတော့ အဲဒီစိုက်ပျိုးထားတဲ့ နေကြာခင်းတွေရိတ်သိမ်းလျက်ရှိပါတယ်။ ဆက်လက်ရိတ်သိမ်းလျက်ရှိပါတယ်။ ပြည်ပမှတင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ရန်အတွက် ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးရေးဆောင်ရွက်ပေးတယ်။ ဆီထွက်သီးနှံဖြစ်တဲ့နေကြာဟာ တစ်ဧကဆီထွက်ရှိမှုကကျန်တဲ့ မြေပဲ၊ နှမ်းတွေထက်များတယ်။ နေကြာကို ဆောင်းမှာအများစုစိုက်ကြတာပါ" ဟု စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဒေါ်သီတာလွင်ကပြောသည်။

မြင်းမူမြို့နယ်၌ နေကြာသီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့် နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက်ပညာပေးသင်တန်းများကို အရှိန်မြှင့်ဆောင်ရွက်ပေးကြောင်း သိရသည်။

ယခုနှစ် မြင်းမူမြို့နယ်၌ နေကြာသီးနှံစိုက်ပျိုးမည့် တောင်သူများကို မျိုးစေ့များထောက်ပံ့ပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေဩဇာများ ချိုသာသောဈေးနှုန်းရောင်းချပေးနိုင်ရေးစီမံထားခြင်း၊ ထွက်ရှိလာသောနေကြာမျိုးများကို တောင်သူမှတောင်သူ ဖလှယ်သည့်နည်းစနစ်များဖြင့် ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၄၀၉)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၆-၁၁-၂၀၂၄(အင်္ဂါနေ့)

၁။ ၇:၂၀ ဓမ္မပူဇာတေး
၂။ ၇:၄၅ မျိုးချစ်တပ်မတော်
၃။ ၈:၁၅ အမျိုးသားရေးတေးကဗျာ
၄။ ၈:၂၅ ဆောင်းပါးပေါ်ကစာစုများ
၅။ ၉:၅၀ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၆။ ၁၀:၁၀ မြစ်ကျဉ်းသုံးသွယ် အပိုင်း(၇)
၇။ ၁၂:၀၀ ၁၂ လရာသီမှတ်တမ်း
၈။ ၁၂:၂၅ ကျန်းမာသုတ
၉။ ၁၆:၂၅ Sport Review
၁၀။ ၁၆:၅၅ သာယာသီကြွေးခေတ်ဆန်းတေး
၁၁။ ၁၇:၅၀ ပြည်ချစ်သားမွန်တေးသဝဏ်
၁၂။ ၁၉:၀၀ **တောင်ပိုင်းပိုးလမ်းမသစ်ကြီး တရုတ်-မြန်မာအခန်းကဏ္ဍ အပိုင်း(၁၁)**
၁၃။ ၁၉:၄၀ **ပိုမိုကောင်းမွန်သည့်အသိုက်အဝန်းဆီသို့ (၇) ရက်ခရီးစဉ်**

မြဝတီ နေ့စဉ် The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၂၀၂၆၂၊
ဖြန့်ချီရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချီရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၁၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသည့် သီးနှံစုံ ကေ ၁၂၀၀၀၀ ကျော်အနက် ၃၇၉၃၆ ကေအထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



ပွင့်ဖြူ နိုဝင်ဘာ ၂၅

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသည့် သီးနှံစုံကေ ၁၂၀၀၀၀ ကျော်အနက် ၃၇၉၃၆ ကေအထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက ဒေသတွင်းစားရေရိက္ခာဖူလုံပိုလျှံစေရေးနှင့် သီးနှံစိုက်ပျိုးစွမ်းအားတိုးတက်မြင့်မားရေးအတွက် စပါး၊ နှမ်း၊ မြေပဲ၊ နေကြာ၊ ပဲတီစိမ်း၊ ပဲကြီး၊ ပဲစင်းငုံ၊ ဖွဲစားပြောင်း၊ ချည်မျှင်ရှည်ဝါ၊ ကြံ၊ ဟင်းသီးဟင်းရွက်၊ ငရုတ်ပျော၊ အုန်း၊ ထန်း၊ သီးပင်စားပင်၊ ပရဆေးပင်နှင့် အထွေထွေစားသုံးသီးနှံများ စသည့်သီးနှံစုံ ၁၂၈၆၉၇ ကေ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါမိုးသီးနှံစိုက်ခင်းများကို ဒေသခံတောင်သူများက ဇူလိုင်လကုန်ပိုင်းမှ စတင်ရိတ်သိမ်းခဲ့ရာ လက်ရှိတွင် သီးနှံစုံ ၃၇၉၃၆ ကေအထိ ရိတ်သိမ်းပြီးစီးပြီဖြစ်သည်။

"ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း သီးနှံစုံ ၁၂၈၆၉၇ ကေ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဆောလျင်စွာစိုက်ပျိုးနိုင်ခဲ့တဲ့ မိုးသီးနှံစိုက်ခင်းတွေကို ဒေသခံတောင်သူတွေက ဇူလိုင်လကုန်ပိုင်းကစပြီး ရိတ်သိမ်းခဲ့တာ ဒီနေ့အထိ ၃၇၉၃၆ ကေ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မိုးသီးနှံတွေ သိမ်းဆည်းခြင်းနဲ့ ပတ်သက်ပြီး အထွက်နှုန်းလျော့နည်းမှု မဖြစ်စေဖို့အတွက် စနစ်တကျသိမ်းဆည်းကြဖို့၊ အရည်အသွေးကောင်းတဲ့သီးနှံတွေ ရရှိဖို့အတွက် အမိုးအကာအောက်မှာ စနစ်တကျသိမ်းဆည်းနိုင်ဖို့ ဒေသခံတောင်သူတွေကို အချိန်မီသီးနှံရိတ်သိမ်းနည်းပညာတွေ ပံ့ပိုးကူညီဆောင်ရွက်ပေးပါတယ်" ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်၌ လက်ရှိရိတ်သိမ်းပြီးစီးသည့် သီးနှံစုံ ၃၇၉၃၆ ကေမှာ ဖွဲစားပြောင်း ၂၂၆၇ ကေ၊ ပဲတီစိမ်း ၂၀၅၉ ကေ၊ မြေပဲ ၃၆၁၉ ကေ၊ နှမ်း ၂၁၉၀၉ ကေ၊ နေကြာ ၇၅၆ ကေ၊ ကွမ်း ၂၆ ကေ၊ ငရုတ် ၄၃၆ ကေ၊ သီးပင်စားပင်သီးနှံစုံ ၂၄၇၈ ကေ၊ ကွဲနွားတိရစ္ဆာန်အစာ ၃၉၉၂ ကေ၊ ပိုက်ဆန်လျှော် ကေ ၂၄၀၊ တခြားသီးနှံ ၁၅၄ ကေတို့ဖြစ်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး( ပွင့်ဖြူမြေ )**

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ငါးမုတ်ပိသာ ၅၂၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့

ဖျာပုံ နိုဝင်ဘာ ၂၅

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလ ၁ ရက်မှ ၂၀ ရက်အထိ ငါးမုတ်ပိသာ ၅၂၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ်၌ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်မြင့်မြင့်ခိုင်၏ပြောပြချက်အရ သိရသည်။

အဆိုပါကာလအတွင်း ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်လ ကာလတူအချိန်က ငါးမုတ်ပိသာ ၄၀၀၀၀ ခန့်သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာလ ၁ ရက်မှ ၂၀ ရက်အထိ ငါးမုတ်ပိသာ ၅၂၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့သည်။

"ဒေသထွက် ရေထွက်ကုန်တွေထဲမှာ ငါးမုတ်က တင်ပို့ရောင်းချအား ပိုပြီးကောင်းပါတယ်။ နိုဝင်ဘာလ ရက် ၂၀ အတွင်း ငါးမုတ်ပိသာ ၅၂၀၀၀ အထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဘက်ကနေ ငါးမုတ်တွေ အဝယ်လိုက်လာလို့ တင်ပို့အားကောင်းခဲ့တာပါ။ ဒေသတွင်းက ပွဲရုံတွေဆီကိုလည်း ငါးမုတ်တွေ ပုံမှန်ဝင်ရောက်မှုရှိနေပါတယ်။ ပွဲရုံတွေဆီဝင်လာတဲ့ ငါးတွေကလည်း လတ်ဆတ်မှုရှိပါတယ်။ ကုန်တင်ပို့အားကောင်းလာတော့ ရေလုပ်ငန်းနဲ့ဆက်စပ်တဲ့လုပ်ငန်းလုပ်ကိုင်သူတွေ အဆင်ပြေတာတွေ့ရပါတယ်။ ဒီဘက်ဒေသကထွက်တဲ့ ရေထွက်ကုန်တွေကို ရန်ကုန်မြို့ကိုပဲ အဓိကတင်ပို့ရောင်းချနေပါတယ်"ဟု ဒေါ်မြင့်မြင့်ခိုင်ကပြောသည်။

ဖျာပုံမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူများသည် ငါးမုတ်အပါအဝင် ဒေသထွက် ရေထွက်ကုန်များကိုဝယ်ယူပြီး စနစ်တကျစစ်ဆေးသန့်စင်ကာ ရန်ကုန်မြို့သို့ အဓိက တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်မြို့မှတစ်ဆင့် တခြားဒေသများသို့ ပြန်လည်တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**သုတကျော်**

# ယခုနှစ်အတွင်း ပြည်ပသို့ မတ်ပဲ ပဲတီစိမ်းနှင့် ပဲစင်းငုံတန်ချိန် ၁ ဒသမ ၅ သန်းကျော် တင်ပို့ထား

ရန်ကုန် နိုဝင်ဘာ ၂၅

မြန်မာနိုင်ငံမှထွက်ရှိသော ပဲအမျိုးမျိုးအနက် ပြည်ပသို့ အဓိကထားတင်ပို့နေသော ပဲသုံးမျိုးဖြစ်သည့် မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံတို့ကို ယခုနှစ်အတွင်း တန်ချိန် ၁ ဒသမ ၅ သန်းကျော် တင်ပို့ထားပြီးဖြစ်သည့်အတွက် ပြည်ပတင်ပို့မှုလျာထားချက်ပြည့်မီပြီဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (ဘုရင့်နောင်ကုန်စည်ဒိုင်)ဥက္ကဋ္ဌ ဒေါက်တာမျိုးလွင်၏ပြောကြားချက်အရ သိရသည်။

မြန်မာနိုင်ငံမှထွက်ရှိသော ပဲအမျိုးမျိုးထဲမှ ၇၀ ရာခိုင်နှုန်းကျော်ကို အိန္ဒိယနိုင်ငံက နှစ်စဉ်ဝယ်ယူလျက်ရှိပြီး ထိုသို့တင်ပို့နိုင်ရန် နှစ်နိုင်ငံကြား နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီနှစ်မှာ မတ်ပဲ၊ ပဲတီစိမ်းနဲ့ ပဲစင်းငုံတွေက အထွက်နှုန်းတိုးတက်လာပြီးတော့ ပဲတင်ပို့ရာသီအစဖြစ်တဲ့ ဇန်နဝါရီလကစပြီး အဲဒီပဲသုံးမျိုးက အထူးဈေးကောင်းရရှိနေတာဖြစ်ပါတယ်။ ဒီနှစ်ထဲမှာ မတ်ပဲတန်ချိန် ရှစ်သိန်း၊ ပဲစင်းငုံတန်ချိန် နှစ်သိန်းခွဲကျော်နဲ့ ပဲတီစိမ်းတန်ချိန် လေးသိန်းခွဲဝန်းကျင် စုစုပေါင်းတန်ချိန် ၁ ဒသမ ၅ သန်းကျော် တင်ပို့ထားပြီးဖြစ်ပါတယ်။ အခုဆိုရင် ပြည်တွင်းမှာ ပဲလက်ကျန်အတော်နည်းသွားပြီးတော့ နောက်ပေါ်မယ့် ပဲတွေကိုစောင့်ပြီး ရောင်းရမယ့်သဘောရှိပါတယ်"ဟု ဒေါက်တာမျိုးလွင်ကပြောသည်။

ယခုအခါ ပြည်တွင်း၌ ပဲလက်ကျန်များ အနေဖြင့် မတ်ပဲတန်ချိန် ရှစ်သောင်းခန့်နှင့် ပဲစင်းငုံတန်ချိန် နှစ်သောင်းခန့်သာ ကျန်ရှိပြီး ပဲတီစိမ်းမှာ ပြည်တွင်းလက်ကျန် မရှိသလောက် နည်းပါးသွားပြီဖြစ်ကြောင်း၊ ပြည်တွင်းမှထွက်ရှိသည့် မတ်ပဲနှင့် ပဲစင်းငုံကို အိန္ဒိယနိုင်ငံသို့ အများဆုံးတင်ပို့နေပြီး ပဲတီစိမ်းကို တခြားသော ပြည်ပနိုင်ငံများသို့ တင်ပို့နေခြင်းဖြစ်ကြောင်း သိရသည်။

ယခုနှစ်များတွင် မြန်မာနိုင်ငံမှထွက်ရှိသော ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းစသည်တို့ကို ပြည်ပနိုင်ငံများက ဝယ်လိုအားများလာသဖြင့် ပြည်ပတင်ပို့မှုပမာဏနှင့် လိုက်လျောညီထွေမှုရှိကာ လျာထားချက်ပြည့်မီကျော်လွန်စေရေးအတွက် စိုက်ပျိုးထုတ်လုပ်မှုများ တစ်နှစ်ထက်တစ်နှစ်တိုးတက်လာစေရန် စိုက်ပျိုးရေးဦးစီးဌာနအပါအဝင် သက်ဆိုင်ရာအစိုးရဌာနများနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဆောင်းဦး**



# မြစ်ကိုအလျှားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်

**ယမန်နေ့မှအဆက်**

"အားလုံးမင်္ဂလာပါ၊ ကိုယ့်ရပ်ကိုယ့်ရွာ၊ ကိုယ့်ဆွေမျိုးတွေပဲ လိုရင်းကိုပဲ ပြောပါ့မယ်"

"ခု ဆွေးနွေးမယ့်အကြောင်းအရာကတော့ ရပ်ဝေးက ရောက်လာကြတဲ့ ဆရာ၊ ဆရာမတွေအတွက် အိမ်တန်းလျားလေး ဆောက်ဖို့ကိစ္စပဲဖြစ်ပါတယ်"

"ဟုတ်ကဲ့ ပြောပါဆရာကြီး"

"ကျွန်တော်တို့ သရက်တောင်ရွာမှာ အလယ်တန်းကျောင်းရယ်၊ မူလတန်းကျောင်းရယ်ဆိုပြီး ကျောင်းနှစ်ကျောင်းရှိတာပေါ့နော်၊ ဆရာတွေကလည်း ဟိုက၊ ဒီကရောက်လာကြတာ တစ်ယောက်ပြီးတစ်ယောက်ပဲ"

"ဒီတော့ ကျွန်တော်တို့မှာ ဒီဆရာတွေအတွက် တည်းခိုနေထိုင်ရေးဟာ အလွန်အခက်အခဲဖြစ်ရပါတယ်။ ရွာသားတွေအများစုကလည်း လယ်သမားတွေပဲ ဖြစ်နေကြတော့ အချိန်တန် လယ်ဝင်ကြရတာလေ"

ကျွန်တော် ညင်ညင်သာသာလေး ပြောပြလိုက်၏။

"ဖြစ်သလိုနေကြတာပေါ့ဆိုပြီး ရွာအိမ်တွေမှာနေပြန်တော့လည်း ဧည့်သည်က အိမ်ရှင်ကိုအားနာ၊ အိမ်ရှင်က ဧည့်သည်ကို အားနာနဲ့ဗျာ၊ ဟုတ်တော့လည်းဟုတ်တယ်ဗျ၊ ကိုယ့်မိသားစုထဲကို ဧည့်သည်တစ်ယောက် ဝင်လာတယ်ဆိုတာ လွယ်တဲ့ကိစ္စမဟုတ်ဘူးလေ"

"အဲဒီတော့ ဘယ်လိုလုပ်ရင်ကောင်းမလဲ ဆရာ"

ကျွန်တော်စကားကို ရပ်လိုက်ချိန်တွင် ကျောင်းသားမိဘတစ်ဦးက ဝင်ထောက်လိုက်သည်။

"ကျွန်တော်ကတော့ ဆရာတွေအတွက် အိမ်တန်းလျားလေးတစ်လုံး မိုးမကျခင်မှာ ပြီးသွားစေချင်တယ်ဗျာ"

"ဆောက်မှာကတော့ မခက်ဘူးဆရာရယ်၊ တို့ရွာမှာ ယောကျ်ားတိုင်းလိုလို အခြေခံလက်သမားပညာတတ်ကြတာပဲ။ ဒါပေမဲ့ ဆရာရယ်၊ ဆရာလည်းသိတဲ့အတိုင်းပဲ တို့ကျွန်းစဉ်ဒေသမှာက မြေအခက်အခဲအရမ်းရှိတာလေ၊ အိမ်ပေါ်ကအောက်ဆင်းရင် မြစ်တွေ၊ ချောင်းတွေပဲ၊ အဲဒါ ဘယ်နေရာသွားပြီး ဆောက်ကြမှာလဲ"

"ကျွန်းစဉ်ဒေသတွင် အဆောက်အအုံများ ဆောက်လုပ်ရာတွင် ဒီရေရောက်တောထွက် ကနစိုသစ်ကိုပဲ အသုံးများကြသည်။ ကနစိုသစ်များမှာ လူသူမနီးသော ဒီရေရောက်တောကြီးထဲတွင် ပေါက်ရောက်ကြသည်။ ပင်စည်ကြီးပြီး ရှည်လျားသည်။ အခက်အလက်များမှာ အပင်၏အဖျားပိုင်းတွင်သာ ခက်ဖြာထွက်နေတတ်ကြသည်။ ကနစိုပင်များမှာ ဒီရေရောက်တော ခပ်မြင့်မြင့်နေရာများတွင် ပေါက်ရောက်တတ်ကြရာ ရေသေရက်များတွင် ပင်ခြေရင်းသို့ ဒီရေမဖုံးလွှမ်းနိုင်ပေ. . ."

ခေတ္တငြိမ်သွားသည်။ တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ စဉ်းစားခန်းဝင်နေကြ၏။

"ဒီက လူကြီးတွေကို ကျွန်တော် တစ်ခုတင်ပြချင်ပါတယ်"

အကုန်လုံး ကျွန်တော့်ကို ဝိုင်းကြည့်လိုက်ကြသည်။

"ကျွန်တော်တို့ ကျောင်းကိုလာရာလမ်း ချောင်းကမ်းစပ်မှာ ကန်ပျက်ကြီးတစ်ခုရှိတယ်ဗျာ၊ ကန်ပေါင်မှာ လက်ပံပင်ကြီးတွေ ဝိုင်းဝိုင်းလည်ပေါက်နေတဲ့ ကန်ကြီးလေဗျာ"

"အဲဒီ ကန်ပျက်ကြီးကို ရွာသားတွေအနေနဲ့ ဝိုင်းပြီး မြေဖို့ပေးနိုင်ရင်တော့ အိမ်တန်းလျားတစ်ခု ကောင်းကောင်းရနိုင်ပါတယ်"

"ဟာ ဆရာကြီး အဲဒါ မလုပ်ကောင်းဘူးလေ၊ ရှေးဘိုးဘွားတွေက ရေစက်ချပြီး လှူထားခဲ့ကြတာ မဖျက်ဆီးကောင်းဘူးကွဲ့"

ဦးဖြူထွန်းအောင်က သူ့အသိဖြင့် ထင်မြင်ချက်ပေးလိုက်၏။ ကျွန်တော် တစ်ချက်တွေသွားသည်။ ရွာသားများလည်း ငြိမ်ကျသွားကြသည်။

"ကျွန်တော့်အမြင်ကို တင်ပြပါရစေ၊ ဆရာကြီးတင်ပြတာ လုပ်သင့်တဲ့အလုပ်လို့ ကျွန်တော်မြင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရှေးလူကြီးတွေက ရွာသားတွေ သောက်သုံးရေအတွက် ကန်ကြီး ဖော်ကောင်းဖော်ခဲ့ကြပါလိမ့်မယ်၊ ရေစက်ချအမျှဝေပြီး ဒါနပြုခဲ့ကြတာလည်း ဟုတ်ကောင်းဟုတ်ပါလိမ့်မယ်"

ရပ်ရွာအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးဘလုံက အေးအေးဆေးဆေး ဆွေးနွေးပြသည်။

"ခုတော့ဗျာ အများမြင်ကြတဲ့အတိုင်းပါပဲ၊ ကန်ပေါင်ရိုးမှာ ကလေးတွေ အညစ်အကြေးစွန့်ကြတယ်၊ ရေကန်ကလည်း ပြုပြင်မယ့်သူမရှိတော့ ကောနေပြီလေ၊ ခုတော့ ခွေးတွေဝပ်တယ်၊ အညစ်အကြေးစွန့်ကြတယ်၊ ရွာသားတွေ အမှိုက်ပစ်တယ်၊ အမှိုက်ကန်လိုဖြစ်နေပြီဗျ"

"ဟာ ဦးဘလုံပြောတာ အရမ်းမှန်တယ်ဗျ၊ ဘယ်သူမှ အသုံးမပြုဘဲ စွန့်ပစ်ထားတဲ့ ကန်ပျက်ကြီးကို မြေဖို့ပြီး တန်းလျားလေးဆောက်လိုက်တော့ တို့ရွာအတွက် လိုအပ်နေတဲ့ ကွက်လပ်ကလေးတစ်ခု ဖြည့်ဖြစ်သွားတာပေါ့ဗျာ"

ဦးလှရွှေ၏ထောက်ခံတင်ပြချက်ကို ဦးဖြူထွန်းအောင်လည်း သဘောကျသွားပုံရသည်၊ သွားပေါ်အောင် ရယ်နေ၏။

"ဟုတ်တာပေါ့၊ အဲဒီ ကန်ပျက်ကြီးကို မြေဖို့မယ်ဗျာ"

"ဟုတ်တယ် မြေဖို့တာ ကြာလှ တစ်ပတ်ပေါ့ဗျာ၊ ရပ်ကွက်အုပ်စုအလိုက်ဖို့မယ်ဗျာ"

"ကျွန်တော်တို့ကျောင်းကလည်း ကျွန်တော်ကိုယ်တိုင်ဦးဆောင်ပြီး လုပ်မယ်ဗျာ။ ဆရာ၊ ဆရာမတွေရော စတုတ္ထတန်းက ကျောင်းသား၊ ကျောင်းသူလေးတွေပါ နိုင်သလောက်ပေါ့ဗျာ"

"မြေဖို့တာတော့ ဟုတ်ပါပြီ၊ သစ်ဝါးတွေရော၊ လက်သမားတွေရော ဘယ်လိုလုပ်ကြမှာလဲ"

"ဦးခင်ထွန်း ဆွေးနွေးတာလည်း ပြောသင့်တဲ့စကားပါ၊ ကျွန်တော်ကတော့ ဒီလို စဉ်းစားထားတယ်ဗျ"

"ပြောပါ ဆရာကြီး"

"သစ်ကို ကနစို သစ်ခွဲသားကို သုံးမယ်ဗျာ"

"ဟုတ်တယ်ဗျာ၊ ကနစိုသစ်ဆို လူတိုင်းလုပ်နိုင်တယ်၊ အဲဒါကျွန်တော်တို့ ရပ်ရွာလူမှုရေးအဖွဲ့က စီစဉ်မယ်ဗျာ၊ အုပ်စုလိုက် ခွဲတမ်းပေးလိုက်ပါ့မယ်"

ရပ်ရွာလူမှုရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ထင်က လုပ်ငန်းတာဝန်ခွဲယူလိုက်သည်။ အကုန်လုံး အားရဝမ်းသာဖြစ်သွားကြ၏။

ကျွန်းစဉ်ဒေသတွင် အဆောက်အအုံများ ဆောက်လုပ်ရာတွင် ဒီရေရောက်တောထွက် ကနစိုသစ်ကိုပဲ အသုံးများကြသည်။ ကနစိုသစ်များမှာ လူသူမနီးသော ဒီရေရောက်တောကြီးထဲတွင် ပေါက်ရောက်ကြသည်။ ပင်စည်ကြီးပြီး ရှည်လျားသည်။ အခက်အလက်များမှာ အပင်၏အဖျားပိုင်းတွင်သာ ခက်ဖြာထွက်နေတတ်ကြသည်။ ကနစိုပင်များမှာ ဒီရေရောက်တော ခပ်မြင့်မြင့်နေရာများတွင် ပေါက်ရောက်တတ်ကြရာ ရေသေရက်များတွင် ပင်ခြေရင်းသို့ ဒီရေ မဖုံးလွှမ်းနိုင်ပေ။

ဆက်လက်ဖော်ပြပါမည်။

## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြဇာတ်တိုက်လေ့ကျင့်



အိမ်မဲ နိုဝင်ဘာ ၂၅

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် မြို့မဈေးကြီးအတွင်း ပွင့်လင်းရာသီတွင် မီးလောင်မှု၊ မီးလန့်မှုများမဖြစ်ပွားစေရေးအတွက် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းကို နိုဝင်ဘာလ ၂၄ ရက်က အိမ်မဲမြို့ မြို့မဈေးကြီး၌ ဆောင်ရွက်သည်။

ရှေးဦးစွာ အိမ်မဲမြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဝေယံစိုးက မြို့မဈေးအတွင်း၊ အပြင်ရှိ ဈေးဆိုင်များ၌ မီးလောင်မှု၊ မီးလန့်မှုမဖြစ်ပွားစေရေး၊ မီးသတိရှိရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးတို့နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်းကိုသရုပ်ပြကြရာ မြောင်းမြခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးရဲထွန်းအောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်ကိုကိုဦးနှင့်အဖွဲ့ဝင်များ၊ အမှုဆောင်အရာရှိနှင့် စည်ပင်သာယာရေးဝန်ထမ်းများ၊ ဈေးကော်မတီဝင်များနှင့် ဈေးသူ၊ ဈေးသားများ ကြည့်ရှုအားပေးကြသည်။

ယင်းနောက် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်နှစ်စီးဖြင့် မီးငြိမ်းသတ်နည်းများ ဇာတ်တိုက်လေ့ကျင့်ပြီး တာဝန်ရှိသူများက ဈေးအတွင်းရေပေးဝေမှုနှင့် မီးသတ်ဆေးဘူးများထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ချစ်သက်လယ်(ပြန်/ဆက်)**

## RBF စီမံကိန်းရန်ပုံငွေဖြင့် နို့စားနွားမွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ကျောက်ဆည် နိုဝင်ဘာ ၂၅

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် ဟံမြင့်မိုရ်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) ရန်ပုံငွေဖြင့် မျိုးကောင်းမျိုးသန့် နို့စားနွားမွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို နိုဝင်ဘာလ ၂၄ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်ဆည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ရီရီဦး၊ ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြတ်ဆုအောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်အတူ ဟံမြင့်မိုရ်ကျေးရွာ၌ RBF စီမံကိန်းဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် မျိုးကောင်းမျိုးသန့် နို့စားနွားမွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးပြီး စီမံကိန်းလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

အဆိုပါကျေးရွာ၌ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် မျိုးကောင်းမျိုးသန့် နို့စားနွားမွေးမြူရေးလုပ်ငန်း လုပ်ကိုင်လျက်ရှိသည့် စိန်တလုံးအဖွဲ့၊ မြကျောက်အဖွဲ့၊ ပတ္တမြားငမောက်အဖွဲ့၊ ဟသ်္ာအဖွဲ့တို့မှ အသင်းသား၊ အသင်းသူ ၂၀ ဦးတို့က နို့စားနွား ၂၂ ကောင်ကို RBF စီမံကိန်းရန်ပုံငွေ ငွေကျပ် သိန်း ၃၀၀၊ အစုအဖွဲ့ထည့်ဝင်ငွေ ငွေကျပ် သိန်း ၁၀၀၊ စုစုပေါင်း ရန်ပုံငွေ ငွေကျပ် သိန်း ၄၀၀ ဖြင့် စီမံကိန်းလုပ်ငန်းများ လည်ပတ်လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစုမ့ဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစုမ့ဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)



● **နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာမှ**

ယနေ့ပြပွဲတွင် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲအမှတ် (၂၅၆၀) မှ (၃၃၀၉) အထိ ကျောက်စိမ်းအတွဲပေါင်း ၇၅၀ ကို ပြည်တွင်းရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့်ရောင်းချပေးရာ ကျောက်စိမ်းအတွဲပေါင်း ၇၃၅ တွဲရောင်းချခဲ့ရကြောင်း ထုတ်ပြန်ကြေညာသည်။

ညနေပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီနာယက သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ပြပွဲကျင်းပရာ မဏိရတနာကျောက်စိမ်းခန်းမအတွင်း ပြည်တွင်းရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးလျက်ရှိသည့် အုပ်စု (စီ)မှ ကျောက်စိမ်းအတွဲများအတွက် ဈေးနှုန်းတင်သွင်းလွှာများ ဖွင့်ဖောက်စစ်ဆေးနေမှုကိုကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ပြပွဲနဝမနေ့တွင်ရောင်းချမည့်အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲအမှတ် (၃၃၁၀)မှ အတွဲအမှတ်(၄၀၅၉)အထိ ကျောက်စိမ်းအတွဲပေါင်း ၇၅၀ ကို ပြည်တွင်းရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို သက်ဆိုင်ရာတင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။ အဆိုပါဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများကညနေပိုင်းတွင်ဖွင့်ဖောက်စစ်ဆေးကာ ရောင်းချရသည့် ကျောက်စိမ်းအတွဲများစာရင်းကို နိုဝင်ဘာလ ၂၆ ရက် နံနက်ပိုင်းတွင် ကြေညာသွားမည်ဖြစ်သည်။

ပြပွဲတွင် အုပ်စု(အေ၊ ဘီ နှင့် စီ)တို့မှ ကျောက်စိမ်းအတွဲပေါင်း ၄၈၀၀ ကို နေ့ရက်အလိုက်ပြည်တွင်း၊ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ အုပ်စု (အေနှင့်ဘီ)တို့မှ ကျောက်စိမ်းအတွဲပေါင်း ၂၅၅၉ အနက်မှ ကျောက်စိမ်းအတွဲပေါင်း ၁၈၂၃ တွဲကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များကိုလည်းကောင်း၊ အုပ်စု(စီ)မှကျောက်စိမ်းအတွဲအမှတ်(၂၅၆၀)မှ အတွဲအမှတ်(၃၃၀၉)အတွဲအထိ ကျောက်စိမ်းအတွဲပေါင်း ၇၅၀ အနက်မှ ၇၃၅ တွဲကို ပြည်တွင်းရတနာကုန်သည်များအားလည်းကောင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချနိုင်ခဲ့သည်။

အလားတူ အုပ်စု(စီ)မှ ကျန်ရှိနေသည့် ကျောက်စိမ်းအတွဲများကို နိုဝင်ဘာလ ၂၇ ရက်အထိ ပြည်တွင်းရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖိုတိုဖိုးနိုင်**

## ဒီဇင်ဘာလ ၁ ရက်တွင် တောင်ဝိုင်းတောင်တက်လမ်းလျှောက်ရာသီစတင်မည်

မော်လမြိုင် နိုဝင်ဘာ ၂၅

မော်လမြိုင်မြို့ တောင်ဝိုင်းတောင် တောင်တက်လမ်းလျှောက်ရာသီကို ဒီဇင်ဘာလ ၁ ရက်တွင် စတင်မည်ဖြစ်ကြောင်း သိရသည်။

တောင်ဝိုင်းတောင် တောင်တက်လမ်းလျှောက်ရာသီကို ဒီဇင်ဘာလမှစတင်ကာ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအထိ သုံးလသတ်မှတ်ထားသည်။



တောင်တက်ရာသီအတွင်း ကျန်းမာရေးအတွက် တောင်တက်လမ်းလျှောက်ခြင်းနှင့် ဘုရားဖူးညော့်သည်တော်များ လာရောက်လည်ပတ်လေ့ရှိသည်။

တောင်တက်ချိန်ကို နေ့စဉ်နံနက် ၆ နာရီမှ ည ၆ နာရီအထိ ကန့်သတ်ထားပြီး တောင်တက်လမ်းအဝင်တွင် ကား၊ ဆိုင်ကယ်များ အခမဲ့အပ်နှံနိုင်ရန် ဆောင်ရွက်ပေးထားကြောင်း သိရသည်။ (၄၀၆)

▸▸ **စားအုန်းဆီမှ**

နိုဝင်ဘာလ ၂၆ ရက်မှ ဒီဇင်ဘာလ ၁ ရက်အထိ ရန်ကုန်အထိုင်ဈေးအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၇၂၈၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Pageတွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

ကမ္ဘာ့စားအုန်းဆီထုတ်လုပ်မှုအများဆုံးနိုင်ငံများဖြစ်သည့်အင်ဒိုနီးရှားနှင့်မလေးရှားနိုင်ငံတို့တွင် ၂၀၂၄ ခုနှစ် ဧပြီလမှစ၍ အယ်လ်နီညိုရာသီဥတု၏ အကျိုးသက်ရောက်မှုကြောင့် စားအုန်းဆီထွက်ရှိမှုနှင့် ထုတ်လုပ်မှုကျဆင်းလာခြင်း၊ တရုတ်နှင့်အိန္ဒိယနိုင်ငံတို့မှ စားအုန်းဆီဝယ်လိုအားပိုမိုမြင့်တက်လာခြင်း၊ အင်ဒိုနီးရှားနိုင်ငံ၏ ဇီဝဒီဇယ်ဆီအစီအစဉ်တွင် စားအုန်းဆီပါဝင်မှုအချိုးကို မြှင့်တင်သတ်မှတ်ခဲ့ခြင်း၊ ထိုင်းနိုင်ငံအစိုးရမှ စားအုန်းဆီကြမ်းတင်ပို့မှုကို ကန့်သတ်တားဆီးလိုက်ခြင်းတို့ကြောင့် ကမ္ဘာ့စားအုန်းဆီဈေးကွက်အပေါ် သက်ရောက်မှုများ ရှိလာပြီး ဈေးနှုန်းများမြင့်တက်လျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

□ **ရေနံဖုံးမှအဆက်**

စုစုပေါင်း ၁၇၂ ဒသမ ၃၄၈ တန်ကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့မှစစ်တွေမြို့သို့ ရေယာဉ်ဖြင့် ပို့ဆောင်ခဲ့သည်။

ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ၂၀၂၃ ခုနှစ် မေလ ၁၆ ရက်မှစ၍ ယနေ့အထိ တပ်မတော်စစ်ရေယာဉ်များအပါအဝင် ရေယာဉ် ၄၉ စင်းဖြင့် ဆောက်လုပ်ရေးသုံးပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ ဆေးဝါးနှင့်ကျန်းမာရေးပစ္စည်း၊ လူသုံးကုန်နှင့်စားသောက်ကုန်များပါဝင်သော ကူညီကယ်ဆယ်ရေးပစ္စည်း စုစုပေါင်း ၇၁၂၇၁ ဒသမ ၇၈တန်နှင့်ဒီဇယ် ၂၄၉၇၆၂ ဂါလန်၊ Octane 92 ၁၉၉၈၈၆ ဂါလန် ပို့ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၉˚c | / | ၃၂˚c |
| ရန်ကုန် | ၂၂˚c | / | ၃၄˚c |
| မန္တလေး | ၁၉˚c | / | ၃၂˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့်ကျိုက္ကလွန်ပွန်းစေတီတော်မြတ်ကြီးအား လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်မည်

**ဓနုဖြူ နိုဝင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ်ရှိ ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့် ကျိုက္ကလွန်ပွန်းစေတီတော်မြတ်ကြီးအား ဒသမအကြိမ် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းကို လာမည့်ဒီဇင်ဘာလတွင် ဆောင်ရွက်မည်ဖြစ်ကြောင်း ဆုတောင်းပြည့် ကျိုက္ကလွန်ပွန်း စေတီတော်မြတ်ကြီး ဘဏ္ဍာထိန်းဂေါပကအဖွဲ့မှ သိရသည်။

အဆိုပါ ကျိုက္ကလွန်ပွန်းစေတီတော်မြတ်ကြီးအား လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းကို ခုနစ်နှစ်လျှင်တစ်ကြိမ်ဆောင်ရွက်လေ့ရှိပြီး စေတီတော်မြတ်ကြီး၏စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်နှင့် လုံးပတ်တော်တို့တွင် ရွှေသင်္ကန်းတော် အရောင်မှေးမှိန်နေသည့်အတွက် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ရန် စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။


"စေတီတော်မြတ်ကြီးကို ဒသမအကြိမ် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ဖို့ ခန့်မှန်းကုန်ကျငွေ ငွေကျပ်သိန်းပေါင်း ၁၁၀၀၀ လောက်ရှိပါမယ်။ စေတီတော်ကြီးရဲ့ရန်ပုံငွေရှိတာနဲ့ ရွှေမိုက်ထုတ်ယူတာကနေ ငွေကျပ်သိန်း ၇၀၀၀ လောက်ရပါမယ်။ ကျန်တဲ့ငွေကျပ်သိန်း ၄၀၀၀ လောက်ကို အလှူရှင်တွေရဲ့လှူဒါန်းမှုနဲ့ ဆောင်ရွက်ရမှာဖြစ်ပါတယ်" ဟု ဆုတောင်းပြည့်ကျိုက္ကလွန်ပွန်းစေတီတော်မြတ်ကြီး ဘဏ္ဍာထိန်းဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသန်းမောင်ကပြောသည်။

စေတီတော်မြတ်ကြီးအား ယခုတစ်ကြိမ် လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူပူဇော်ရာတွင် ရွှေဆိုင်းပေါင်း ၃၅၇၀ ခန့် အသုံးပြုဆောင်ရွက်မည်ဖြစ်ပြီး ရွှေဆိုင်းတစ်ဆိုင်းလျှင် ငွေကျပ်သုံးသိန်းနှုန်းသတ်မှတ်ထားကာ စုစုပေါင်းကုန်ကျစရိတ်မှာ ငွေကျပ်သိန်းပေါင်း ၁၁၀၀၀ ခန့်ရှိမည်ဖြစ်သည်။

ရွှေသင်္ကန်းကပ်လှူပူဇော်ရာတွင် ပါဝင်လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် ဆုတောင်းပြည့်ကျိုက္ကလွန်ပွန်း စေတီတော်မြတ်ကြီး ဘဏ္ဍာထိန်းဂေါပကအဖွဲ့ရုံး ဖုန်း-၀၄၆-၂၅၂၁၄ နှင့် ၀၉-၇၆၇ ၁၁၁၆၂၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ဆောင်းဦး**

## မိုးလေဝသ သတင်း




| ထူးခြားသည့်ညအပူချိန်များ | |
|---|---|
| ဟားခါး | ၀ °C |
| ပြင်ဦးလွင် | ၆.၆ °C |
| တီးတိန် | ၇.၇ °C |
| နမ့်စန် (ရှမ်းပြည်တောင်ပိုင်း) | ၈.၅ °C |
| လွိုင်လင် | ၈.၉ °C |
| ဟဲဟိုး | ၉ °C |
| ပင်လောင်း | ၉.၂ °C |
| မြစ်ကြီးနား | ၉.၈ °C |
| မိုင်းယန်း | ၁၀.၈ °C |
| တောင်ကြီး | ၁၁ °C |

| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| ကော့သောင်း | (၀.၁၆)လက်မ |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၁၃ | ၂၆ |
| ရှမ်း(မြောက်) | ၁၃ | ၂၈ |
| ရှမ်း(အရှေ့) | ၁၅ | ၃၀ |
| ရှမ်း(တောင်) | ၁၀ | ၂၃ |
| ချင်း | ၄ | ၂၀ |
| စစ်ကိုင်း(အထက်) | ၁၇ | ၂၉ |
| စစ်ကိုင်း(အောက်) | ၁၇ | ၃၁ |
| နေပြည်တော် | ၁၉ | ၃၂ |
| မန္တလေး | ၁၉ | ၃၂ |
| မကွေး | ၁၇ | ၃၂ |
| ရခိုင် | ၁၆ | ၃၂ |
| ပဲခူး | ၂၀ | ၃၂ |
| ရန်ကုန် | ၂၂ | ၃၄ |
| ဧရာဝတီ | ၂၁ | ၃၄ |
| ကယား | ၁၆ | ၃၀ |
| ကရင် | ၂၂ | ၃၄ |
| မွန် | ၂၃ | ၃၄ |
| တနင်္သာရီ | ၂၂ | ၃၃ |

# ဓနုဖြူမြို့နယ်၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်ပွဲကျင်းပ

**ဓနုဖြူ နိုဝင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ် အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်းရှိ ပညာ့ဗိမာန်ခန်းမ၌ နိုဝင်ဘာလ ၂၄ ရက်က စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်ပွဲကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် ကျပန်းစကားပြောပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲများ၌ ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိသော ကျောင်းသား၊ ကျောင်းသူများကို ဧရာဝတီတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယဉ်ဆွေဝင်း၊ မအူပင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်သန္တာထွေး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၂) ဦးစိန်မောင်ဝင်း၊ မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။



ယင်းနောက် ဧရာဝတီတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယဉ်ဆွေဝင်းက စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များ ကျင်းပပေးခြင်းအားဖြင့် ကျောင်းသား၊ ကျောင်းသူများ ယခင်ကထက်ပိုမိုပြီး စာဖတ်အားကောင်းလာမည်ဟု မျှော်လင့်ကြောင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ စာပေစကားဝိုင်းတွင် ပါဝင်ဆွေးနွေးကြသော ကျောင်းသား၊ ကျောင်းသူများနှင့် စာရေးဆရာများကို တာဝန်ရှိသူများက ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

# ကျောက်ဆည်မြို့နယ် အနောက်ရွာတော်ကျေးရွာ၌ ဆောင်းနေကြာများ စတင်စိုက်ပျိုးလျက်ရှိ

**ကျောက်ဆည် နိုဝင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ်၌ ဆောင်းသီးနှံမျိုးစုံ စတင်စိုက်ပျိုးလျက်ရှိရာ အနောက်ရွာတော်ကျေးရွာ ကွင်းအမှတ် (၃၃၇) ဦးပိုင်အမှတ်(၁၄၂/၁) တောင်သူဦးညွန့်ပို၏ယာမြေ ၆ ဒသမ ၂၅ ဧကတွင် မြေပြုပြင်ပြီး ဆောင်းနေကြာများ စတင်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်းနေကြာများ စိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီသည့် ရေဆင်းမျိုး(၁)၊ ဆင်းရွှေကြာ(၂)၊ ဆင်းရွှေကြာ (၃) နေကြာမျိုးများကို သိပ္ပံနည်းကျစနစ်ဖြင့် တစ်ဧက သတ်မှတ်အပင်ရေ ဝင်ဆံ့မှုရှိစေရန် မျိုးစေ့လေးပြည် အသုံးပြုရကြောင်း၊ မစိုက်ပျိုးမီ မြေတစ်ဧကတွင် နွားချေးနှင့်မြေဆွေး နွားလှည်းခုနစ်စီးခန့်နှင့် ယူရီးယား၊ တီစူပါ၊ ပိုတက်မြေဩဇာများထည့်သွင်း၍ မြေပြုပြင်ပြီး အပင်ပေါက်သေချာစေရန် မြေအစိုဓာတ်လုံလောက်ချိန်တွင် စိုက်ပျိုးကြကြောင်း၊ အပင်သက်တမ်း ၁၅ ရက်တွင် အပင်များထူထပ်နေပါက သန်မာသည့်အပင်များကိုချန်၍ သားခွဲခြင်းများ ပြုလုပ်ပေးရပြီး ရက်ပေါင်း ၄၀ တွင် ကြားထွန်လိုက်ခြင်း၊ ပေါင်းပေါက်၍ မြေဆွခြင်းနှင့် ပေါင်းမြက်ရှင်းလင်းခြင်းများ ပြုလုပ်ပေးရကြောင်း သိရသည်။

နေကြာတစ်ဧကစိုက်ပျိုးပါက မြေပြုပြင်ခြင်း၊ မျိုးစေ့နှင့်သွင်းအားစုအတွက် စုစုပေါင်းငွေကျပ် လေးသိန်းကျော် ကုန်ကျကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# မြင်းခြံမြို့နယ် သဲဖြူဝ (မြောက်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး

**မြင်းခြံ နိုဝင်ဘာ ၂၅**


မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သဲဖြူဝ (မြောက်) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ဆောင်ရွက်ထားရှိသောလုပ်ငန်းများကို နိုဝင်ဘာလ ၂၄ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြင်းခြံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးဝင်း၊ မြင်းခြံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သက်သက်နွယ်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် သဲဖြူဝ (မြောက်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းခွင့်ပြုငွေ ငွေကျပ် ၃၈ ဒသမ ၉ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့်စာရင်းပုံစံများပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် တာဝန်ရှိသူများက သဲဖြူဝ (မြောက်)ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၃ ဦးအတွက် ငွေကျပ် ၁၈ ဒသမ ၃၂၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၅ ဦးအတွက် ငွေကျပ် ၇ ဒသမ ၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃၃ ဦးအတွက် ငွေကျပ် ၉ ဒသမ ၂၇၅ သန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦးအတွက် ငွေကျပ် ၃ ဒသမ ၈ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၉ ဦးအတွက် ငွေကျပ် ၃၈ ဒသမ ၉ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုစစ်ဆေး



**မလှိုင် နိုဝင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ဆည်တိုကျေးရွာအုပ်စု ကသစ်ကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို နိုဝင်ဘာလ ၂၅ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ကသစ်ကုန်းကျေးရွာ၌ အရှည်ပေ ၈၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၆ လက်မရှိသည့်ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ကသစ်ကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ထောက်ပံ့ငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၅၂၄၀၀၀၀ ဖြင့် ယခုနှစ် ဇူလိုင်လတတိယပတ်မှစ၍ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၉၀ ရာခိုင်နှုန်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**



# စပါးမျိုးသန့်စိုက်ပျိုးနိုင်ရေး စပါးခေါင်နှံရွေးချယ်ခြင်းဆောင်ရွက်

**နတ်မောက် နိုဝင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်၌ သီးနှံအထွက်တိုးစေရန်၊ မျိုးစေ့များ ကုန်ကျစရိတ်အနည်းဆုံးဖြစ်စေရန်အတွက် စပါးမျိုးသန့်စိုက်ပျိုးနိုင်ရေး စပါးခေါင်နှံရွေးချယ်ခြင်းကို နိုဝင်ဘာလ ၂၄ ရက် နံနက်ပိုင်းတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်းများက မြို့မကွင်းရှိ တောင်သူဦးတင်မောင်ညွန့်၏ ဆင်းသုခစပါးစိုက်ခင်း၌ ဆောင်ရွက်သည်။

နတ်မောက်မြို့နယ်၌ မိုးစပါး ၂၄၈၂၅ ဧကစိုက်ပျိုးထားပြီး မိုးစပါးစိုက်ဧရိယာအားလုံးကိုမျိုးသန့်စိုက်ပျိုးနိုင်ရေးအတွက် စပါးမျိုးကိုခေါင်နှံရွေးချယ်ရန် အသိပညာပေးလျက်ရှိသည်။

နတ်မောက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ၂၀၂၄-၂၀၂၅ ခုနှစ်မိုးစပါးစိုက်ပျိုးရာသီ၌ ခေါင်နှံမျိုးသန့်ရွေးချယ်ခြင်းဆောင်ရွက်ရာတွင် တောင်သူပညာပေးစံပြကွက်ဆင်းသုခနှင့်ရောမင်းစပါးမျိုးများဆောင်ရွက်ထားရာ ခေါင်နှံတစ်ကေလျှင် ၅၀၀ နှုန်းဖြင့် နှံ ၁၂၅၀၀ ရွေးချယ်ပြီး မျိုးသန့်ပွားနိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**လှဝင်း**

# မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ အငှမအကြိမ်ထုတ်ချေး

**ဘားအံ နိုဝင်ဘာ ၂၅**

ကရင်ပြည်နယ် ဘားအံမြို့နယ်လက္ခဏကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေအငှမအကြိမ်ထုတ်ချေးခြင်းကို နိုဝင်ဘာလ ၂၅ ရက်နံနက်ပိုင်းတွင် အဆိုပါကျေးရွာ၌ ဆောင်ရွက်သည်။

ရှေးဦးစွာ ဘားအံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးသူရလွင်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကိုကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ဘားအံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူးနှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ လက္ခဏကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦး စုစုပေါင်း အသင်းသား ၃၀ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၆၁၀ အား အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးထားကြောင်း သိရသည်။

**ကိုသက်**

## သဇင် (FM)အသံလွှင့်အစီအစဉ်

၂၆-၁၁-၂၀၂၄(အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ၀၈:၀၀ | နှလုံးသားဝယ် ဘုရားတည် |
| ၂။ | ၁၁:၅၀ | လှပကျန်းမာ |
| ၃။ | ၁၄:၅၀ | Speech On Air |
| ၄။ | ၁၆:၀၀ | တပ်မတော်စာတိုက်ခန်း |
| ၅။ | ၁၇:၀၀ | ထင်ရှားကျော်ကြားပုဂ္ဂိုလ်များ |
| ၆။ | ၂၁:၂၀ | Memory Box |

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ဆောင်းရာသီနှင့် ကလေးများ၏ကျန်းမာရေး

ဒေါက်တာလွင်သန့်

**''ဦးခေါင်းနဲ့ ခြေလက်တွေနွေးအောင် ထားသင့်ပါတယ်။ အဝတ်တွေ အထပ်ထပ်ဝတ်ပေးရုံနဲ့ မပြီးသေးပါဘူး။ ကလေးရဲ့လက်ဖျား၊ ခြေဖျားတွေ နွေးနေစေဖို့ လက်အိတ်၊ ခြေအိတ်တွေ ဝတ်ပေးထားဖို့လိုအပ်ပါတယ်။ ဒ့ါပြင် နားရွက်ဖုံးအောင် ခေါင်းစွပ်ဦးထုပ်လေးဆောင်းပေးထားဖို့လည်း လိုပါတယ်။ ဦးခေါင်းနဲ့ခြေလက်တွေနွေးနေမယ်ဆိုရင် အအေးဒဏ်ကို ပိုမိုကြာရှည်စွာ ခံနိုင်ရည်ရှိပါတယ်. . .''**

ဆောင်းရာသီမှာ တခြားရာသီဥတုထက် အအေးပိုလို့ နုနယ်တဲ့ကလေးတွေကို ပိုပြီးဂရုစိုက်သင့်ပါတယ်။ အာဟာရဓာတ်ပြည့်စုံအောင် ကျွေးသင့်ပါတယ်။ ဆောင်းရာသီမှာ ဗိုင်းရပ်စ်ပိုးနဲ့ဗက်တီးရီးယားတွေ ကူးစက်မှုလည်းခံရနိုင်တာကြောင့် ကိုယ်ခံအားကောင်းဖို့လိုအပ်ပါတယ်။ ဒါကြောင့် လတ်ဆတ်တဲ့သစ်သီးဖျော်ရည်တွေကို အိမ်မှာပြုလုပ်ပြီး တိုက်သင့်ပါတယ်။ လတ်ဆတ်တဲ့ဟင်းသီးဟင်းရွက်တွေ ထည့်ပြုတ်ထားတဲ့ ကြက်စွပ်ပြုတ်ပူပူနွေးနွေး တိုက်သင့်ပါတယ်။ နွားနို့၊ ဒိန်ချဉ် စတဲ့နို့နဲ့နို့ထွက်ပစ္စည်းတွေ ကျွေးသင့်ပါတယ်။

ရေနွေးနွေးနဲ့ ရေချိုးပေးသင့်ပါတယ်။ ရေနွေးနွေးနဲ့ရေချိုးပေးတာကြောင့် ကလေးကို နွေးထွေးသွားစေပါတယ်။ ရေကပူနေဖို့မလိုပါဘူး။ ညအိပ်ရာမဝင်ခင် ကလေးကို ရေနွေးနွေးနဲ့ ရေချိုးပေးတာကြောင့် အိပ်စက်တဲ့အခါမှာလည်း နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားစေပါတယ်။ ရေချိုးပေးတဲ့အခါ ငါးမိနစ်ထက်ပိုပြီးမကြာသင့်ပါဘူး။ ကလေးကို တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ပေးတဲ့အခါမှာလည်း ရေနွေးနွေးကိုသာ အသုံးပြုသင့်ပါတယ်။

အစိုဓာတ်ထိန်းပေးသင့်ပါတယ်။ အရေပြားတွေအတွက် အရေးကြီးတာ အစိုဓာတ်ပါပဲ။ အသားအရေနူးညံ့စိုပြည်ဖို့၊ ချောမွေ့ဖို့၊ ပျော့ပျောင်းဖို့ဆိုရင် အစိုဓာတ်ရရှိဖို့ အဓိကကျပါတယ်။ ဆောင်းရာသီမှာ လေအေးတွေကြောင့် လူကြီးတွေတောင် အသားအရေတင်းပြီး ခြောက်သွေ့နေတတ်ပါတယ်။ ကလေးတွေရဲ့ အသားအရေဆိုရင် ပိုဆိုးပါတယ်။ ကလေးရဲ့အသားအရေအစိုဓာတ်ရရှိဖို့ဆိုရင် ရေဓာတ် ၈၀ ရာခိုင်နှုန်းပါဝင်တဲ့ Lotion လိမ်းပေးသင့်ပါတယ်။

ဦးခေါင်းနဲ့ ခြေလက်တွေနွေးအောင် ထားသင့်ပါတယ်။ အဝတ်တွေ အထပ်ထပ်ဝတ်ပေးရုံနဲ့ မပြီးသေးပါဘူး။ ကလေးရဲ့လက်ဖျား၊ ခြေဖျားတွေနွေးနေစေဖို့ လက်အိတ်၊ ခြေအိတ်တွေ ဝတ်ပေးထားဖို့လိုအပ်ပါတယ်။ ဒ့ါပြင် နားရွက်ဖုံးအောင် ခေါင်းစွပ်ဦးထုပ်လေးဆောင်းပေးထားဖို့လည်း လိုပါတယ်။ ဦးခေါင်းနဲ့ခြေလက်တွေနွေးနေမယ်ဆိုရင် အအေးဒဏ်ကို ပိုမိုကြာရှည်စွာခံနိုင်ရည်ရှိပါတယ်။

အခန်းအပူချိန်ကို စစ်ဆေးသင့်ပါတယ်။ ကလေးအိပ်စက်တဲ့၊ ကစားတဲ့အခန်းရဲ့အပူချိန်ကို သတိပြုမိဖို့လိုပါတယ်။ ပြင်ပက ရာသီဥတုအရမ်းအေးနေရင် ပြင်ပလေတွေမဝင်ရောက်နိုင်အောင် ပြတင်းပေါက်တွေနဲ့ အခန်းတံခါးကို ပိတ်ထားသင့်ပါတယ်။ အခန်းတံခါးပိတ်ထားပေမယ့် အခန်းတွင်းမှာ ပိတ်လှောင်နေတာမျိုးလည်း မဖြစ်စေရပါဘူး။ အခန်းတွင်းမှာ လေဝင်လေထွက်ကောင်းကောင်းနဲ့ ကလေးသက်သောင့်သက်သာဖြစ်အောင် လေနွေးစက်သုံးပေးနိုင်ပါတယ်။

ကလေးအိပ်တဲ့အခန်းထဲမှာ ရေနွေးငွေ့စက်ဖွင့်ထားသင့်ပါတယ်။ ဒါမှ အရေပြားက အစိုဓာတ်ကိုစုပ်ယူနိုင်မှာဖြစ်ပြီး ကလေးငယ်ရဲ့အသားအရေခြောက်သွေ့မှုမဖြစ်အောင် ကာကွယ်ပြီးသားဖြစ်စေမှာဖြစ်ပါတယ်။

နှင်းခူလိုလက္ခဏာမျိုး သတိပြုသင့်ပါတယ်။ ကလေးရဲ့အရေပြားမှာ နှင်းခူလိုလက္ခဏာပြလာပြီဆိုရင် တစ်နေ့ကို နှစ်ကြိမ် အစိုဓာတ်ထိန်းခရင်မ်လိမ်းပေးဖို့ လိုအပ်နေပါပြီ။ ထပ်မဆိုးလာဖို့၊ ထပ်မဖြစ်အောင်ကာကွယ်နိုင်ဖို့နဲ့ ကလေးသက်သောင့်သက်သာဖြစ်စေဖို့ အရေပြားကို အစိုဓာတ်ထိန်းပေးတာက အကောင်းဆုံးနည်းလမ်းဖြစ်ပါတယ်။

ညင်သာစွာနှိပ်နယ်ပေးသင့်ပါတယ်။ ကလေးပုံမှန်ကြီးထွားဖွံ့ဖြိုးဖို့ဆိုရင် နေ့စဉ်ညင်ညင်သာသာနှိပ်နယ်ပေးဖို့လိုအပ်ပါတယ်။ နှိပ်နယ်ပေးတာကြောင့် ကလေးရဲ့ခန္ဓာကိုယ်တွင်းမှာ သွေးလည်ပတ်မှုကောင်းစေပြီး ခုခံအားစနစ်ကိုလည်း ကောင်းမွန်စေပါတယ်။ နှိပ်နယ်တဲ့အခါ အဆီတစ်မျိုးမျိုး လိမ်းပေးပြီးနှိပ်နယ်သင့်ပါတယ်။ ဆောင်းရာသီမှာ ကလေးကိုနှိပ်နယ်ပေးတာကြောင့် ခန္ဓာကိုယ်ကိုနွေးထွေးစေပြီး ရာသီဥတုဒဏ်ခံနိုင်ရည်ရှိစေပါတယ်။

ကျွမ်းကျင်သူနဲ့ပြသဖို့လိုပါတယ်။ ကိုယ့်ကလေးရဲ့အရေပြားက ခြောက်သွေ့နေပြီး အထိအခိုက်မခံတဲ့အရေပြားဖြစ်တယ်၊ နီရဲနေတယ်၊ ယားယံနေတယ်ဆိုရင်တော့ ဟိုက်ဒရိုကော်တီစုန်းပါတဲ့ခရင်မ်ကို လိမ်းပေးနိုင်ပါတယ်။ နှစ်ရက်ကြာတဲ့အထိ မသက်သာဘူးဆိုရင် ဆရာဝန်နဲ့ပြသဖို့လိုအပ်ပါတယ်။

ရေဓာတ်ပြည့်ဝရပါမယ်။ ဆောင်းရာသီကအေးတာကြောင့် ကလေးတွေ ရေသိပ်မသောက်ချင်တာမျိုးဖြစ်နိုင်ပါတယ်။ ကလေးတွေကို ရေသောက်ဖြစ်အောင် သတိထားပြီး တိုက်ပေးသင့်ပါတယ်။ ရေဓာတ်ပြည့်ဝနေတာကလည်း ခန္ဓာကိုယ်ကို ကျန်းမာစေတဲ့အချက်တစ်ခုပဲဖြစ်ပါတယ်။

အိပ်ရာခင်းနဲ့ ခေါင်းအုံးစွပ်တွေ မကြာခဏလျှော်ဖွပ်ပေးသင့်ပါတယ်။ အိပ်ရာခင်းနဲ့ ခေါင်းအုံးစွပ်တွေကို နှစ်ရက် တစ်ကြိမ် ဒါမှမဟုတ် အနည်းဆုံး သုံးရက် တစ်ကြိမ်လောက် လျှော်ဖွပ်ပေးသင့်ပါတယ်။ ပြီးရင် အခြောက်လှန်း၊ မီးပူတိုက်ပြီးမှ အသုံးပြုသင့်ပါတယ်။ ဒါမှ မမြင်ရတဲ့ ပိုးမွှားတွေအန္တရာယ်ကနေ ကာကွယ်နိုင်မှာဖြစ်ပါတယ်။

အိမ်ဝန်းကျင်ကို သန့်ရှင်းအောင်ထားသင့်ပါတယ်။ နေအိမ်ဝန်းကျင်နဲ့ ကလေးရဲ့အခန်းကို သေချာသပ်ရပ်နေစေဖို့အပြင် သန့်ရှင်းအောင်ထားဖို့လည်းလိုပါမယ်။ ဒါမှ ဗက်တီးရီးယား၊ မှိုနဲ့ တခြားပိုးမွှားတွေ အန္တရာယ်ကနေ ကာကွယ်နိုင်မှာဖြစ်ပါတယ်။

ကလေးကို လူထူ၊ ဖုန်ထူတဲ့နေရာတွေ ခေါ်မသွားသင့်ပါဘူး။ လူတွေထူထပ်လေ ရောဂါပိုးပိုများလေ ကလေးရောဂါပိုရလေပဲဖြစ်ပါတယ်။ ကလေးကို ဈေးဝယ်စင်တာတွေ၊ ရုပ်ရှင်ရုံနဲ့ တခြားလူထူထပ်တဲ့နေရာတွေ ခေါ်မသွားသင့်ပါဘူး။

တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုစိုက်သင့်ပါတယ်။ ကလေးတိုက်တဲ့ကိုယ်တိုက်ဆပ်ပြာသုံးပေးသင့်ပါတယ်။ ဒါမှ မမြင်ရတဲ့ရောဂါပိုးတွေကနေ ကာကွယ်နိုင်မှာဖြစ်ပါတယ်။ မမြင်ရတဲ့ရောဂါပိုးတွေ အများဆုံးရှိနေနိုင်တာက လက်ချောင်းလေးတွေပဲဖြစ်ပါတယ်။ ဒါကြောင့် မလိုအပ်ဘဲ ခန္ဓာကိုယ်ထဲကို ဗက်တီးရီးယားတွေ၊ ဗိုင်းရပ်စ်တွေမဝင်ရောက်စေဖို့ လက်ကို ဆပ်ပြာနဲ့သန့်စင်ဆေးကြောပေးသင့်ပါတယ်။ ရေမရှိနိုင်တဲ့နေရာတွေသွားရင် လက်သန့်ဆေးရည်ယူဆောင်သွားသင့်ပါတယ်။

ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ပေးသင့်ပါတယ်။ ကလေးလည်း ဆော့ကစားချင်ပါတယ်။ ဒါကြောင့် မူကြိုပို့သင့်တဲ့အရွယ် မူကြိုပို့ပြီး ဆော့ကစားစေသင့်ပါတယ်။ သတိပြုသင့်တာက ကလေးကို သူ့အရွယ်နဲ့သူကာကွယ်ဆေးအားလုံး ထိုးနှံထားသင့်ပါတယ်။ ကလေးအသက်နှစ်လ၊ လေးလ၊ ခြောက်လမှာ ဆေးငါးမျိုးပါကာကွယ်ဆေး (ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်ဘီ၊ ဦးနှောက်အမြှေးရောင်)ထိုးနှံပြီး ပါးစပ်ကနေ ပိုလီယိုအစက်ချစေသင့်တယ်။

အသက်နှစ်လမှာ အဆုတ်တီဘီကာကွယ်ဆေး (BCG) ထိုးနှံသင့်ပါတယ်။ ကလေးအသက်ကိုးလနဲ့ ၁၈ လမှာ ဝက်သက်ကာကွယ်ဆေးထိုးနှံသင့်ပါတယ်။ အသက် ၅-၁၄ နှစ်အတွင်း ဝက်သက်နဲ့ ဂျိုက်သိုးကာကွယ်ဆေးထိုးနှံသင့်ပါတယ်။ အသက်ငါးလမှာ အသက်ရှူလမ်းကြောင်းရောဂါကာကွယ်ဆေးထိုးနှံတာနဲ့ ရိုတာဗိုင်းရပ်(Rota virus) ကာကွယ်ဆေးတိုက်ကျွေးပေးသင့်ပါတယ်။ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အသက် ၅-၁၈ နှစ်အရွယ်မှာနှစ်ကြိမ်၊ ထပ်ဆင့်မြှင့်ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပေးသင့်ပါတယ်။ အသက် ၈-၁၂ နှစ်အတွင်း အမျိုးသမီးငယ်တွေ သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပေးသင့်ပါတယ်။ နှစ်စဉ်မိုးဦးရာသီမရောက်ခင် မေလလယ်မှာ တုပ်ကွေးကာကွယ်ဆေးထိုးနှံထားသင့်ပါတယ်။ ။

# ဧရာတ်ကောင်းမြို့၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မြေပဲ ၃၁၁၂ ဧက လျာထားစိုက်ပျိုးမည်



ဧရုတ်ကောင်း နိုဝင်ဘာ ၂၅

ဧရာဝတီတိုင်းဒေသကြီး ငပုတော မြို့နယ် ဧရုတ်ကောင်းမြို့၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မြေပဲ ၃၁၁၂ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းဝင်း၏ပြောဆိုချက်အရ သိရသည်။

ဧရုတ်ကောင်းမြို့၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မြေပဲ ၃၁၁၂ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ပြီး ပြည်သူများ ဆီစားသုံးမှုဖူလုံစေရန်၊ ဘေးကင်းလုံခြုံသည့်ဆီများစားသုံးနိုင်ရန်၊ နိုင်ငံတော်၏ စားသုံးဆီလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်စိုက်ပျိုးခြင်းဖြစ်ကြောင်း သိရသည်။

''ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြေပဲ ၃၁၁၂ ဧက လျာထားစိုက်ပျိုးမှာဖြစ်ပါတယ်။ လျာထားချက်ပြည့်မီဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်းစိုက်ပျိုးမှာဖြစ်ပါတယ်။ မြေပဲလျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဒေသခံတောင်သူတွေနဲ့ စိုက်ပျိုးရေးဦးစီးဌာနတို့ကြိုတင်တွေ့ဆုံဆွေးနွေးဆောင်ရွက်ပြီးဖြစ်ပါတယ်'' ဟု ဦးဆန်းဝင်းကပြောသည်။

ဧရုတ်ကောင်းမြို့၌ မြေပဲစိုက်ပျိုးနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြေဆီလွှာပြုပြင်ရေးနည်းစနစ်များ၊ မြေပဲမျိုးစေ့ရွေးချယ်မှုမှန်ကန်စေရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ ပိုးသတ်ဆေးနှင့် အာဟာရဓာတ်ရရှိစေရန် ပိုးသတ်ဆေးသုံးစွဲမှုနည်းစနစ်များ မှန်ကန်စေရေး၊ အပင်အားဆေးနှင့် ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး စသည့်လုပ်ငန်းများကို ကြိုတင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သုတကျော်

# ကျန်းမာရေးအသိပညာပေးဟောပြောပွဲ ကျင်းပ



သာစည် နိုဝင်ဘာ ၂၅

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကြက်မောက်ကျေးရွာအုပ်စု ကြက်မောက်ကျေးရွာဓမ္မာရုံ၌ ကျန်းမာရေးအသိပညာပေးဟောပြောပွဲ အခမ်းအနားကို နိုဝင်ဘာလ ၂၅ ရက်နံနက်ပိုင်းတွင် ကျင်းပသည်။

အခမ်းအနားတွင်သာစည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြသက်ဝင်းက အမှာစကားပြောကြားပြီး ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်က ကျန်းမာရေးအသိပညာပေးဟောပြောပွဲ ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သာစည်မြို့နယ် ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ နည်းပြများက ကျန်းမာရေးအသိပညာအကြောင်းအရာများ၊ အမျိုးသမီးများအိမ်တွင်းအကြမ်းဖက်မှုပပျောက်ရေး၊ အမျိုးသမီးများစွမ်းဆောင်ရည်မြင့်မားရေးနှင့် ကျားမတန်းတူညီမျှမှုရှိစေရေး စသည့်ခေါင်းစဉ်များဖြင့် အသီးသီးဟောပြောဆွေးနွေးကြသည်။

အဆိုပါဟောပြောပွဲသို့ကြက်မောက်ကျေးရွာမှ ဒေသခံပြည်သူများတက်ရောက်ကြပြီး ကျန်းမာရေးအသိပညာပေး ဟောပြောပွဲကာလတစ်ရက်တာ ဖွင့်လှစ်ပို့ချပေးကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# မျိုးချစ်စိတ်ထား ပြစို့လား

* စစ်မှုထမ်းဖို့ခိုင်ဌာန်ရည်
လူငယ်တိုင်းကိုယ်စီ။

* တိုင်းပြည်အကျိုးသယ်ပိုးရေး
ရှေးရှုပါစို့လေး။

* ပြည်ဖျက်ဘေးရန်အဖြာဖြာ
ချုပ်ငြိမ်းပပျောက်ရာ။

* ကာကွယ်တိုက်ဖျက်ရပ်တည်ထား
တပ်မတော်ကြီးအား။

* အင်အားပိုမိုတောင့်တင်းရာ
ပါဝင်အားဖြည့်ကာ။

* ပြည်သာယာ၍အေးချမ်းလျက်
တိုးတက်စေရေးတွက်။

* ဆောင်ရွက်စီမံမှုများတွင်
ဆတက်ထမ်းပိုးအောင်မြင်။

* ရှိစေချင်သည့်မြတ်စိတ်ဓာတ်
ပွားများကာမပြတ်။

* တပ်မတော်သို့ဝင်ရောက်ခါ
စစ်မှုထမ်းကြကာ။

* တို့များရင်မှာရှိကာထား
နိုင်ငံလူမျိုးချစ်စိတ်အား။
ပြသကြစို့လား။ ။

**အင်ကြင်းသူ(နေပြည်တော်)**

# ဟတ်လီကျေးရွာ၌ ကုန်ထုတ်လမ်း တံတားဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

လဲချား နိုဝင်ဘာ ၂၅

ရှမ်းပြည်နယ်(တောင်ပိုင်း)လဲချားမြို့နယ် ဟတ်လီကျေးရွာ၌ ကုန်ထုတ်လမ်း၊ တံတားဖောက်လုပ်နေမှုအခြေအနေများကို နိုဝင်ဘာလ ၂၅ ရက်နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးထွန်းထွန်းနှင့် ဝန်ထမ်းများက ကုမ္ပဏီမှတာဝန်ရှိသူများ၊ ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ဟတ်လီကျေးရွာ၌ကုန်ထုတ်လမ်းဖောက်လုပ်နေမှု၊ အဆိုပါကုန်ထုတ်လမ်းပေါ်တွင် Box Culvert တစ်စင်းနှင့် Pipe Culvert နှစ်စင်း တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများကိုသတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါကုန်ထုတ်လမ်းသည် အရှည် ၆ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ထု ၉ လက်မရှိပြီး Box Culvert တစ်စင်းနှင့် Pipe Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်နယ်အစိုးရမှ ခွင့်ပြုငွေကျပ် ၅၆ ဒသမ ၇၉၁ သန်း အသုံးပြု၍ ဩဂုတ်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာခိုင်နှုန်း ၆၀ ခန့်ပြီးစီးနေပြီဖြစ်ကြောင်းသိရသည်။

**မင်းမြင့်မိုရ်**



# ပြည်မြို့နယ်ရှိ ကျေးရွာနှစ်ရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီး

ပြည် နိုဝင်ဘာ ၂၅

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ချဉ်ဂုတ်ကုန်းကျေးရွာနှင့် ဇီးအုပ်ကျေးရွာတို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို တာဝန်ရှိသူများက နိုဝင်ဘာလ ၂၅ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပြည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးဌေးဇော်နှင့် ဝန်ထမ်းများက သက်ဆိုင်ရာ ကျေးရွာကော်မတီဝင်များနှင့်အတူ ချဉ်ဂုတ်ကုန်းကျေးရွာနှင့် ဇီးအုပ်ကျေးရွာတို့၌ ကျေးရွာတွင်းလမ်းမြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးနေမှုအခြေအနေများနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာဆောင်ရွက်ပြီးသည့် ကျေးရွာတွင်းလမ်းနှင့် ရေသန့်စင်စက်အား အကျိုးရှိစွာအသုံးပြုကြရန် ရေရှည်အသုံးပြုနိုင်ရေးသက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန်မှာကြားသည်။

ပြည်မြို့နယ် ချဉ်ဂုတ်ကုန်းကျေးရွာ၌ အရှည်ပေ ၁၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၉ လက်မရှိသော ကျေးရွာတွင်းလမ်းမြေနီကျောက်စရစ်ခင်းခြင်းနှင့် တစ်နာရီရေသန့် ဂါလန် ၂၀၀ ကျော်ထွက်ရှိသည့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရရှိငွေမှသုံးစွဲခွင့်ရှိသောငွေကျပ်ကိုးသန်းဖြင့်လည်းကောင်း၊ ဇီးအုပ်ကျေးရွာ၌ အရှည်ပေ ၂၅၆၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၆ လက်မရှိသော ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းနှင့် တစ်နာရီရေသန့်ဂါလန် ၂၀၀ ကျော်ထွက်ရှိသည့်ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရရှိငွေမှသုံးစွဲခွင့်ရှိသောငွေကျပ် ၁၀ သန်းဖြင့်လည်းကောင်း ပြည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာကူညီဆောင်ရွက်ပေးမှုဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် စက်တင်ဘာလတတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ရာ ယခုအခါလုပ်ငန်းများအားလုံးရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုကြောင့် ချဉ်ဂုတ်ကုန်းကျေးရွာနှင့် ဇီးအုပ်ကျေးရွာတို့မှ ပြည်သူများ သွားလာရေးလွယ်ကူနေပြီဖြစ်ကြောင်း သိရသည်။

**ချိုလေး**

# မြစိမ်းရောင်ကျေးရွာစီမံကိန်း ချေးငွေများ ပြန်လည်ထုတ်ချေး

ပခုက္ကူ နိုဝင်ဘာ ၂၅

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ရှားပင်ကိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (၁၁) ကြိမ်မြောက် ချေးငွေများ ပြန်လည်ထုတ်ချေးခြင်းကို နိုဝင်ဘာလ ၂၅ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်သည်။

ရေးဦးစွာ ပခုက္ကူမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက ကျေးရွာမြစိမ်းရောင်လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ ကျေးလက်နေပြည်သူများအလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပခုက္ကူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံဝန်ထမ်း၏ ကြီးကြပ်မှုဖြင့် ကျေးရွာမြစိမ်းရောင်လုပ်ငန်းအဖွဲ့ဝင်များက ရှားပင်ကိုင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၈ ဦးကို ငွေကျပ် ၃၂ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၇ ဦးကို ငွေကျပ်၁၀ ဒသမ ၇ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူသုံးဦးကိုငွေကျပ် ၁ ဒသမ ၄ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးကိုငွေကျပ် ၃ ဒသမ ၆သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၀၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၇ ဒသမ ၇ သန်းကို သက်သာသောအတိုးနှုန်းဖြင့် တစ်ဦးချင်းစီ၏ လက်ဝယ်အရောက်ထုတ်ချေးပေးကြောင်း သိရသည်။

**ကိုနိုင်(ကျေးလက်)**

# ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသ၌ ရုံးပိတ်ရက်ကာလအတွင်း ပြည်တွင်းခရီးသွားဧည့်သည် လာရောက်လည်ပတ်မှုများပြား



ညောင်ဦး နိုဝင်ဘာ ၂၅

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်ရှိ ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသ၌ ရုံးပိတ်ရက်ကာလ အတွင်း ပြည်တွင်းခရီးသွားဧည့်သည်များ လာရောက်လည်ပတ်မှုများပြားကြောင်း လောကနန္ဒာ စွယ်တော်မြတ်စေတီတော် ဂေါပကအဖွဲ့မှ သိရသည်။

ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသသို့ ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်ကာလ အတွင်း သမိုင်းဝင်ဘုရားစေတီပုထိုးများ ဖြစ်သော မဟာဝှက်ပစ်တောင်စေတီ၊ ထီးလိုမင်းလိုဘုရား၊ အာနန္ဒာဘုရား၊ မဟာဗောဓိဘုရား၊ ဗူးဘုရား၊ ကန်တော့ပလ္လင်ဘုရား၊ ခေမင်္ဂဘုရားဝင်း၊ ရွှေလိပ်တူးဘုရား၊ သဗ္ဗညုဘုရား၊ ငကျွဲနားငွှေ်င်းဘုရား၊ ပုထိုးသားများဘုရား၊ ဆင်များရှင်ဘုရား၊ မနူဟာဘုရား၊ ဓမ္မရာဇကဘုရား၊ ရှင်အဇ္ဇဂေါဏဘုရား၊ ဓမ္မရံကြီးနှင့် စူဠာမဏိဘုရားများတွင် လာရောက်လည်ပတ်သည့် ပြည်တွင်းခရီးသွားဧည့်သည် ၈၀၀၀၀ ကျော်အထိရှိကြောင်း သိရသည်။

ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသသည် ပြည်တွင်း ပြည်ပခရီးသွားဧည့်သည် အများအပြား လာရောက်လေ့ရှိသည့် ဒေသဖြစ်ပြီး သီတင်းကျွတ်ရုံးပိတ်ရက်၊ တန်ဆောင်တိုင်ရုံးပိတ်ရက်၊ ဒီဇင်ဘာ ခရစ္စမတ်ရုံးပိတ်ရက်နှင့် ကျောင်းပိတ်ရက်များတွင် ပိုမိုစည်ကားလျက်ရှိကြောင်း သိရသည်။

ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသ၌ အလွန်ရှေးကျပြီး ပကတိအတိုင်းရှိနေသေးသည့် ဘုရား၊ ပုထိုး၊ သာသနိက အဆောက်အအုံများ၊ အုတ်ရိုး၊ နန်းမြို့ရိုး၊ အုတ်ပုံများနှင့် ရှေးဟောင်းအမွေအနှစ်များစွာတည်ရှိသည့်အတွက် ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်များကို ဆွဲဆောင်နိုင်ကြောင်း သိရသည်။

**ဒီပါလင်း**

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလရက် ၂၀ အတွင်း ကဏန်းပျော့ပိဿာ ၄၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့

ဖျာပုံ နိုဝင်ဘာ ၂၅

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလရက် ၂၀ အတွင်း ဒေသထွက် မွေးမြူရေးကဏန်းပျော့ပိဿာ ၄၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်စုခိုင်၏ ပြောပြချက်အရ သိရသည်။

ဖျာပုံမြို့နယ်မှဒေသထွက်ကဏန်းပျော့များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး နိုဝင်ဘာလ ၁ ရက်မှ ၂၀ ရက်အတွင်း သန့်စင်ပြီး ကဏန်းပျော့ပိဿာ ၄၅၀၀၀ အထိတင်ပို့ရောင်းချနိုင်ခဲ့သည်။

''ဒီဘက်ကထွက်ရှိတဲ့ ကဏန်းပျော့တွေကို ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချနေတာဖြစ်ပါတယ်။ ဒီနှစ် ပြည်တွင်းဈေးကွက်မှာကို အရောင်းအဝယ်ပြန်သွက်လာပြီး ရန်ကုန်ဈေးကွက်က အဝယ်လိုက်လာတာပါ။ လက်ရှိ ရန်ကုန်ဈေးကွက်ကနေတစ်ဆင့် ကဏန်းပျော့တွေကို ပြည်ပနိုင်ငံတွေကို ပြန်လည်တင်ပို့လာတာကြောင့်လည်း အဝယ်လိုက်လာတာပါ။ ဒီဘက်ဒေသမှာ ကဏန်းပျော့မွေးမြူရေးလုပ်ငန်းကို အခုလိုရာသီမှာ အများဆုံးမွေးမြူကြပါတယ်''ဟု ဒေါ်စုခိုင်ကပြောသည်။

ဖျာပုံမြို့နယ်မှ တင်ပို့ရောင်းချသည့် ကဏန်းပျော့များကို ရန်ကုန်ဈေးကွက်မှတစ်ဆင့် ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့သို့ တင်ပို့ရောင်းချနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ညောင်ဦးမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ်နည်း ဇာတ်တိုက်သရုပ်ပြ

ညောင်ဦး နိုဝင်ဘာ ၂၅

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် မီးသတ်ဦးစီးဌာနမှ ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်၍ မီးလောင်မှုနှင့်မီးလန့်မှုများ လျော့နည်းကျဆင်းစေရေးအတွက် နိုဝင်ဘာလ ၂၄ ရက်က ညောင်ဦးမြို့နယ် အမှတ်(၇) ဝက်ကြီးအင်းရပ်ကွက်ရှိ နှင်းဆီဟိုတယ်သို့ သွားရောက်ပြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်နည်း ဇာတ်တိုက်သရုပ်ပြ လေ့ကျင့်ခြင်းများ ကွင်းဆင်းဆောင်ရွက်ကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ညောင်ဦးမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကျော်မင်းသူ ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက ညောင်ဦးခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဝန်ထမ်းများနှင့်အတူ နှင်းဆီဟိုတယ်သို့ သွားရောက်၍ ဟိုတယ်တာဝန်ခံနှင့် ဝန်ထမ်းများကိုတွေ့ဆုံကာ ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်သဖြင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အသင့်အနေအထား စီမံဆောင်ရွက်ထားရှိရေး၊ မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပေါ်စေရေးအတွက် မီးဘေးလုံခြုံရေး အထူးဂရုပြုဆောင်ရွက်ရန်နှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာအချက်များကို အသိပညာပေး ဆွေးနွေးဟောပြောသည်။

ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများပူးပေါင်းအဖွဲ့က ဟိုတယ်အတွင်း မီးဘေးလုံခြုံစိတ်ချရမှု ရှိ၊ မရှိ လိုက်လံကြည့်ရှုစစ်ဆေးပြီး သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးသဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်သရုပ်ပြခြင်း၊ မီးငြိမ်းသတ်မှုသရုပ်ပြခြင်း၊ ရေစိုအဝတ်ဖြင့် မီးငြိမ်းသတ်ခြင်းနှင့် မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်း ဇာတ်တိုက်သရုပ်ပြလေ့ကျင့်ခဲ့ရာ ဟိုတယ်တာဝန်ခံနှင့် ဝန်ထမ်းများက စိတ်ပါဝင်စားစွာ ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။**ရဲဝင်းနိုင်(ညောင်ဦး)**

# တာမွေမြို့နယ်၌ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အခမ်းအနားကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၅

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းခရိုင် တာမွေမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှကြီးမှူး၍ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနားကို နိုဝင်ဘာလ ၂၅ ရက်တွင် တာမွေမြို့နယ် နတ်မောက်ရပ်ကွက် လမ်းဆက်လမ်းရှိ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း မြတ်ပန်းသဇင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တာမွေမြို့နယ်ရှိ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသူများက ဇာတိမာန်သီချင်းသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဝင်းကဖတ်ကြားသည်။

ဆက်လက်၍ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတို့တွင် ထူးချွန်ဆုရရှိကြသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ဆုများအသီးသီးပေးအပ်ချီးမြှင့်ပြီး အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းသီဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ထို့နောက် အခမ်းအနားသို့တက်ရောက်လာကြသူများသည် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးကြသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ဌာနမှထုတ်ဝေသည့် (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အသိပညာပေးသတင်းစကားလက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**



# ၂၀၂၄ ခုနှစ် (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အခမ်းအနားများ အမြို့မြို့အနယ်နယ်၌ ကျင်းပ

## မုံရွာ



(၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ခန္တီးမြို့ အခြေခံပညာအထက်တန်းကျောင်းရှိ ကျန်စစ်သားခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ပေးပို့သော (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနားသဝဏ်လွှာအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က ဖတ်ကြားသည်။

ထို့နောက်တိုင်းဒေသကြီးဝန်ကြီးချုပ်က (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသော ကျောင်းသား၊ ကျောင်းသူများအားလည်းကောင်း၊ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက အထက်တန်းအဆင့် ကဗျာပြိုင်ပွဲတွင်ဆုရရှိကြသော ကျောင်းသား၊ ကျောင်းသူများအားလည်းကောင်း၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသော ကျောင်းသား၊ ကျောင်းသူများအားလည်းကောင်း၊ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးက အလယ်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် ဆုရရှိကြသော ကျောင်းသား၊ ကျောင်းသူများအားလည်းကောင်း၊ တိုင်းဒေသကြီး/ခရိုင်အဆင့်ဌာနဆိုင်ရာများက မူလတန်းအဆင့် ကဗျာပြိုင်ပွဲတွင် ဆုရရှိကြသူများနှင့် Grade-5/6/7 အင်္ဂလိပ်၊ သင်္ချာဘာသာရပ်များတွင်ထူးချွန်ဆုများရရှိကြသည့်ကျောင်းသား၊ ကျောင်းသူများအားလည်းကောင်း ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများအား အသီးသီးပေးအပ်ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## မန္တလေး




မန္တလေးတိုင်းဒေသကြီး ၂၀၂၄ ခုနှစ် (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်း ပန်းမျိုးတစ်ရာခန်းမ၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖတ်ကြားသည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများက အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခြေခံပညာအထက်တန်းအဆင့်နှင့်အလယ်တန်းအဆင့်တို့တွင် စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲများတွင် ဆုရကျောင်းသား၊ ကျောင်းသူများအား ဆုများချီးမြှင့်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောင်းသား၊ ကျောင်းသူများမှ ဂုဏ်ပြုသီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေး၍ ဂုဏ်ပြုငွေများချီးမြှင့်ခဲ့ကြောင်း၊ အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်ဆုရကျောင်းသား၊ ကျောင်းသူများ၏စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများနှင့် ကျောင်းသား၊ ကျောင်းသူများ ပျော်ပွဲရွှင်ပွဲကစားပွဲများတွင် ပျော်ရွှင်စွာပါဝင်ဆင်နွှဲနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ရပ်စောက်



ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်၌ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း(ရပ်စောက်) ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားသို့ပေးပို့သည့်သဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းစိုးနိုင်က ဖတ်ကြားသည်။

ယင်းနောက် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း(ဗထူး)မှ ကျောင်းသား၊ ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့်သီဆိုဂုဏ်ပြုခဲ့ကြပြီး အခမ်းအနား တက်ရောက်လာကြသူများကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များဖြန့်ဝေခဲ့ကြောင်း သိရသည်။

**မြို့နယ်ပြန်/ဆက်**

## မော်လမြိုင်

(၁၀၄)နှစ်မြောက်အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်သည်။

ရေးဦးစွာ အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "ဓာတ်မာန်"တေးသီချင်းဖြင့် အခမ်းအနားကိုဖွင့်လှစ်ခဲ့ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှပေးပို့သည့် (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ သဝဏ်လွှာကို မွန်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက ဖတ်ကြားသည်။

ထို့နောက် (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲများတွင်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းကလည်းကောင်း၊ အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့် ကဗျာပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့ကလည်းကောင်း ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်းသိရသည်။

**(၄၀၆)**



## ပြည်

၂၀၂၄ ခုနှစ် (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် တိုင်းဒေသကြီးအဆင့်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ပြည်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပဲခူးတိုင်း(အနောက်) အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများနှင့် ဆုရကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၅၀၀ ဦး တက်ရောက်သည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို ပြည်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်က ဖတ်ကြားကြောင်းသိရသည်။

**ကိုဆက်(ပြန်/ဆက်)**



# ၂၀၂၄ ခုနှစ် (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အခမ်းအနားများ အမြို့မြို့အနယ်နယ်၌ ကျင်းပ




## တောင်ကြီး

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ၂၀၂၄ ခုနှစ် (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အခမ်းအနားကို နိုဝင်ဘာလ ၂၅ ရက် နံနက် ၉ နာရီတွင် ကျင်းပသည်။

ရှေးဦးစွာ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက ဇာတိမာန်သီချင်းသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ဖတ်ကြားသည်။

ထို့နောက် (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့်တတိယဆုရရှိသူများအား ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုငွေများကိုလည်းကောင်း၊ အထက်တန်းအဆင့်ကဗျာပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများအား ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်ဦးသန်းဦးလွင်က ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုငွေများကိုလည်းကောင်းပေးအပ်ကြကြောင်းသိရသည်။

**၄၀၅၊ မောင်မောင်သန်း**

## ပွင့်ဖြူ

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့ အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ၂၀၂၄ ခုနှစ် (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခမ်းအနားကို နိုဝင်ဘာလ ၂၅ ရက် နံနက် ၉ နာရီခွဲတွင် ကျင်းပသည်။

ရှေးဦးစွာကျောင်းသား၊ကျောင်းသူများက ဇာတိမာန် တေးသီချင်းဖြင့် သီဆို၍အခမ်းအနားကို ဖွင့်လှစ်ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလင်းလင်းအောင်က ၂၀၂၄ ခုနှစ် (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

ဆက်လက်၍ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်ကျင်းပသည့်အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိခဲ့သည့် ကျောင်းသား၊ ကျောင်းသူများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ကြသည်။

ထို့နောက်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက အခမ်းအနားတက်ရောက်လာသူများကို (၁၀၄)နှစ်မြောက်အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် ထုတ်ဝေသည့် သတင်းစကားလက်ကမ်းစာစောင်များကို လိုက်လံဖြန့်ဝေပေးကြကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**



## ထားဝယ်

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း ပညာဗိမာန်ခန်းမ၌ ၂၀၂၄ ခုနှစ် (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အခမ်းအနားကို နိုဝင်ဘာလ ၂၅ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။



ရှေးဦးစွာကျောင်းသား၊ကျောင်းသူများက ဇာတိမာန်သီချင်းသီဆို၍အခမ်းအနားကို ဖွင့်လှစ်သည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြတ်ကိုက ဖတ်ကြားပြီး အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသောကျောင်းသား၊ကျောင်းသူများအား ဆုများပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေးနှင့် တိုင်းဒေသကြီးဝန်ကြီးများက အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် စာစီစာကုံးနှင့်ကဗျာပြိုင်ပွဲတွင် ဆုရရှိသောကျောင်းသား၊ကျောင်းသူများအား ဆုများအသီးသီး ပေးအပ်ကြောင်းသိရသည်။

**ကျော်ကျော်လတ်**

## ကြို့ပင်ကောက်

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့ ကြို့ပင်ကောက်အခြေခံပညာ အထက်တန်းကျောင်း၌ ၂၀၂၄ ခုနှစ် (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနားကို နိုဝင်ဘာလ ၂၅ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသည်။

ရှေးဦးစွာ ကျောင်းသား၊ ကျောင်းသူများက ဇာတိမာန်သီချင်းဖြင့်သီဆို၍အခမ်းအနားကို ဖွင့်လှစ်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို ကြို့ပင်ကောက်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးကျော်စိုးက ဖတ်ကြားသည်။

ဆက်လက်၍ အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်စာစီစာကုံး၊ ကဗျာပြိုင်ပွဲများတွင် ဆုရရှိသော အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ကျောင်းသူများအားပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များဖြန့်ဝေပေးကြောင်း သိရသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**

## မိတ္ထီလာ

မန္တလေးတိုင်းဒေသကြီးမိတ္ထီလာမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ရတနာခန်းမ၌ ၂၀၂၄ ခုနှစ် (၁၀၄)နှစ်မြောက်အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခမ်းအနားကို နိုဝင်ဘာလ ၂၅ ရက် နံနက် ၉ နာရီတွင် ကျင်းပသည်။

ရှေးဦးစွာပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ပေးပို့သော (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်သဝဏ်လွှာကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်တင်မိုးက ဖတ်ကြားသည်။

ဆက်လက်၍(၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်ပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသောကျောင်းသား၊ကျောင်းသူများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဂုဏ်ပြုဆုများပေးအပ်သည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ထုတ်ဝေသော (၁၀၄)နှစ်မြောက်အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အသိပညာပေးလက်ကမ်းစာစောင်များကို ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်နှင့်ဝန်ထမ်းများက ဖြန့်ဝေပေးကြောင်းသိရသည်။ **(ဗဝ၂)**

## ကမမောင်း

ကရင်ပြည်နယ် ကမမောင်းမြို့အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၄ ခုနှစ်(၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားကိုနိုဝင်ဘာလ ၂၅ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသည်။



ရှေးဦးစွာ ကျောင်းသား၊ကျောင်းသူများက ဇာတိမာန်သီချင်းဖြင့် အခမ်းအနားဖွင့်လှစ်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးသတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူး ဦးတင့်ဇော်က ဖတ်ကြားသည်။

ဆက်လက်၍အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်စာစီစာကုံး၊ကဗျာနှင့် ပန်းချီပြိုင်ပွဲများတွင် ဆုရရှိသောကျောင်းသား၊ကျောင်းသူများအား တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ကြကြောင်းသိရသည်။ **ကမမောင်း(ပြန်/ဆက်)**

# နိုင်ငံ့ဂုဏ်ကိုမြှင့်တင်ပေးနိုင်မည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်

**မောင်သောင်းဝင်း(တမန်ဟောင်း)**

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၉ ရက်မှ ၂၀ ရက်အထိ နေပြည်တော်၌ကျင်းပသွားမည်ဖြစ်သည်။ အမျိုးသားအားကစားပွဲတော်သည် နိုင်ငံတော်အဆင့်ဖြစ်သည်နှင့်အညီ ဖွင့်ပွဲအခမ်းအနားကို ခမ်းခမ်းနားနား ထည်ထည်ဝါဝါ ကျင်းပနိုင်ရန်နှင့် ပြိုင်ပွဲများ ကျင်းပယှဉ်ပြိုင်ရာတွင်လည်း အဆင့်အတန်းမီမီ၊ အောင်အောင်မြင်မြင်ကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင်ဝန်ကြီးဌာနအလိုက် ပြိုင်ပွဲများ၌ အားကစားနည်းခြောက်မျိုး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပြိုင်ပွဲများတွင် အားကစားနည်း ၂၃ မျိုး၊ မသန်စွမ်းအားကစားနည်း လေးမျိုးတို့ဖြင့် ကျင်းပသွားမည်ဖြစ်ပြီး အားကစားသမား စုစုပေါင်း ၆၅၀၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဟု ခန့်မှန်းထားသည်။

**အားကစားနှင့်ကျန်းမာရေး**

လူ့ဘဝတွင်ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဖြစ်သည်။ ကျန်းမာရေးသည် ဘဝတွင်များစွာအရေးပါလျက်ရှိသည်။ ကျန်းမာနေမှသာလျှင်အလုပ်လုပ်နိုင်မည်ဖြစ်သည်။ အားကစားသည် ကျန်းမာရေးကို များစွာအထောက်အကူပြုလျက်ရှိသည်။ သာဓကအနေဖြင့် နေ့စဉ်လမ်းလျှောက်ခြင်းသည် ကျန်းမာရေးကို လွန်စွာအထောက်အကူပြုသည်။ ထို့ပြင် ဘောလုံး၊ ဘော်လီဘော၊ တင်းနစ်၊ ကြက်တောင်၊ စက်ဘီးစီး၊ ဂျူဒို၊ အလေးမ၊ တိုက်ကွမ်ဒို၊ ဝူရှူး၊ လက်ဝှေ့၊ ရိုးရာလှေ၊ ပိုက်ကျော်ခြင်း၊ ဗိုဗီနမ်ကစားနည်း၊ ဘိလိယက်၊ စနူကာ၊ ပီတန်း၊ ခရစ်ကက်စသည်ဖြင့် ပြိုင်ပွဲဝင်အားကစားနည်းအားလုံးသည် ကစားသူ၏ ကျန်းမာရေးကို ပုံစံမျိုးစုံဖြင့် အထောက်အကူပြုသည်။

စာရေးသူတို့ငယ်စဉ်က မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် အရှေ့တောင်အာရှတွင် ထိပ်တန်းမှရပ်တည်နိုင်ခဲ့သည်။ ကျွန်းဆွယ်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယ အမြဲတမ်းရရှိခဲ့သည်။ ထိုစဉ်က ရုပ်မြင်သံကြားရှိသည့် ရွာဦးကျောင်းဆရာတော်ထံသွားကြည့်ရသည်။ မြန်မာဘောလုံးအသင်းအနိုင်ရရှိလျှင် အတိုင်းမသိ ပျော်ရွှင်ခဲ့ရပြီး မြန်မာဘောလုံးအသင်းရှုံးနိမ့်သည့်နေ့တွင် ထမင်းစားမဝင်သလို စာကျက်၍လည်းမရခဲ့ပေ။ ထိုစဉ်က မြန်မာ့လက်ရွေးစင်ဘောလုံးအားကစားသမားများ၏ကစားဟန်များကို လက်ရှိအချိန်ထိ အမှတ်ထင်ထင်ရှိနေသည်။

စာရေးသူသည် ငယ်စဉ်က ကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲတွင် ရှေ့တန်းညာတောင်ပံမှကစားခဲ့ဖူးသည်။ ဘောလုံးအားကစားနည်းသည်ကြံ့ခိုင်မှုအထူးလိုအပ်သည်။ ဘောလုံးထက် ဘော်လီဘောနှင့် ခြင်းလုံးကို ပိုမိုစိတ်ပါဝင်စားခဲ့သည်။ ကျောင်းကပြန်ရောက်လျှင် မိဘများကိုလိုအပ်သည်များကူညီလုပ်ကိုင်ပေးပြီး ရွာထိပ်ရှိဘော်လီဘောကွင်းသို့ အပြေးအလွှားသွားရသည်။ ဘော်လီဘောမကစားရလျှင် တစ်ခုခုလိုနေသလိုခံစားရသည်။ ထို့ပြင် ကျောင်းပိတ်ရက်များတွင်လည်း နေ့ခင်းဘက်၌ ပင်လျှင် ဘော်လီဘောပုတ်၊ ခြင်းခတ်ခဲ့သည်။ ထိုသို့အားကစားလုပ်ခဲ့သဖြင့် ကျန်းမာကြံ့ခိုင်ပြီး အရပ်လည်း ရှည်ခဲ့သည်။

ထို့ကြောင့် ငယ်စဉ်ကတည်းက မိမိနှင့်သင့်လျော်ရာကစားနည်းတစ်မျိုး သို့မဟုတ် နှစ်မျိုးလောက်ကို စိတ်ပါဝင်စားစွာ ကစားသွားသင့်ပေသည်။ မိဘများအနေဖြင့် မိမိတို့သားသမီးများကို ငယ်စဉ်ကျောင်းသားဘဝကပင် အနည်းဆုံးအားကစားနည်းတစ်မျိုး သို့မဟုတ် နှစ်မျိုးလောက်အထိ ကစားရန်အချိန်ပေးသွားသင့်သည်။ နွေရာသီကျောင်းပိတ်ရက်များသည်ကလေးများ၏ ကျန်းမာရေးအတွက် အားကစားလုပ်ကြရန် အခွင့်အလမ်းကောင်းပင်ဖြစ်သည်။

**အားပေးချီးမြှောက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင် မြန်မာအားကစားအဆင့်အတန်းတိုးတက်မြင့်မားရေး၊ နိုင်ငံတကာအဆင့်ပြိုင်ပွဲများတွင် အောင်မြင်မှုများရရှိရေးအတွက် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနကို ပြန်လည်ဖွဲ့စည်းကာ ဘက်ပေါင်းစုံမှ အားပေးမြှင့်တင်ဆောင်ရွက်ခဲ့၍ နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုများ ပြန်လည်ရရှိလာခဲ့သည်။ အထူးသဖြင့် နိုင်ငံတကာအဆင့်ပြိုင်ပွဲများတွင် ဆုတံဆိပ်များဆွတ်ခူးရရှိခဲ့သော နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများကိုလည်း ဆုကြေးငွေများ ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ခဲ့ရုံမက တစ်ချိန်က နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားဟောင်းကြီးများကိုလည်း လစဉ်ထောက်ပံ့ကြေးများ၊ ဘွဲ့ထူးဂုဏ်ထူးများ ချီးမြှင့်ပေးခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံ၌ အားကစားကဏ္ဍကို မြှင့်တင်အားပေးဆောင်ရွက်လျက်ရှိရာတွင် နှစ်အလိုက်၊ ရာသီအလိုက်၊ ကဏ္ဍအလိုက် အားကစားပြိုင်ပွဲအမျိုးမျိုးကို အဆက်မပြတ်ကျင်းပပေးလျက်ရှိသည်။ အားကစားအမျိုးအစား တစ်ခုချင်းအလိုက်ပြိုင်ပွဲ၊ ကျောင်းသားအားကစားပြိုင်ပွဲ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အားကစားပြိုင်ပွဲ၊ ဝန်ကြီးဌာနအလိုက် အားကစားပြိုင်ပွဲ၊ နိုင်ငံတကာပြိုင်ပွဲစသည်ဖြင့် အားကစားပြိုင်ပွဲများကို ပါဝင်ယှဉ်ပြိုင်ကျင်းပပေးလျက်ရှိရာ ထူးချွန်သောအားကစားသမားများ၊ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ အဆက်မပြတ်ပေါ်ထွက်ပြီး အားကစားကဏ္ဍကို မြှင့်တင်ပေးနိုင်ခဲ့သည်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်မှ ထွက်ပေါ်လာမည့်အလားအလာရှိသည့်လက်ရွေးစင်အားကစားသမားများ၊ မျိုးဆက်သစ်အားကစားသမားများကို လာမည့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပမည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာအားကစားပြိုင်ပွဲများအတွက် ရွေးချယ်သွားမည်ဖြစ်သည်။

**➲ မြန်မာနိုင်ငံ၌ အားကစားကဏ္ဍကိုမြှင့်တင်အားပေးဆောင်ရွက်လျက်ရှိရာတွင် နှစ်အလိုက်၊ ရာသီအလိုက်၊ ကဏ္ဍအလိုက် အားကစားပြိုင်ပွဲအမျိုးမျိုးကို အဆက်မပြတ်ကျင်းပပေးလျက်ရှိ. . .**

**➲ အားကစားအမျိုးအစားတစ်ခုချင်းအလိုက် ပြိုင်ပွဲ၊ ကျောင်းသားအားကစားပြိုင်ပွဲ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် အားကစားပြိုင်ပွဲ၊ ဝန်ကြီးဌာနအလိုက် အားကစားပြိုင်ပွဲ၊ နိုင်ငံတကာပြိုင်ပွဲ စသည်ဖြင့် အားကစားပြိုင်ပွဲများကို ပါဝင်ယှဉ်ပြိုင်ကျင်းပပေးလျက်ရှိရာ ထူးချွန်သော အားကစားသမားများ၊ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ အဆက်မပြတ်ပေါ်ထွက်ပြီး အားကစားကဏ္ဍကို မြှင့်တင်ပေးနိုင်ခဲ့. . .**

ထို့ကြောင့် အမှန်တကယ်အရည်အချင်းရှိသူများ၊ အားကစားနည်းအလိုက် စံနှုန်းကောင်းမွန်သူများ ထွက်ပေါ်လာရန်လိုအပ်သည်။ သို့မှသာ နိုင်ငံတကာပြိုင်ပွဲများ၌ ယှဉ်ပြိုင်သည့်အခါ အဆင့်မီမီ၊ သူတင်ကိုယ်တင်ယှဉ်ပြိုင်နိုင်ကြမည်ဖြစ်သည်။ ထို့ပြင် အမျိုးသားအားကစားပွဲတော်တွင် စွမ်းစွမ်းတမံပါဝင်ယှဉ်ပြိုင် ဆုတံဆိပ်ဆွတ်ခူးရရှိသည့် အားကစားသမားများကို ထိုက်ထိုက်တန်တန်ဆုချီးမြှင့်မည်ဖြစ်ရာ အားကစားသမားတိုင်းက မိမိတို့အားကစားနည်းအလိုက် ထူးချွန်အောင်၊ စံချိန်ကောင်းများရရှိအောင်၊ နိုင်ငံတကာအဆင့်ပြိုင်ပွဲများအထိ ယှဉ်ပြိုင်နိုင်အောင် အစွမ်းကုန်ပြင်ဆင်လေ့ကျင့်သွားသင့်သည်။

**အားကစားစိတ်ဓာတ်နှင့်ပါဝင်ယှဉ်ပြိုင်**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးတွင် တိုင်းဒေသကြီးများနှင့် ပြည်နယ်များ၊ ဝန်ကြီးဌာနများမှအားကစားနည်းအလိုက်အကောင်းဆုံးအားကစားသမားများဖြင့် ပွဲဝင်လာကြမည်ဖြစ်သည်။ အားကစားသမားများသည် ကျွမ်းကျင်မှု၊ ခွန်အား၊ သက်လုံ၊ နည်းစနစ်နှင့် စိတ်ဓာတ်တို့ကို မှတ်ကျောက်တင်ခံနိုင်သည်အထိ ပြင်ဆင်လာခဲ့မည်ဟုယုံကြည်မိသည်။ ထို့ပြင် နိုင်ငံတော်အဆင့် ကျင်းပသည့် အားကစားပွဲတော်ကြီး၏ ဂုဏ်ပုဒ်နှင့်အညီ အားကစားစိတ်ဓာတ်၊ အားကစားယဉ်ကျေးမှုကိုပါ မြင့်မြင့်မားမားမြှင့်တင်သွားရန်လိုအပ်သည်။ အမျိုးသားအားကစားပွဲတော်ကြီးတွင် အားကစားသမားတိုင်း၊ အသင်းတိုင်းက အနိုင်မခံအရှုံးမပေးစိတ်ဓာတ်ဖြင့် ရေကုန်ရေခန်း အစွမ်းကုန်ယှဉ်ပြိုင်ကြမည်ဟု ယုံကြည်မိပါသည်။

**လူငယ်များ၏ကဏ္ဍကိုမြှင့်တင်ပေး**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်အကောင်အထည်ဖော်လျက်ရှိသည့် ဦးတည်ချက် (၉)ရပ်အနက် လူမှုရေးဦးတည်ချက် (၃) ရပ်တွင် “တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး” နှင့် “နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး” တို့ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အနေဖြင့် လူငယ်နှင့်အားကစားကို အတူယှဉ်တွဲ၍မြှင့်တင်အားပေးဆောင်ရွက်လျက်ရှိသည်။ အားကစားကဏ္ဍမှတစ်ဆင့် လူငယ်လူရွယ်ပြည်သူအားလုံး ကျန်းမာကြံ့ခိုင်ရေးသာမက နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့် နိုင်ငံ့ဂုဏ်မြှင့်တင်နိုင်ရေးတို့ကိုပါ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

လူငယ်လူရွယ်များသည် တိုင်းပြည်အတွက် အဓိကစွမ်းအားစုများဖြစ်သည်။ လူငယ်များကို မြှင့်တင်ဆောင်ရွက်အားပေးခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခြင်းပင်ဖြစ်သည်။ အားကစားမြှင့်တင်ခြင်းသည်လည်း နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခြင်းပင်ဖြစ်သည်။ အလားတူ အားကစားအောင်မြင်ခြင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို ရောင်ပြန်ဟပ်စေသည်။ ထို့အတူ အားကစားကဏ္ဍတိုးတက်မြင့်မားခြင်းသည် နိုင်ငံတော်၏ဂုဏ်သိက္ခာအဆင့်အတန်းနှင့်အခြေအနေကို ထင်ဟပ်ဖော်ပြခြင်းဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လူငယ်နှင့် အားကစားကဏ္ဍမြှင့်တင်ပေးရေးကို အလေးထားဆောင်ရွက်နေသည်။

**နိုင်ငံ့ဂုဏ်ကိုမြှင့်တင်ပေးနိုင်မည့်**
**ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်**

နိုင်ငံတစ်နိုင်ငံ၏ အားကစားအောင်မြင်မှုသည် ထိုနိုင်ငံ၏ လူမှုအဆင့်အတန်းမြင့်မားမှုကို ပြသခြင်းပင်ဖြစ်သည်။ထို့ကြောင့် နိုင်ငံတိုင်းသည် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် အောင်မြင်မှု မြင့်မြင့်မားမား ရရှိနိုင်ရေးအတွက် အပြိုင်အဆိုင်ကြိုးပမ်းလျက်ရှိကြသည်။ အထူးသဖြင့် ကမ္ဘာ့ဘောလုံးပြိုင်ပွဲနှင့် ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲများလက်ခံကျင်းပခွင့်ရရှိရေးအတွက် အသည်းအသန် ကြိုးပမ်းကြခြင်းဖြစ်သည်။ ထိုသို့ ကမ္ဘာ့အဆင့်ပြိုင်ပွဲများ လက်ခံကျင်းပခွင့်ရရှိခြင်းသည် နိုင်ငံတစ်နိုင်ငံ၏ဂုဏ်သိက္ခာနှင့် အဆင့်အတန်းကို ဖော်ပြနေခြင်းဖြစ်သည်။ ထိုမှတစ်ဆင့် ကျွဲကူးရေပါဆိုသလို ခရီးသွားလုပ်ငန်းများနှင့်စီးပွားရေးလုပ်ငန်းများကိုလည်း မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

အမျိုးသားအားကစားပြိုင်ပွဲသည်အားကစားကဏ္ဍ၌ ပြိုင်ပွဲအားလုံး၏အမြုတေဖြစ်ပေသည်။ အားကစားပြိုင်ပွဲအမျိုးအစားများ၊ ပြိုင်ပွဲဝင်အားကစားသမားအရေအတွက် အများဆုံးပါဝင်ယှဉ်ပြိုင်နိုင်သဖြင့် အမျိုးသားအားကစားပြိုင်ပွဲဟု ခေါ်ဆိုခြင်းဖြစ်သည်။ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးမှတစ်ဆင့် ထူးချွန်ထက်မြက်ပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် အားကစားသမားများ ပေါ်ထွက်လာနိုင်ပြီး နိုင်ငံတော်အဆင့်၊ အာဆီယံအဆင့်၊ နိုင်ငံတကာအဆင့် အားကစားသမားများ ပေါ်ထွက်လာနိုင်သည်။

ဆိုရလျှင် အားကစားဆောင်ရွက်ခြင်းသည် မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များနှင့် အမျိုးသားရေးစရိုက်လက္ခဏာတို့ကို ရှင်သန်ထက်မြက်စေပြီး တစ်မျိုးသားလုံး၏ ကျန်းမာကြံ့ခိုင်ရေးကိုလည်း ဖြစ်ပေါ်စေနိုင်ပါသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် အားကစားကဏ္ဍမြင့်မားရေးအတွက် **နိုင်ငံ့ဂုဏ်ကိုမြှင့်တင်ပေးနိုင်မည့် ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်ကို** နိုင်ငံတော်အဆင့်ခမ်းနားထည်ဝါစွာ ကျင်းပသွားတော့မည်ဖြစ်ရာ နိုင်ငံသူနိုင်ငံသားအားလုံးအနေဖြင့် မိမိတို့ကျရာအခန်းကဏ္ဍမှ တက်ကြွစွာပါဝင်ဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၇)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ဂုဏ်ပြုကြိုဆို

နေပြည်တော် နိုဝင်ဘာ ၂၅

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၇)သို့ တက်ရောက်ရန် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့ရှိနယ်မြေခံသင်တန်းကျောင်းသို့ရောက်ရှိလာသည့် ရှမ်းပြည်နယ်အတွင်းရှိနိုင်ငံ့သားကောင်းရတနာများအား ယနေ့နံနက်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုခဲ့ကြသည်။

ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက နိုင်ငံ့သားကောင်းရတနာများအား လိုအပ်သည့် စုဖွဲ့ပြင်ဆင်မှုများ၊ အုပ်ချုပ်မှုကိစ္စများ ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးပြီး ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၇)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား တာဝန်ရှိသူများက ဂုဏ်ပြုကြိုဆိုကြစဉ်။

# ကလောနှင့် ပင်းတယဒေသ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ကွင်းဆင်းဆောင်ရွက်



နေပြည်တော် နိုဝင်ဘာ ၂၅

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် ယမန်နေ့နံနက်ပိုင်းက ကလောမြို့ Mya Yar Pin ဟိုတယ်၌ ခရိုင်အဆင့် မြို့နယ်အဆင့် ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့ (Destination Management Organization– DMO) များနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ကလောဒေသကို ခရီးသွားမြို့တော်ဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ ကလောမြို့ခရီးသွားလုပ်ငန်းပင်မစီမံကိန်း (၂၀၂၂-၂၀၂၅)ကို မဟာဗျူဟာ(၅)ချက်ဖြင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်နှင့်အညီ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်အကောင်အထည်ဖော်မှုများဖြင့် ရေးဆွဲအကောင်အထည်ဖော်လျက်ရှိရာ စီမံကိန်းအကောင်အထည်ဖော်မှုကို အထောက်အကူပြုရန် ကလောမြို့ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်ကိုကျင်းပခဲ့ကြောင်း၊ ခရီးစဉ်ဒေသစီမံခန့်ခွဲမှုအဖွဲ့ (DMO)များမှ ကိုယ်စားလှယ်များနှင့် ဒေသခံပြည်သူများအနေဖြင့် ဖိုရမ်ဆွေးနွေးမှုရလဒ်များကိုလည်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်နှင့် မိမိတို့၏ တာဝန်ကျရာအခန်းကဏ္ဍမှ တက်တက်ကြွကြွပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့ (DMO) များမှ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက ကလောဒေသရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုအခြေအနေများကို သက်ဆိုင်ရာကဏ္ဍအလိုက်ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက ဖြည့်စွက်ဆွေးနွေးကာ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် ပင်းတယမြို့ရှိ ရွှေဥမင်ဘုရားသို့သွားရောက်ဖူးမြော်ကြည်ညို၍ ဘုရားဥမင်အတွင်း လာရောက်ဖူးမြော်ကြမည့်ဘုရားဖူးဧည့်သည်များ အဆင်ပြေစွာဖူးမြော်သွားလာနိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားမှုအခြေအနေများကို လှည့်လည်ကြည့်ရှုပြီး ဘုရားဂေါပကထံ အလှူငွေများပေးအပ်လှူဒါန်းခဲ့ကြောင်းသိရသည်။

(၅၀၀)

# ရန်ကုန်တိုင်းဒေသကြီးတွင် မိုးစပါး ၄၄၂၀၀၆ ဧက ရိတ်သိမ်းပြီးဖြစ်

ရန်ကုန် နိုဝင်ဘာ ၂၅

ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ တောင်သူများသည် မိုးစပါး ၁၁၄၄၃၇၂ ဧက စိုက်ပျိုးခဲ့ပြီး ယခု နိုဝင်ဘာလ နောက်ဆုံးပတ်အထိ မိုးစပါး ၄၄၂၀၀၆ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိမြို့နယ်များ၌ ဆင်းသုခ၊ ရက် ၉၀၊ ရာကျော်၊ ရွှေဝါထွန်း စသည့်အရည်အသွေးကောင်းမွန်သော စပါးမျိုးများကို တောင်သူများ စိုက်ပျိုးကြပြီး မိုးစပါး ၁၁၁၁၈၀၂ ဧက စိုက်ပျိုးပြီးချိန်တွင် မုန်တိုင်းကြောင့် မိုးစပါးစိုက်ခင်းဧက ၇၀၀၀၀ ကျော် ရေနစ်မြုပ်ခဲ့ပြီး ၁၁၄၄၃၇၂ ဧက ပြန်လည်စိုက်ပျိုးနိုင်ခဲ့ခြင်း ဖြစ်သည်။

တိုင်းဒေသကြီးအတွင်းရှိ ရိတ်သိမ်းပြီး မိုးစပါးစိုက်ခင်းများတွင် ဆောင်းသီးနှံအနေဖြင့် မတ်ပဲ၊ ပဲတီစိမ်း၊ မြေပဲ၊ နှမ်းနှင့် နေကြာများ စိုက်ပျိုးရန် တောင်သူများ ဆောင်ရွက်လျက်ရှိပြီး မတ်ပဲနှင့် ပဲတီစိမ်း ဧက ၄၀၀၀၀၀ ကျော်၊ ဆီထွက်သီးနှံဖြစ်သော မြေပဲ၊ နှမ်းနှင့် နေကြာကို ဧက



၂၀၀၀၀ ခန့်စိုက်ပျိုးရန် လျာထားကြောင်း သိရသည်။

ထို့အတူ ဆည်ရေရရှိသော စိုက်ခင်းများတွင်နွေစပါးဧက ၂၅၀၀၀၀ ကျော်စိုက်ပျိုးရန် လျာထားကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

“မိုးစပါးစိုက်ခင်းတွေ အောင်မြင်ဖို့ တိုင်းဒေသကြီးအစိုးရနဲ့ ဌာနဆိုင်ရာတွေ ပူးပေါင်းပြီးကူညီဆောင်ရွက်ပေးခဲ့ပါတယ်။ မြန်မာနိုင်ငံဆန်စပါးအဖွဲ့ချုပ်နဲ့ အဖွဲ့အစည်းတွေက မျိုးစပါး၊ သွင်းအားစုတွေကို သီးနှံပြန်ပေါ်ပေးစနစ်နဲ့ ပံ့ပိုးဆောင်ရွက်ပေးပါတယ်။ ဒါကြောင့် မိုးစပါးအဆင်ပြေစွာ စိုက်ပျိုးရိတ်သိမ်းနိုင်တယ်။ ဆက်လက်ပြီး တောင်သူတွေ အကျိုးစီးပွားဖြစ်ထွန်းဖို့အတွက် ဆောင်းသီးနှံနဲ့ နွေစပါးမှာ သိပ္ပံနည်းကျစိုက်ပျိုးနိုင်ဖို့ အထွက်နှုန်းတိုးတက်ဖို့ ကြိုးပမ်းဆောင်ရွက်သွားမှာပါ” ဟု တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

တိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးတောင်သူများ အဆင်ပြေစေရန်အတွက် နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေဖြင့် သွင်းအားစုများ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။


**ညိမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ – ကနူး**

# ငဖဲမြို့နယ်၊ ဘုံးဘောကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားပြီး လှုံ့ဆော်ဝါဒဖြန့်ဝေလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၅

မကွေးတိုင်းဒေသကြီး၊ ငဖဲမြို့နယ်၊ ဘုံးဘောကျေးရွာကို နိုဝင်ဘာလ ၂၃ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များမှ ကျေးရွာအတွင်း ဝင်ရောက်လာပြီး နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံရေးသားပြီး အများပြည်သူအထင်အမြင်လွဲမှားစေရန် လှုံ့ဆော်ဝါဒဖြန့်ဝေနေသည်ကိုတွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ၎င်းရက်နေ့တွင် ငဖဲမြို့နယ်၊ ဘုံးဘောကျေးရွာအတွင်း အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်နေသည့် PDF အမည်ခံအကြမ်းဖက်သမားများ စုဖွဲ့ရောက်ရှိနေကြောင်း မြေပြင်သတင်းများအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေးဆောင်ရွက်ခဲ့ရာ ဘုံးဘောကျေးရွာအတွင်းမှ အကြမ်းဖက်သမားများနှင့် ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့ကြောင်း၊ ထို့နောက် အကြမ်းဖက်သမားများက ကျေးရွာအတွင်းမှ နေအိမ်များကိုမီးရှို့ပြီး ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။




တရားမဝင်ပြည်ဖျက်မီဒီယာများက နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ဒေသခံပြည်သူများ၏နေအိမ်များ မီးရှို့ဖျက်ဆီးခြင်းကို ဖုံးကွယ်ရန်အတွက် ယခုကဲ့သို့ သတင်းတု၊ သတင်းအမှားများဖြင့် လုပ်ကြံရေးသားပြီး လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

## မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် နိုဝင်ဘာ ၂၅

တနင်္သာရီတိုင်းဒေသကြီးတွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

# (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့နှင့်ဘွဲ့တံဆိပ်တော်များဆက်ကပ်ချီးမြှင့်ခြင်း မင်္ဂလာအခမ်းအနားကျင်းပ





**ရန်ကုန် နိုဝင်ဘာ ၂၅**

(၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့နှင့် ဘွဲ့တံဆိပ်တော်ဆက်ကပ်ချီးမြှင့်ခြင်းမင်္ဂလာအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်တောင်ဘက်မုခ်အနီးရှိ တပ်မတော်ဓမ္မာရုံ၌ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) (ဗဟို) ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒိမာဘိဝံသအမှူးပြုသော ဆရာတော်သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) အသင်းဥက္ကဋ္ဌ ဦးရဲထွန်း၊ ဒုတိယဥက္ကဋ္ဌများနှင့် YMBA အသင်းသားများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ တက်ရောက်လာကြသူများက အမျိုးသားအောင်ပွဲနေ့ ဩဝါဒကထာကို နာကြားကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ပေးပို့သော အမျိုးသားအောင်ပွဲနေ့သဝဏ်လွှာကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် သီရိပျံ့ချီစည်သူ ဦးစိုးသိန်းက ဖတ်ကြားသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒိမာဘိဝံသထံ ပြည်ထောင်စုဝန်ကြီး ဇေယျကျော်ထင်စည်သူ ဦးမောင်မောင်အုန်းကလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် မရှိခဏကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တသုဝဏ္ဏထံ တိုင်းဒေသကြီးဝန်ကြီးချုပ် သီရိပျံ့ချီစည်သူ ဦးစိုးသိန်းကလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် နတ်စင်တစ်ရာကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ဒေါက်တာဘဒ္ဒန္တပညာတေဇထံ တိုင်းမှူး ဇေယျကျော်ထင် ဗိုလ်ချုပ်ဇော်ဟိန်းကလည်းကောင်း လှူဖွယ်ဝတ္ထုပစ္စည်းများကိုဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ဘဒ္ဒန္တစန္ဒိမာဘိဝံသထံ အဘိဓဇအဂ္ဂမဟာမင်္ဂလဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ကိုဗုဒ္ဓဘာသာကလျာဏယုဝအသင်းဥက္ကဋ္ဌ ဦးရဲထွန်းက ဆက်ကပ်လှူဒါန်းပြီး တိုင်းဒေသကြီးဝန်ကြီးများနှင့်ဒုတိယဥက္ကဋ္ဌများ၊ တာဝန်ရှိသူများက ဘွဲ့ခံဆရာတော်ကြီးများထံ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းတို့က ဘွဲ့ရဆရာတော်တစ်ပါးနှင့် လူပုဂ္ဂိုလ်များထံ ဘွဲ့တံဆိပ်များဆက်ကပ်ချီးမြှင့်ကြပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းဥက္ကဋ္ဌ ဦးရဲထွန်းက လက်ခံရယူသည်။

ထို့နောက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းဥက္ကဋ္ဌ ဦးရဲထွန်းက အမျိုးသားအောင်ပွဲနေ့ဖြစ်ပေါ်လာပုံအကြောင်းကို ပြောကြားပြီး တာဝန်ရှိသူများက လူပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်များကို ချီးမြှင့်ကြသည်။

ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကို ၁၉၀၆ ခုနှစ်တွင်တည်ထောင်ခဲ့ပြီး အမျိုးသားအောင်ပွဲနေ့ကို တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်တွင် နှစ်စဉ်ကျင်းပခဲ့ရာ ၂၀၂၄ ခုနှစ်တွင် (၁၀၄)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း၏ လုပ်ငန်းစဉ်မှာ **"အမျိုးကိုချစ်ပါ၊ ဘာသာကို လေးစားပါ၊ သာသနာကိုချီးမြှင့်ပါ၊ ပညာကိုအားပေးပါနှင့် YMBA ၏ဆောင်ပုဒ်မှာ အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာနှင့် နိုင်ငံ့အရေးအတွက် အမြဲအသင့်ရှိနေ YMBA"** ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့်မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်/မမှန်စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့် အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များအား ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါ ယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

➩ **ကျောဖုံးမှအဆက်**

ရေမိုင် ၅၄၀ မိုင်ခန့်အကွာ ပင်လယ်ပြင်ကိုဗဟိုပြုနေသည်။ ဗဟိုချက်လေဖိအား ၁၀၀၄ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်နှုန်းခန့်ဖြစ်သည်။

မုန်တိုင်းငယ်၏လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

အဆိုပါမုန်တိုင်းငယ်သည် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း အားကောင်းသောမုန်တိုင်းငယ်(Deep Depression) အဖြစ်သို့ပိုမိုအားကောင်းလာနိုင်ကာ ထိုမှတစ်ဆင့် မြောက်-အနောက်မြောက်ဘက်သို့ရွေ့လျားနိုင်ပြီး နောက်နှစ်ရက်အတွင်း အိန္ဒိယနိုင်ငံ တမီးလ်နာဒူးကမ်းခြေ-သီရိလင်္ကာနိုင်ငံ ကမ်းခြေတို့သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

၂၅-၁၁-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန် (၁၇:၃၀ )နာရီအချိန် တိုင်းထွာချက်အရ မုန်တိုင်းငယ်လမ်းကြောင်းပြမြေပုံ




(မိုး/ဇလ)

◆ **မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲမှ**

ရှမ်းယူနိုက်တက်အသင်းသည် ပွဲ ၇၀ ဆက်ရှုံးပွဲမရှိ စံချိန်တစ်ရပ်ကိုရရှိခဲ့ကြောင်း သိရသည်။

ရှမ်းယူနိုက်တက်အသင်းသည် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၄)အဖြစ် ကစားခဲ့သည့် ရှမ်းယူနိုက်တက်အသင်းနှင့် ရတနာပုံအက်ဖ်စီအသင်းတို့ကစားခဲ့သည့်ပွဲစဉ်တွင် ရှမ်းယူနိုက်တက်အသင်းက ၂ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီးနောက် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် ပွဲ ၇၀ ဆက်ရှုံးပွဲမရှိ စံချိန်တစ်ရပ်ကို ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ၁၆ ပွဲ၊ ၂၀၂၂ ခုနှစ် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ၁၈ ပွဲ၊ ၂၀၂၃ ခုနှစ် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ၂၂ ပွဲနှင့် ယခုနှစ်ဘောလုံးရာသီတွင် ၁၄ ပွဲ ရှုံးပွဲမရှိခဲ့ဘဲ စုစုပေါင်းပွဲ ၇၀ ဆက်ရှုံးပွဲမရှိအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

နောက်ပိုင်းနှစ်များတွင် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် စိုးမိုးနေသည့် ရှမ်းယူနိုက်တက်အသင်းသည် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံအဖြစ် ရပ်တည်နေသကဲ့သို့ ပြိုင်ပွဲတွင်လည်း ငါးကြိမ်ဆက် အမှတ်ပေးချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ပြီး ယခုနှစ် ဘောလုံးရာသီတွင်လည်း ၁၄ ပွဲကစားပြီးချိန်တွင် ၁၃ ပွဲအနိုင်ရရှိခဲ့ကာ တစ်ပွဲသရေ ရမှတ် ၄၀ ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်လျက်ရှိနေပြီး ချန်ပီယံဆုကာကွယ်ပြီး ခြောက်ကြိမ်ဆက် ချန်ပီယံဆုဆွတ်ခူးနိုင်ရန်အတွက်လည်း ရေပန်းစားလျက်ရှိနေကြောင်း သိရသည်။

စည်သူအောင်

# နန်းမြို့ရိုးအနောက်ဘက် စည်ရှည်တံခါးပေါက်နှင့် မြို့ရိုးများကြံ့ခိုင်မှုရှိစေရန် ပြုပြင်ထိန်းသိမ်းမှုများဆောင်ရွက်နေမှုကို ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ကြည့်ရှုစစ်ဆေး



နေပြည်တော် နိုဝင်ဘာ ၂၅

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ ရတနာပုဏ္ဏဝရဒါဠာဓာတုစေတိယ စွယ်တော်မြတ်စေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဂေါပကအဖွဲ့ထံ အလှူငွေများပေးအပ်သည်။

ထိုသို့သွားရောက်ဖူးမြော်စဉ် ပြည်ထောင်စုဝန်ကြီးသည် စွယ်တော်မြတ်စေတီတော်ပရိဝုဏ် သန့်ရှင်းသပ်ရပ်စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများဆောင်ရွက်မှုကိုကြည့်ရှုစစ်ဆေးပြီး ဂေါပကအဖွဲ့ဝင်များအား လိုအပ်သည်များမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အမရပူရမြို့ရှိ မဟာဂန္ဓာရုံကျောင်းတိုက်သို့သွားရောက်၍ မဟာနာယကချုပ်ဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကုမာရာဘိဝံသအရှင်သူမြတ်အား ဖူးမြော်ကြည်ညိုပြီး ဆရာတော်ထံ သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူတော်ငွေများကို ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာများလျှောက်ထားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နန်းမြို့ရိုးအနောက်ဘက်စည်ရှည်တံခါးပေါက်နှင့် မြို့ရိုးများကြံ့ခိုင်မှုရှိစေရန် ပြုပြင်ထိန်းသိမ်းမှုများဆောင်ရွက်နေမှု၊ ပြာသာဒ်ကြီး၊ ပြာသာဒ်ငယ်အဆောင်များ ပြုပြင်ထိန်းသိမ်းနေမှု၊ နန်းမြို့ရိုးတောင်ဘက်နှင့် အနောက်ဘက်တို့တွင် ဆွေးမြည့်နေသည့်အုတ်များ ပြုပြင်ဆောင်ရွက်နေမှု၊ စည်ရှည်တံတားအား မူလပုံသဏ္ဌာန်မပျက်ပြန်လည်တည်ဆောက်နေမှုတို့ကိုလည်းကောင်း၊ မဟာအတုလဝေယံ (အတုမရှိ) ကျောင်းတော်ကြီးနှင့် ရွှေနန်းတော်ကျောင်း(ရွှေကျောင်း)တို့ကို စနစ်တကျရေးမူမပျက် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်နေမှုအခြေအနေကိုလည်းကောင်း၊ အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက်ရှိ မဟာသကျမာရဇိန်ကျောက်တော်ကြီးဘုရားရှိ သုဓမ္မာဇရပ်များအပါအဝင် သာသနိကအဆောက်အအုံများရေရှည်တည်တံ့ခိုင်မြဲရေးပြုပြင်ထိန်းသိမ်းဆောင်ရွက်နေမှု၊ ဥပုသ်တော်ရပ်ကွက်ရှိမဟာသကျမာရဇိန်ကျောက်တော်ကြီးဘုရားရှိ သုဓမ္မာဇရပ်တန်းကို ပြန်လည်ပြင်ဆင်ရန်ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယမန်နေ့က အင်းဝရှေးဟောင်းယဉ်ကျေးမှုဇုန်နယ်မြေအတွင်းရှိ မဟာဇေယျပထတံတား (ခ) ဦးအိုအုတ်လမ်း၏ ကြွင်းကျန်နေသော ပေ ၂၆၀၀ ကျော်၏ လက်ရှိပျက်စီးနေမှုကို ပြန်လည်ပြုပြင်ရမည့်အခြေအနေနှင့် ပြည်တွင်း၊ ပြည်ပခရီးသွားများ လွယ်ကူချောမွေ့စွာသွားလာနိုင်ရန် လမ်းများပြုပြင်ရမည့်အခြေအနေကိုလည်းကောင်း၊ အင်းဝမြို့ဟောင်းစည်တိုပုံမြို့ရိုး မြို့တည်နန်းတည် သတိုးမင်းဖျားမင်းရုပ်တုကိုလည်းကောင်း၊ မဟာအောင်မြေဘုံစံ အုတ်ကျောင်း(ခ)မယ်နုအုတ်ကျောင်းအား မြေဝါသုတ်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်ထားရှိမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(၅၀၀)

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်းပိုက်ကျော်ခြင်း(အမျိုးသား)ပြိုင်ပွဲ ခြေစမ်းလေ့ကျင့်ယှဉ်ပြိုင်မှုကို ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ကြည့်ရှုအားပေး






နေပြည်တော် နိုဝင်ဘာ ၂၅

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်နှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ပျဉ်းမနားမြို့ရှိ ပေါင်းလောင်း Indoor Stadium အားကစားလေ့ကျင့်ရေးစခန်း၌ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်းပိုက်ကျော်ခြင်း(အမျိုးသား)ပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်မည့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနကိုယ်စားပြုအသင်းနှင့် ရှမ်းပြည်နယ်ကိုယ်စားပြုအသင်းတို့ ခြေစမ်းလေ့ကျင့်ယှဉ်ပြိုင်မှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ဝန်ကြီးဌာနကိုယ်စားပြု အားကစားသမားများကိုတွေ့ဆုံနှုတ်ဆက်ပြီး ပြည်ထောင်စုဝန်ကြီးက မှန်ကန်သည့် အားကစားစိတ်ဓာတ်ဖြင့် အလေးအနက်ထားယှဉ်ပြိုင်ကာ ဝန်ကြီးဌာနအတွက် ထိုက်တန်သည့် အောင်နိုင်မှုဆုတံဆိပ်များကို ဆွတ်ခူးရရှိရန် ကြိုးစားကြစေလိုကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြပြီး နှစ်ဖက်အသင်းမှ အားကစားသမားများအတွက် ဂုဏ်ပြုဆုငွေများနှင့် အင်အားဖြည့်အစားအစာများ ပေးအပ်ခဲ့ကာ ပြိုင်ပွဲဝင်အားကစားသမားများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြကြောင်း သိရသည်။

(၅၀၀)

# (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး တက်ရောက်




နေပြည်တော် နိုဝင်ဘာ ၂၅

၂၀၂၄ ခုနှစ် (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း သီရိမင်္ဂလာခန်းမ၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ နေပြည်တော်ပညာရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ ခရိုင်/မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ၊ ဆရာ၊ ဆရာမများ၊ ဆုရကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြသည်။

ဦးစွာ ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက ဇာတိမာန်တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး အခမ်းအနားကိုဖွင့်လှစ်ကာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဖတ်ကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက အလယ်တန်းအဆင့်ကဗျာပြိုင်ပွဲတွင် ဆုရရှိကြသည့်ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက မြန်မာ့ကျောင်းတေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲနှင့် ပိုစတာပြိုင်ပွဲများတွင်ဆုရရှိကြသည့် ပြိုင်ပွဲဝင်စာမူများနှင့် ပိုစတာများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(၅၀၀)

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်မည့် ဝန်ကြီးဌာနကိုယ်စားပြု အမျိုးသားပိုက်ကျော်ခြင်းအသင်းနှင့် ဘောလုံးအသင်း စခန်းသွင်းလေ့ကျင့်နေမှုတို့ကို ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ကြည့်ရှုအားပေး

နေပြည်တော် နိုဝင်ဘာ ၂၅

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အတူ ယနေ့ညနေပိုင်းတွင် အောင်မြေသာစံမြို့နယ်ရွှေမန်းတောင်လူငယ်အားကစားလေ့ကျင့်ရေးကွင်း(မန္တလေး)သို့ သွားရောက်ပြီး ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် ဝန်ကြီးဌာနကိုယ်စားပြု အမျိုးသားပိုက်ကျော်ခြင်းအသင်းနှင့်ဘောလုံးအသင်းတို့မှ အားကစားသမားများအား တွေ့ဆုံအားပေးစကားပြောကြားသည်။

ထိုသို့တွေ့ဆုံရာတွင်ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနကိုယ်စားပြုအားကစားသမားများအနေဖြင့် အားကစားစိတ်ဓာတ်ဖြင့် ပါဝင်ယှဉ်ပြိုင်သွားကြရမည်ဖြစ်ကြောင်း၊ စခန်းသွင်းလေ့ကျင့်နေသည့် ကာလတွင် ဝီရိယရှေ့ထား၍ အသင်းအဖွဲ့စိတ်ဓာတ်ဖြင့် ကြိုးစားလေ့ကျင့်သွားရန် လိုအပ်ကြောင်း မှာကြားပြီး ဝန်ကြီးဌာနကိုယ်စားပြုအားကစားသမားများကို ထောက်ပံ့ပစ္စည်းများပေးအပ်ကာ ခြေစမ်းပွဲယှဉ်ပြိုင်လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးကြသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဘောလုံး၊ ပိုက်ကျော်ခြင်း၊ ဘော်လီဘော၊ ဖူဆယ်၊ ပြေးခုန်ပစ်နှင့် ဂေါက်သီးရိုက်စသည့် အားကစားနည်းခြောက်မျိုး ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ (၅၀၀)



# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်၌ ပါဝင်ယှဉ်ပြိုင်ရန်ရောက်ရှိနေကြသည့် အားကစားပြိုင်ပွဲဝင်များအား ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ဆောင်ရွက်ထားရှိမှုများကို ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၅

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်းသည် ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီး / ပြည်နယ်များမှ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်၌ ပါဝင်ယှဉ်ပြိုင်ရန် နေပြည်တော်တည်းခိုရေးစခန်းသို့ ရောက်ရှိနေသည့် အားကစားသမားများ ကျန်းမာရေးစောင့်ရှောက်မှုပေးရန်ဖွင့်လှစ်ထားသည့် ဆေးခန်းများနှင့် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ဖွင့်လှစ်ထားသည့် ဆေးခန်း၊ ကျန်းမာရေးဆပ်ကော်မတီရုံးခန်း ဖွင့်လှစ်ထားရှိမှု၊ တိုင်းရင်းဆေးခန်းဖွင့်လှစ်မည့်အခြေအနေတို့ကိုလည်းကောင်း၊ အားကစားအဖွဲ့များသန့်လေးသန့်အကြောင်း ကျန်းမာရေးအသိပညာပေးခြင်းများကိုလည်းကောင်း၊ မီးဖိုဆောင်နှင့် သက်သာအရောင်းဆိုင်တို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းပေးသည်။

အမျိုးသားအားကစားပွဲတော်၌ ကျန်းမာရေးစောင့်ရှောက်မှုပေးမည့် ဆေးအဖွဲ့များကို ကျန်းမာရေးဝန်ကြီးဌာနအပြင် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့နှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှပူးပေါင်း၍ စုဖွဲ့ထားရှိပြီး အရေးပေါ်ကုသမှုဆေးပညာအထူးကုဆရာဝန်များ၊ အရိုးအထူးကုဆရာဝန်များ၊ အကြောအဆစ် အထူးကုဆရာဝန်များပါ ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပြီး အားကစားသမားများ တားမြစ်ဆေးသုံးစွဲမှုစစ်ဆေးရေးလုပ်ငန်းများကိုလည်း စနစ်တကျဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ (၅၀၀)

○ ရှေ့ဖုံးမှအဆက်

ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း(နေပြည်တော်)မှကျောင်းသား၊ ကျောင်းသူများက "ဇာတိမာန်"သီချင်းဖြင့် ဂုဏ်ပြုသီဆိုဖွင့်လှစ်သည်။ ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ၂၀၂၄ ခုနှစ် (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားသို့ပေးပို့သည့်သဝဏ်လွှာကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ဖတ်ကြားသည်။

ထို့နောက် အမှတ်(၁၁)အခြေခံပညာအထက်တန်းကျောင်း (နေပြည်တော်)မှ ကျောင်းသား၊ ကျောင်းသူများက "မြန်မာ့ကျောင်း" သီချင်းဖြင့် ဂုဏ်ပြုသီဆိုတင်ဆက်ကြပြီး (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားကို အောင်မြင်စွာပြီးမြောက်ခဲ့ကြောင်းသိရသည်။ (၅၀၀)

# အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမားများ၏ တည်းခိုဆောင်များနှင့် နေထိုင်စားသောက်မှုများအား ဒုတိယဝန်ကြီး ဦးထိန်လင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၅

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ တည်းခိုရေးစခန်း(ရွာတော်)သို့ သွားရောက်၍ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ပြည်နယ်နှင့် တိုင်းဒေသကြီး အားကစားသမားများ တည်းခိုမည့် တည်းခိုဆောင်များ ခင်းကျင်းထားရှိမှု၊ ဆပ်ကော်မတီအလိုက် ရုံးခန်းဖွင့်လှစ်ထားရှိမှု၊ ချက်ပြုတ်ကျွေးမွေးမှုများနှင့် ချက်ပြုတ်ရေးပစ္စည်းများ သိုလှောင်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ရန်ရောက်ရှိလာသည့် ကချင်ပြည်နယ်အသင်းမှ အုပ်ချုပ်/နည်းပြများနှင့် အားကစားသမားများအား တွေ့ဆုံနှုတ်ဆက်အားပေးစကားပြောကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် စားသောက်ဆိုင်များတွင် အားကစားသမားများအတွက် နေ့စဉ်သုံးပစ္စည်းများနှင့် အဆာပြေအစားအသောက်များရောင်းချနေမှုကို လိုက်လံကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

(၅၀၀)



## ညအပူချိန်လျော့နည်းခဲ့သော စခန်းများ၏ ၂၅-၁၁-၂၀၂၄ ရက်နေ့ အနိမ့်ဆုံးအပူချိန်များ

| မြို့အမည် | ဒီဂရီဆဲလ်စီးယက် | ဒီဂရီဖာရင်ဟိုက် |
|---|---|---|
| ဟားခါးမြို့ | ၀.၀ | ၃၂.၀ |
| ပြင်ဦးလွင်မြို့ | ၆.၆ | ၄၃.၉ |
| တီးတိန်မြို့ | ၇.၇ | ၄၅.၉ |
| နမ့်စန်မြို့(ရှမ်းပြည်နယ်တောင်ပိုင်း) | ၈.၅ | ၄၇.၃ |
| လွိုင်လင်မြို့ | ၈.၉ | ၄၈.၀ |
| ဟဲဟိုးမြို့ | ၉.၀ | ၄၈.၂ |
| ပင်လောင်းမြို့ | ၉.၂ | ၄၈.၆ |
| မြစ်ကြီးနားမြို့ | ၉.၈ | ၄၉.၆ |
| မိုင်းယန်းမြို့ | ၁၀.၈ | ၅၁.၄ |

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Popa guava supplied mainly to Yangon Market

YANGON November 25

Yangon's Thirimingala Market has placed loads of orders for guavas grown in the Popa area.

Popa-produced guavas are sweeter than other varieties and juicy, making the trade increase, even if the supply has been inadequate. They are also supplied to Mawlamyine, Kyaikhto, Thaton and Myeik.

"The guava has been selling well recently, even though the supply has been inadequate. Guava fruit is available throughout the year but it is scarce sometimes. Now the season restarts and the trade is pretty good. Popa-produced guava is different from other guavas, it is sweet and juicy and good for giving as a present. It has been about 4 months the price has been high" said Ma Hayman Khin Zaw from Shwe Thon Eain Popa-produced fruits wholesale trading centre in Popa.

The increased guava trade has helped farmers in villages of Madaya Township enjoy regular income, and the guava price was also good the last dry season and farmers were happy.

In July this year, a plantation project for vegetables and seasonal fruits was introduced on farmlands and crop fields in Kyaukse Township and people who grew small-scale plantation of guava could make income.

SMK



# Winter agricultural loans being disbursed in Thongwa Township

THONGWA November 25

The Township Myanma Agricultural Development Bank is disbursing winter agricultural loans to farmers starting from November 13 this year in Thongwa Township, Thanlyin Disdtrict of Yangon Region in line with rules and regulations of the Bank. On 20 November, the bank has dispensed winter agriculture loans to farmers from Kadonpawale Village in the Thongwa Township.

On the occasion, U Win Hlaing, manager of the Township Myanma Agricultural Development Bank clarified the purpose of the loans and rules and regulations to be followed by farmers.

Afterwards, U Win Hlaing dispensed Ks- 82.6 million to 105 farmers from Kadonpawale Village at a rate of Ks-100,000 per acre for 826 green gram cultivations. In addition, the bank has also earmarked to disburse Ks- 2500.0 million of winter agricultural loans to 3,100 farmers from 64 village tracts in the Township for 25,000 acres of farmland.

SK

# More than 9,000 acres of green gram harvested in Shwebo Township

SHWEBO November 25

Local farmers have harvested 9,700 acres of green gram planted in monsoon this year in Shwebo Township of Sagaing Region, according to the statistics of Shwebo Township Agriculture Department.

Local farmers started reaping of green gram in August this year. So far, they produce 17.47 baskets of green gram per acre, and they have completed harvest of 9,700 acres.



U Hsan Oo, Head of Shwebo Township Agriculture Department unveiled: "Local authorities earmarked 11,850 acres of green gram in monsoon this year but local farmers planted 9,700 acres against the target. Now, they have harvested all sown acreage of green gram, obtaining the high yield. We have plans to educate local farmers to expand sown acreage of bean and use quality strains of crops for boosting per-acre yield of crops."

This year, officials of Township Agriculture Department shared knowledge of using agricultural techniques, quality strains of corps, prevention of pests and systematic broadcasting of fertilizer with local farmers.

Moreover, staff members of the department helped local farmers select quality strains of crops, use agricultural inputs and apply post-harvest technology.

SK

# Registration board allows permits for 4,287 pesticide types

NAY PYI TAW November 25

The Pesticide Registration Board has issued permits for 4,287 pesticides so far after its 43rd meeting, according to the Ministry of Agriculture, Livestock and Irrigation.

The Pesticide Technical Committee comprising experts from related departments issued recommendations after pesticide technology assessment and forwarded applications to the Pesticide Registration Board.

The Pesticide Registration Board held its 44th meeting on 20 November at the meeting hall of the Union Minister's office in Nay Pyi Taw and processed six types of registration for trial use, 20 types of temporary registration and 120 types of temporary use, along with the Pesticide Technical Committee.

Deputy Minister Dr Tin Htut, who is also chair of the Pesticide Registration Board, addressed permits for pesticide import, use, distribution and storage to comply with international food safety standards and assess chemical ratio and quality control as per labels of the products. He discussed the need to raise pesticide awareness campaigns for users as well.

U Zaw Lin, director of the Crop Protection Division also coordinated matters with attendees. At the 43rd meeting, 11 types of pesticides were revoked and 12 were deleted from registration.

SK

# Pyapon Township ships 65,000 bags of broken rice to Yangon

PYAPON November 25

A total of 65,000 bags of broken rice were shipped from Pyapon Township, Pyapon District, Ayeyawady Region to Yangon said Daw Aye Aye, owner of Pyapon Township's rice trading fair.

During August, only up to 50,000 bags of broken rice were transported from Pyapon Township to Yangon. It is reported that the local broken rice is being bought from the Yangon market.

"Broken rice is mainly transported and sold to Yangon from Pyapon Township by trucks. Starting from the first week of September, the demand has increased significantly. Rice trading fair owners are continuously transporting and selling broken rice. Traders are comfortable because there are no such difficulties and they can be shipped and sold conveniently," she said.

It was reported that the price of 24-basket bag of broken rice is Ks-47,500 per bag. Due to the good price and demand, the lives of traders, rice trading fair owners, cargo workers, and those who rent trucks are comfortable.

SMK

# Mawlamyinegyun Township supplies 66,000 baskets of Kyabyan paddy to Yangon market



MAWLAMYINEGYUN November 25

Local businesspersons from Mawlamyinegyun Township of Ayeyawady Region shipped 66,000 bags of Kyabyan paddy strain to Yangon market in September, said Daw Yi Yi Tun, the owner of rice and paddy commodity exchange in Mawlamyinegyun Township.

Reportedly, local businesspe rsons sent 45,000 bags of Kyabyan paddy strain to Yangon market in August, compared to 66,000 bags in September.

Daw Yi Yi Tun commented: "Mawlamyinegyun Township sells agricultural produce including paddy and rice to Yangon market. Kyabyan is included in the premium rice strains. Due to high demand from Yangon market, we sent such kind of paddy. Now, we have many clients. Within a month of September alone, Kyabyan paddy is in high demand."

Kyabyan paddy fetches Ks-2.15 million per 100 baskets in the Yangon market. Due to raising demand of paddy, local farmers and businesspersons and other persons in the production chains are grasping employment opportunities and incomes. **SMK**

# Hinthada Township ships 70,000 viss of phlomoides to Yangon market

HINTHADA November 25

Local businesspersons sent 80,000 viss of phlomoides to Yangon market in September, said Daw Aye Thein, the owner of agricultural produce trading in Hinthada Township of Ayeyawady Region.

Local businesspersons supplied 50,000 viss of phlomoides to Yangon market in August, compared to 70,000 viss in September.

Daw Aye Thein disclosed: "Local farmers and businesspersons sell phlomoides to Yangon market. In September, they sent 70,000 viss of phlomoides to Yangon market which distribute the stocks to other regions and states on wholesale and retail sale. Due to high demand, the businesspersons who stored the stock can earn increased incomes. Phlomoides is in high demand in winter and summer. At present, they trade the remaining stocks."

Local farmers grow phlomoides along the shores of sea in Hinthada Township. It needs to spray pesticides and anti-fungus to the plantations. If necessary, the patches are irrigated. Phlomoides seeds yield 17-24 baskets per acre.

**SK**

# Surging demand for tilapia fish boosts sales in Bogale Township



BOGALE November 25

The sale of tilapia fish from Bogale Township, Ayeyawady Region is good, said Daw Yee Mon, an entrepreneur selling fishery products in Bogale Township.

In the meat and fish market of Bogale Township, from the second week of September until now, the purchase of local tilapia fish has been strong and the sales are good. It is reported that 40 to 70 visses of fish per day are being traded.

"Fishery products from Bogale Township are mainly sent and sold in the Yangon market as well as the local market. Due to the good domestic consumption, there is a strong demand for tilapia fish, so the trade is good. At present, there is a lot of trading in tilapia fish. Because the fish is shipped and sold a lot, it is convenient for entrepreneurs and traders. Now, due to the good demand for fish, fish breeders are breeding more fish. The price of fish is in normal condition," she said.

**SK**

# More than 25,000 acres of pigeon pea planted in Ayadaw Township

AYADAW November 25

A total of 25,410 acres of pigeon pea has been planted in Ayadaw Township of Sagaing Region this monsoon, according to the statistics of Monywa District Agriculture Department.

In 2024-2025 monsoon, the township planned to grow 28,825 acres of pigeon pea but local farmers started cultivation of pigeon pea and so far they have planted 25,410 acres against the target cultivation.

Daw San San Myint, Head of Monywa District Agriculture Department disclosed: "Farmers have planted more than 25,000 acres of monsoon pigeon pea against the target of more than 28,000 acres. Our department helped local farmers boost per-acre yield of crops. Local farmers grow pigeon pea as mixed crop and separate crop."

This year, officials of Township Agriculture Department disseminated agricultural knowledge about selection of quality strains of crops, agricultural techniques and prevention of pests to farmers.

Officials of the township department shared techniques of making natural fertilizers and pesticides with local farmers to cut their agricultural costs. **SMK**

# Authorities approve 65 more hotels, motels and guest houses for operation in Sagaing Region

SAGAING November 25

A total of 42 hotels, motels and guest houses are operating in tourist areas in Sagaing Region, and 65 more hotels, motels and guest houses have been granted permission to operate, according to the Hotels and Tourism Supervising Department for Sagaing Region.

In the eight tourist areas in Sagaing Region, hotels, a total of 1,214 rooms from 42 hotels, motels and guest houses have been opened and it is also reported that 65 hotels, motels and guest houses with 2,177 rooms have been granted permission to operate in those areas.

"Sagaing and Mingun are the main tourist destinations for domestic and foreign tourists within Sagaing Region. In October, more than 8,500 local travellers visited Sagaing and Mingun area in the Sagaing tourism region. Similarly, more than 2,700 domestic and foreign tourists have entered the Monywa tourist area through flights. In October, more than 20,000 domestic and foreign tourists visited the entire destination," said U Myint Sein, the regional manager for Hotels and Tourism Supervising Department for Sagaing Region.

**SK**

# Iran set to hold nuclear talks with European Nations



TEHRAN November 25

In response to the International Atomic Energy Agency's (IAEA) resolution censuring Tehran for "failing to cooperate" with the nuclear watchdog, the Atomic Energy Organization of Iran (AEOI) ordered the use of advanced centrifuges on November 22 to step up the enrichment of uranium.

Iran is set to hold nuclear discussions with officials from France, Germany, and the United Kingdom on November 29.

"A range of regional and international issues, including the issues of Palestine and Lebanon, as well as the nuclear issue, will be discussed," stated Iranian Foreign Ministry spokesperson Esmaeil Baghaei.

This upcoming meeting will continue the dialogue that took place with these countries during the annual session of the United Nations General Assembly in New York last September. While the specific venue has not been confirmed, media reports suggest that Geneva is expected to host the talks.

"Tehran has always believed that the nuclear issue should be resolved through diplomacy. Iran has never left the talks," a senior Iranian official was cited by Reuters as saying.

Iranian Deputy Foreign Minister Majid Takht Ravanchi is expected to lead Tehran's delegation. These discussions come in the wake of a resolution adopted on November 21 by the 35-nation board of governors of the UN's International Atomic Energy Agency (IAEA), which criticized Iran for what it deemed a lack of cooperation.

The resolution, submitted by the United Kingdom, France, Germany, and the United States, was approved by 19 out of 35 countries. Russia, China, and Burkina Faso voted against it, while 12 countries abstained.

In response to the resolution, the Atomic Energy Organization of Iran (AEOI) announced on November 22 that it would begin using advanced centrifuges to accelerate uranium enrichment. The AEOI condemned the resolution as "politically motivated, unrealistic, and counterproductive," while affirming that technical and safety cooperation with the IAEA would continue as in the past.

**Sputnik**

# Russian air defence systems shoot down 8 ballistic missiles – MoD



MOSCOW November 25

Russian air defence forces shot down eight ballistic missiles in the past day, the Russian Defence Ministry said Monday.

"Eight ballistic missiles, six US-made JDAM air-launched bombs and 45 aircraft-type unmanned aerial vehicles were shot down," the Defence Ministry said.

Russia's Battlegroup Tsentr eliminated more than 440 Ukrainian servicepeople over the past day, the Russian Defence Ministry said.

"The enemy lost over 440 servicepeople, a tank, and two vehicles," the ministry said in a statement, adding that the group has repelled 12 counterattacks.

**Sputnik**

# Israel hits Beirut with new strikes as weekend death toll reaches 29

BEIRUT November 25

Israel launched multiple waves of airstrikes on Beirut and its southern suburbs on Sunday night, following earlier strikes that killed at least 29 people and wounded 66 others in the Lebanese capital.

The Israeli military said its warplanes conducted "intelligence-based strikes on Hezbollah command centers" in Beirut's southern suburbs, targeting areas including Haret Hreik, Burj Barajneh, and Hadath. Local television station al-Jadeed reported 12 airstrikes within half an hour.

Footage shared on social media showed massive black smoke clouds rising above Beirut's southern suburbs following Sunday's strikes, which came after Israeli army spokesperson Avichay Adraee warned residents on social media to evacuate several buildings in the area.

The strikes followed Saturday's deadly attack on an eight-story residential building in Beirut's Basta Fawka neighborhood. While Israeli media reported the strike targeted a prominent Hezbollah official, Lebanese lawmaker and Hezbollah member Amin Sherri denied any military or civilian party figures were in the building.

In response to the airstrikes, Hezbollah announced it had destroyed five Israeli Merkava tanks in southern Lebanon on Sunday, using guided missiles. The group also claimed to have launched attacks on multiple locations in northern Israel, including Kerem ben Zimra and Kfar Blum.

Since September 23, the Israeli army has intensified its air attack on Lebanon in an escalation of conflict with Hezbollah. Israel further initiated a ground operation across its northern border into Lebanon in early October.

Lebanon's Health Ministry said on Sunday that Israeli airstrikes have killed 3,754 people and injured 15,626 since the conflict began on October 8, 2023.

**Xinhua**

# Lithuanian police weigh multiple versions behind DHL plane crash-report

MOSCOW November 25

Lithuanian police are considering various versions of a DHL plane crash near the Vilnius airport, including a terrorist attack, media reported on Monday, citing Lithuanian Police Head Arunas Paulauskas.

The crash took place "most likely due to a technical fault or a human error," the police head said, adding that collecting evidence can take a week.

Paulauskas also said that two injured pilots had been rescued from the cockpit, and the body of another crew members had also been found. The plane was completely disintegrated, and the cargo has been scattered over a wide area, damaging warehouses and a car, the official added. Paulauskas also said that there were four crew members, meaning that one more person is considered missing.

A local news agency reported later in the day that the dead pilot had been of Spanish origin, the other crew members were German, Lithuanian and Spanish.

Director of the Lithuanian State Security Department Darius Jauniskis said later on Monday that there was no information to suggest that this accident had been a terrorist attack.

"We cannot rule out the possibility of it [a terrorist attack]. So far, it is impossible to put the blame on anyone, as there is not enough information available," Jauniskis said at a press conference broadcast by LRT, adding that a pre-trial investigation had begun, but it would take some time to clarify all the details.

**Sputnik**

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Fresh warning over terrifying ‘sloth fever’ as deadly virus is passed to unborn baby - with devastating consequences

Experts have issued a new warning about the dangers of terrifying 'sloth fever' after the virus passed from a pregnant woman to her unborn baby, resulting in a stillbirth.

Oropouche virus, nicknamed 'sloth fever', caused alarm earlier this year after it spread outside of its usual South American range to Spain, Italy, Germany and the US.

The virus — named after the animal it was initially spotted in — has no vaccine or specific treatment.

It is known to cause a headache, muscle aches, stiff joints, nausea, chills, sensitivity to light and vomiting.

However, it can quickly cross the blood-brain barrier and enter the central nervous system, where it can cause meningitis and, in extreme cases, kill.

It is mostly spread by biting insects but there is limited evidence it can pass through sex.

Until now, experts thought only two cases of the virus passing between mother and child had been confirmed.

Now, in further alarming evidence of the virus's potential to cause catastrophic consequences, medics have reported another case resulting in stillbirth.

Medics documented the case in the northeastern Brazilian state of Ceará, where a 40-year-old woman who at 30 weeks pregnant was infected with the oropouche virus.

The unnamed woman developed fever, chills, muscle aches, and a severe headache in July this year.

Just three days later she started to experience light vaginal bleeding as well as dark discharge from the area.


Her symptoms would continue for the next nine days and while signs initially suggested the foetus was fine subsequent scans confirmed that her baby had died during this period.

Molecular testing of samples taken from her confirmed she had been infected with the oropouche virus.

Tests of the stillborn child, a boy, found no developmental disorders but analysis revealed the presence of the virus in his



Oropouche virus, nicknamed ‘sloth fever’, caused alarm earlier this year after spreading from its usual South American range with cases being reported as far afield as Spain , Italy, Germany and the US.



Pattern of spots on the insect’s wings is a characteristic nature of midges and mosquitos that carry ‘sloth virus’.

brain, spinal fluid, lungs, liver, umbilical cord as well as the placenta.

Writing in the New England Journal of Medicine, the authors said: 'These findings emphasise the risks of oropouche virus infection in pregnancy and the need to consider this infection in pregnant women with fever or other suggestive symptoms who live in or visit regions in which the virus is endemic or emerging.'

It comes just months after over a dozen cases of oropouche virus were detected across Europe.

While nicknamed 'sloth fever', oropouche isn't spread directly by the animals themselves but instead by small biting insects like midges that can carry the disease from the sloths to other animals, including people.

Oropouche symptoms typically start four to eight days after being bitten.

Although potentially deadly, the fatal outcomes are extremely rare and recovery from the disease is common. In most cases symptoms subside within four days of onset.

Oropouche's exact impact on pregnancy is still being studied by experts. However, cases of miscarriage and increased risk of a birth defect called microcephaly —which results in babies having a very small head — have been documented before.

The virus belongs to the same family of pathogens as Zika, which is known to increase the risk of miscarriage and birth defects.

Cases of oropouche remain low in Europe, with all cases believed to be linked to people travelling to affected areas and falling ill upon their return.

However, between January and mid-July this year more than 8,000 cases have been recorded in Brazil, Bolivia, Peru, Columbia and Cuba.

Due to a high number of cases European health officials warned citizens travelling to or residing in epidemic areas about a moderate risk of infection.

They advised those in affected areas to wear insect repellent, long-sleeved shirts and long trousers to reduce the risk of bites.

Experts say the oropouche is unlikely to 'take hold' in nations with cooler climates like Britain, but it could become a problem for those travelling abroad.

Analysis of the current oropouche strain suggests it has grown to become more efficient at infecting people and this could be behind the rise in cases and in areas it hasn't been seen in before.

Climate change is thought to contribute to the rise, as habitat destruction has increased the interaction between humans and the animals that potentially carry the disease.

Oropouche was first spotted in an area of the same name in Trinidad and Tobago, back in 1955.

Five years later, during the construction of a highway, a sloth was tested and found to carrying the oropouche giving rise to its nickname.

However, multiple animals, not just sloths, are thought to be potential carriers of the virus.

Most previous outbreaks of the virus, of which there have been over 30 have been centred in the Amazon basin.

**Mail Online**

MILITARY

## ဒရုန်းများအတွက် မောင်းတုံးမဲ့သေနတ်ကို တရုတ်တီထွင်

တရုတ်သိပ္ပံပညာရှင်များက ဒရုန်းများအတွက်ရည်မှန်းပြီး လူမဲ့စစ်ဆင်ရေးနည်းပညာကိုတစ်ခေတ်ဆန်းသစ်စေမယ့် သေနတ်တစ်မျိုးကို တီထွင်ဖန်တီးလိုက်တာတွေ့ရပါတယ်။

အဲဒီသေနတ်က ၇ ဒသမ ၆၂ မီလီမီတာကျည်ဆန်ကို တစ်စက္ကန့်မှာ မီတာ ၇၄၀ မှ ၉၀၀ အထိအလျင်နဲ့ပစ်ခတ်နိုင်စေမှာဖြစ်ပါတယ်။ ဒါဟာ ကမ္ဘာကျော်သေနတ်အမျိုးအစားဖြစ်တဲ့ AK-47 ရဲ့စွမ်းဆောင်ရည်နဲ့အတူတူပါပဲ။

ဒါပေမဲ့ သူ့မှာထူးခြားချက်က သာမန်သေနတ်လိုမျိုးမဟုတ်ဘဲ မောင်းတုံးမဲ့သေနတ်အမျိုးအစားဖြစ်နေတာဖြစ်ပါတယ်။ ဒါကြောင့် သူ့ကိုပစ်ခတ်ရာမှာ တကယ့်ကိုပေါ့ပါးနေတာတွေ့ရပါတယ်။

သာမန်အားဖြင့်ဆိုရင် ဒရုန်းတွေမှာ ဗုံးသီးတွေကိုချိတ်ဆွဲဖြုတ်ချတာမျိုးတွေပဲလုပ်နိုင်ပါတယ်။ အဆင့်မြှင့်တင်ထားတဲ့ဒရုန်းတွေတောင်မှ မောင်းကန်အားရှိတဲ့သေနတ်တွေရဲ့ ပစ်ခတ်မှုအားကို မခံနိုင်ပါဘူး။

ဒီလိုမျိုးဆန်းသစ်ထားတဲ့သေနတ်ကို ဒရုန်းများမှာသာမက လက်ရှိခေတ်စားနေတဲ့စက်ရုပ်ခွေးများမှာလည်း တပ်ဆင်အသုံးပြုနိုင်မှာဖြစ်တာကြောင့် မောင်းတုံးကန်အားပြင်းထန်တဲ့ သမားရိုးကျသေနတ်တွေထက်တော့ ပေါ့ပါးစွာပစ်ခတ်နိုင်မှာအသေအချာပါပဲ။

**Ref: IE**

**K.H**





## စစ်မြေပြင်များသို့ ကြိုးမဲ့စွမ်းအင်ပေးနိုင်ရန် အမေရိကန်ကြည်းတပ်စီစဉ်

အမေရိကန်ကြည်းတပ်က စစ်မြေပြင်နေရာတွေကို ကြိုးမဲ့လျှပ်စစ်စွမ်းအင်ပေးနိုင်ဖို့အတွက် တီထွင်ဆန်းသစ်မှုတွေလုပ်ဖို့ ရေးသီယွန်ကုမ္ပဏီကို ကန်ထရိုက်ပေးလိုက်ပါတယ်။

အဲဒီကန်ထရိုက်စာချုပ်အရဆိုရင် ရေးသီယွန်ကုမ္ပဏီက စစ်မြေပြင်တစ်လွှား၊ ထောက်ပံ့ပို့ဆောင်ရေးစခန်းများ၊ အမေရိကန်စစ်သည်များအတွက် လုံခြုံစိတ်ချမှုရှိတဲ့နေရာများအထိ လျှပ်စစ်လှိုင်းတန်းများနဲ့ စွမ်းအင်ပေးပို့နိုင်စေဖို့ လုပ်ဆောင်ရမှာပါ။

လက်ရှိမှာဆိုရင် အမေရိကန်စစ်သည်တွေက ရှေ့တန်းစခန်းများ၊ စစ်မြေပြင်များအတွက် လျှပ်စစ်စွမ်းအင်များကိုရရှိနိုင်စေဖို့ မီးစက်များ၊ စက်သုံးဆီများနဲ့ ဘက်ထရီများကိုသယ်ဆောင်သွားရတာတွေရှိပါတယ်။ ဒါကြောင့် အမေရိကန်ကြည်းတပ်က ဒီလိုဒုက္ခတွေကိုကျော်လွှားနိုင်စေဖို့အတွက် အခုလိုမျိုးစီစဉ်ရတာပါ။

ဘယ်လို အမေရိကန်တပ်ဖွဲ့မဆိုများပြားလှတဲ့စားနပ်ရိက္ခာ၊ ခဲယမ်းများ၊ ကင်းထောက်စွမ်းရည်၊ တိုက်ခိုက်ရေးစွမ်းရည်များအပေါ် မှီခိုနေရတာပါ။ ဒါကြောင့် သူတို့ရဲ့လှုပ်ရှားသွားလာနိုင်စွမ်းဆိုတာက ထောက်ပံ့ပို့ဆောင်ရေးချောမွေ့မှုအပေါ်မှီခိုနေတာဖြစ်ပါတယ်။ ဒီအတွက်ကြောင့်လည်း သူတို့အတွက်လျှပ်စစ်စွမ်းအင်ဆိုတာအလွန်လိုအပ်တာပါ။

**Ref: IE**

**K.H**



AUTOMOBILE

## EV ကားဈေးကွက်ကိုတုန်လှုပ်စေမယ့် 2025 Kia EV9 GT



တောင်ကိုရီးယားနိုင်ငံရဲ့ KIA မော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီက 2025 Kia EV9 GT ကို အမေရိကန်နိုင်ငံ လော့အိန်ဂျလိမြို့မှာကျင်းပတဲ့ မော်တော်ကားပြပွဲမှာ ထုတ်ဖော်ပြသလိုက်တာတွေ့ရပါတယ်။

KIA က EV9 ဆိုတဲ့လျှပ်စစ်သုံးယာဉ်ကိုထုတ်လုပ်ထားပြီးပါပြီ။ အဲဒီယာဉ်ကလည်းလူကြိုက်များလှသလို တကယ့်ကိုဇိမ်ခံကားအမြင့်တစ်စီး ဖြစ်ပါတယ်။ အခု EV9 GT မှာတော့ စွမ်းဆောင်ရည်ပိုင်းနဲ့ခရီးဝေးရောက်ရှိနိုင်စွမ်းတို့ကို မြှင့်တင်ထားတာဖြစ်တဲ့အတွက် EV ကားဈေးကွက်ကိုတုန်လှုပ်စေမယ့် လျှပ်စစ်သုံးယာဉ်တစ်စီးဖြစ်တယ်လို့ဆိုနိုင်ပါတယ်။

EV9 မှာတုန်းက ဘီးလေးလုံးယက်ဖြစ်ပြီး မြင်းကောင်ရေအား ၃၇၈ ကောင်အားသာထုတ်ပေးနိုင်ပေမယ့် EV9 GT ကကျတော့ ရှေ့မော်တာအားက မြင်းကောင်ရေ ၂၁၄ ကောင်အား၊ နောက်မော်တာအားက မြင်းကောင်ရေ ၃၆၂ ကောင်အားရှိတာကြောင့် စုစုပေါင်းမြင်းကောင်ရေအား ၅၀၁ ကောင်အားရှိပါတယ်။

ဒါ့အပြင် သူ့မှာအထူးခြားဆုံးသောလုပ်ဆောင်ချက်တစ်ခုက Virtual Gear Shift နည်းပညာကို အသုံးပြုထားခြင်းဖြစ်ပါတယ်။ ဒီနည်းပညာကြောင့် လျှပ်စစ်ကားကိုမောင်းနှင်နေရပေမယ့်လည်း ရရှိမယ့်ခံစားချက်က ဓာတ်ဆီလောင်စာသုံးကားတွေလိုမျိုး ဂီယာအချိန်းအပြောင်းခံစားချက်ကိုရရှိစေမယ်လို့ဆိုပါတယ်။

လက်ရှိအချိန်မှာ KIA က EV9 GT ရဲ့ တရားဝင်ဈေးနှုန်းကို ထုတ်ပြန်ထားခြင်းမရှိသေးပေမယ့် GT-Line AWD အမျိုးအစားကားထက် ဈေးအနည်းငယ်မြင့်မယ့်အနေအထားမှာရှိနေမယ်လို့ ခန့်မှန်းရပါတယ်။ ပျမ်းမျှအားဖြင့်တော့ အမေရိကန်ဒေါ်လာ ၈၀၀၀၀ အထက်မှာရှိနေနိုင်ပြီး ထုတ်လုပ်မှုကိုတော့ တောင်ကိုရီးယားမှာသာလုပ်ဆောင်သွားမှာဖြစ်တယ်လို့သိရပါတယ်။

**Ref: AEV**

**K.H**

## ဟွန်ဒေးက အတွင်းခန်းကျယ်ဝန်းလှတဲ့ Ioniq 9 EV SUV ကိုပြသ



ဟွန်ဒေးကုမ္ပဏီက အတွင်းခန်းကျယ်ဝန်းလှတဲ့အပြင်မြင့်မားတဲ့စွမ်းဆောင်ရည်ကို နောက်ဆုံးပေါ်နည်းပညာများနဲ့ ပေါင်းစပ်ထားတဲ့ EV SUV တစ်စီးကို ထုတ်ဖော်ပြသလိုက်ပါပြီ။ ဒီမော်ဒယ်ကိုတော့ Ioniq 9 လို့အမည်ပေးထားပါတယ်။

ဟွန်ဒေးက Ioniq 5 နဲ့ Ioniq 6 တို့ရဲ့ အောင်မြင်မှုအရှိန်ကို ဆက်လက်ထိန်းသိမ်းကာ ဝယ်ယူသူများရဲ့တောင်းဆိုချက်ကို ဖြည့်ဆည်းပေးတဲ့အနေနဲ့ ခုံသုံးတန်းပါဝင်တဲ့ Ioniq 9 ကိုထုတ်ဖော်ပြသလိုက်တာဖြစ်ပါတယ်။

သူ့ရဲ့အတွင်းခန်းက ခုံသုံးတန်းဖြစ်တဲ့အတွက် ခရီးသည်စုစုပေါင်း ခုနစ်ယောက်အထိလိုက်ပါစီးနင်းနိုင်တဲ့အပြင် ဘီးများကြားအကွာအဝေးက မီလီမီတာ ၃၁၃၀ ရှိတာကြောင့် ဟွန်ဒေးကားတွေထဲမှာ သူကအရှည်ဆုံးဖြစ်ပါတယ်။

အတွင်းခန်းကျယ်ဝန်းမှုအပြင် သူ့ရဲ့ထင်ရှားတဲ့စွမ်းဆောင်ရည်တစ်မျိုးကကျတော့ အကွာအဝေး ၅၃၉ ကီလိုမီတာအထိသွားနိုင်ခြင်းပဲဖြစ်ပါတယ်။ ဒီလိုမျိုးသွားနိုင်စေဖို့အတွက် သူ့မှာ ၁၁၀ ဒသမ ၃ ကီလိုဝပ်နာရီရှိတဲ့ ဘက်ထရီကိုတပ်ဆင်ပေးထားပါတယ်။

ဒါ့အပြင် ဗို့အား ၈၀၀ နည်းပညာအရ ဘက်ထရီအား ၁၀ ရာခိုင်နှုန်းကနေ ၈၀ ရာခိုင်နှုန်းအထိကို အားသွင်းချိန်က ၂၄ မိနစ်ပဲကြာမြင့်မှာပါ။

**Ref: AEV**

**K.H**

# အမေရိကန်က ဒုံးကျည်ဖြန့်ကြက်ထားသည့်နေရာများ၌ ရုရှားကလည်းတာတိုနှင့်တာလတ်ပစ်ဒုံးကျည်များ ဖြန့်ကြက်ချထားမည်

**မော်စကို၊ လုံခြုံရေး**

အမေရိကန်က ဒုံးကျည်များဖြန့်ကြက်ချထားသည့်နေရာများ၌ ရုရှားကလည်း တာတိုနှင့်တာလတ်ပစ်ဒုံးကျည်များကို ဖြန့်ကြက်ချထားမည်ဖြစ်ကြောင်း၊ အထူးသဖြင့် အာရှ-ပစိဖိတ်ဒေသ၌ ထိုဒုံးကျည်များကိုဖြန့်ကြက်သွားမည်ဖြစ်ကြောင်း ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီး ဆာဂျီယက်ကော့ကပြောသည်။

ရုရှားနိုင်ငံအနေဖြင့် အာရှဒေသရှိနိုင်ငံများ၌ တာတိုနှင့်တာလတ်ပစ်ဒုံးကျည်များ ဖြန့်ကြက်ချထားနိုင်ခြင်းရှိ မရှိကို သတင်းထောက်များကမေးမြန်းစဉ် ဒုတိယနိုင်ငံခြားရေးဝန်ကြီးက ယခုကဲ့သို့ပြောခြင်းဖြစ်သည်။

လက်ရှိတွင် ထိုသို့သောဒုံးကျည်များ ဖြန့်ကြက်ချထားခြင်းကို ခေတ္တဆိုင်းငံ့ထားသော်လည်း ပြန်လည်ဖြန့်ကြက်ခြင်းရှိ၊ မရှိဆိုသည်မှာ အမေရိကန်၏မူဝါဒအပေါ်များစွာမူတည်နေကြောင်း ဆာဂျီယက်ကော့က နိုဝင်ဘာလ ၂၅ ရက်တွင် ပြောထားခြင်းဖြစ်သည်။

ထို့ပြင် လက်ရှိအပြည်ပြည်ဆိုင်ရာစည်းမျဉ်းစည်းကမ်းများအရ ရုရှားနိုင်ငံ၏ တာလတ်ပစ်ဒုံးကျည်အသစ်ဖြစ်သော Oreshnik ကို ဖြန့်ကြက်မည်ဆိုလျှင်လည်း မည်သည့် တားမြစ်ချက်မျှမရှိကြောင်း ဆာဂျီယက်ကော့ကဆက်ပြောသည်။

တစ်ချိန်တည်းမှာပင် ၁၉၉၈ ခုနှစ်တွင်ရရှိသည့် ရုရှားနှင့်အမေရိကန်တို့ကြား ဒုံးကျည်ပစ်လွှတ်မှုအတွက် အသိပေးရန် အပြန်အလှန်နားလည်မှု သဘောတူညီချက်မှာအသက်ဝင်နေဆဲဖြစ်ကြောင်း၊ ထို့ကြောင့်ပင် မကြာသေးမီက ရုရှားကလုပ်ဆောင်သော Oreshnik ဒုံးကျည်စစ်မြေပြင်စမ်းသပ်ပစ်လွှတ်မှုကို အမေရိကန်သို့ အသိပေးအကြောင်းကြားခဲ့ခြင်းဖြစ်သည်ဟု ဆာဂျီယက်ကော့ကပြောထားသည်။

Ref: Sputnik



# အစ္စရေးခေါင်းဆောင်များကိုသေဒဏ်ပေးရန် အီရန်တောင်းဆို

**တီဟီရန်၊ နိုင်ငံရေး**

အစ္စရေးနိုင်ငံမှ ဝန်ကြီးချုပ်နေတန်ယာဟုအပါအဝင် ထိပ်တန်းခေါင်းဆောင်များကိုသေဒဏ်ပေးသည့်အမိန့်များ ထုတ်ပြန်ပေးရန် အီရန်ဦးသျှောင်ဖြစ်သည့် အယာတိုလာအလီခါမေနီကတောင်းဆိုလိုက်သည်ဟု အီရန်သတင်းဌာနများကဖော်ပြထားသည်။

နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးကပြီးခဲ့သည့်သီတင်းပတ်တွင် အစ္စရေးဝန်ကြီးချုပ်၊ အစ္စရေးကာကွယ်ရေးဝန်ကြီးဟောင်းနှင့် ဟားမက်ခေါင်းဆောင်တို့ကို ဖမ်းဆီးမိန့်များထုတ်ပြန်လိုက်ပြီးနောက် အီရန်ဦးသျှောင်က ယခုကဲ့သို့တောင်းဆိုလိုက်ခြင်းဖြစ်သည်။

အစ္စရေးနိုင်ငံက ဂါဇာနှင့်လက်ဘနွန်တို့တွင်ကျူးလွန်သော စစ်ရာဇဝတ်မှုများအတွက် ဖမ်းဆီးမိန့်တစ်ခုတည်းဖြင့်မလုံလောက်ကြောင်း၊ သေဒဏ်ပေးသည်ဟူသောထုတ်ပြန်ချက်ကိုပင် ထုတ်ပြန်ရမည်ဖြစ်ကြောင်း အယာတိုလာအလီခါမေနီက နိုဝင်ဘာလ ၂၅ ရက်တွင် အစ္စလာမ်မစ်တော်လှန်ရေးအစောင့်တပ်ဖွဲ့၏ တပ်မတစ်ခုနှင့်တွေ့ဆုံစဉ် ပြောထားခြင်းဖြစ်ကြောင်းသိရသည်။

Ref: RT



အီရန်နိုင်ငံ၌စိုက်ထူထားသည့် ဘေဘုတ်တစ်ခုကိုတွေ့ရစဉ်

# အမေရိကန်မွေးမြူရေးခြံမှ နွားနို့အစိမ်းတွင် ကြက်ငှက်တုပ်ကွေးဗိုင်းရပ်တွေ့ရှိ

**လော့စ်အိန်ဂျလိ၊ ကျန်းမာရေး**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်ရှိ မွေးမြူရေးခြံတစ်ခြံမှထွက်ရှိသော ဈေးကွက်အတွင်းရောင်းချနေသည့် နွားနို့အစိမ်းတွင် ကြက်ငှက်တုပ်ကွေးဗိုင်းရပ်ကိုတွေ့ရှိကြောင်း ကျန်းမာရေးတာဝန်ရှိသူများကပြောသည်။

ဆန်တာကလဲရာစီရင်စု ပြည်သူ့ကျန်းမာရေးဌာနမှ တာဝန်ရှိသူများက H5N1 ကြက်ငှက်တုပ်ကွေးရောဂါပိုးစောင့်ကြည့်ထိန်းချုပ်ရေးအတွက် မွေးမြူရေးခြံများမှထွက်ရှိသောနွားနို့များကို စစ်ဆေးမှုများလုပ်ဆောင်ပြီးနောက် ယခုကဲ့သို့ တွေ့ရှိရခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် အဆိုပါနွားနို့အစိမ်းနှင့်ပတ်သက်၍ ရောဂါဖြစ်ပွားသူတစ်ဦးတစ်ယောက်မျှမရှိသေးသော်လည်း Raw Farm LLC တံဆိပ်ပါရှိသည့် နွားနို့များကို သောက်သုံးခြင်းမပြုရန်နှင့် ထိုမွေးမြူရေးခြံအနေဖြင့်လည်း ၎င်းတို့၏နွားနို့များကို ဈေးကွက်အတွင်းမှပြန်သိမ်းရန် ကယ်လီဖိုးနီးယားပြည်နယ် ကျန်းမာရေးတာဝန်ရှိသူများက တိုက်တွန်းထားကြောင်းသိရသည်။

Ref: Xinhua

## သတင်းတိုကဏ္ဍ

### အီတလီနှင့်ဂျပန် ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှု သဘောတူလက်မှတ်ထိုး

အီတလီနှင့်ဂျပန်တို့က ကာကွယ်ရေးကဏ္ဍတွင်ပူးပေါင်းဆောင်ရွက်မှုအတွက် သဘောတူလက်မှတ်ရေးထိုးလိုက်ပြီဖြစ်ကြောင်း အီတလီအစိုးရ၏ထုတ်ပြန်ချက်တစ်ခုတွင်ဖော်ပြထားသည်။

အီတလီကာကွယ်ရေးဝန်ကြီးဂွီဒိုခရိုဆက်တိုနှင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီး တာကေရှီအီဝါယာတို့က စစ်လက်နက်ပစ္စည်းဝယ်ယူရေးနှင့်တပ်ဖွဲ့အချင်းချင်း သဘောတူညီမှုစာချုပ်ကို လက်မှတ်ထိုးခြင်းဖြစ်ကြောင်း အီတလီ၏နိုဝင်ဘာလ ၂၅ ရက်ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်ကို တွေ့ရသည်။

ယခုကဲ့သို့သဘောတူစာချုပ်ကိုလက်မှတ်ရေးထိုးခြင်းသည် စစ်လက်နက်များဝယ်ယူရေး၊ ထောက်ပံ့ရေးနှင့် အပြန်အလှန်လဲလှယ်ရေးတို့တွင် အဆင်ပြေချောမွေ့လွယ်ကူစေရေး၊ အရေးပေါ်အခြေအနေဖြစ်ပွားစဉ်နှင့်သဘာဝဘေးအန္တရာယ်များဖြစ်ပွားစဉ်တို့တွင် အကူအညီများကိုလျင်မြန်စွာရယူရေးတို့အတွက် ရည်မှန်းခြင်းဖြစ်ကြောင်း ထုတ်ပြန်ချက်တွင်ဆက်လက်ဖော်ပြထားသည်ကိုတွေ့ရသည်။

Ref: TST

### ဒုတိယသမ္မတ၏ခြိမ်းခြောက်မှုကို လက်တုံ့ပြန်သွားမည်ဟု ဖိလစ်ပိုင်သမ္မတပြော

ဖိလစ်ပိုင်ဒုတိယသမ္မတက ၎င်းအနေဖြင့်အသတ်ခံရလျှင် သမ္မတကိုလုပ်ကြံရန် ကြိုတင်ပြင်ဆင်ထားပြီးဖြစ်သည်ဟူသော ခြိမ်းခြောက်မှုကို လက်တုံ့ပြန်သွားမည်ဖြစ်ကြောင်း ဖိလစ်ပိုင်သမ္မတဖာဒီနန်မားကို့စ်ဂျူနီယာက နိုဝင်ဘာလ ၂၅ ရက်တွင် ကတိပြုသည်။

ဖိလစ်ပိုင်သမ္မတက နိုင်ငံတော်သို့ပြောသောဗီဒီယိုမိန့်ခွန်းတွင် ဒုတိယသမ္မတ၏အမည်ကိုထည့်သွင်းပြောဆိုခြင်းမရှိသော်လည်း ထိုကဲ့သို့သောရာဇဝတ်မှုအတွက် စီစဉ်နေမှုများကို လျစ်လျူရှုသွားမည်မဟုတ်ကြောင်း ဖာဒီနန်မားကို့စ်ဂျူနီယာက ပြင်းပြင်းထန်ထန်ပြောထားသည်။

အွန်လိုင်းမှပြုလုပ်သော ညီလာခံတစ်ခုတွင် ဒုတိယသမ္မတအနေဖြင့် ၎င်း၏လုံခြုံရေးအတွက် စိုးရိမ်ပူပန်နေခြင်းရှိ မရှိနှင့်ပတ်သက်၍မေးမြန်းမှုအပေါ် ၎င်းသာအသတ်ခံရပါက သမ္မတ၊ သမ္မတ၏ဇနီးနှင့် အောက်လွှတ်တော်ဥက္ကဋ္ဌတို့ကို လုပ်ကြံရန် စီစဉ်ထားသည်ဟုပြောထားခြင်းဖြစ်သည်။

Ref: RTA

### လစ်သူရေးနီးယား၌ ကုန်တင်လေယာဉ်ပြေးလမ်းချော် လူတစ်ဦးသေဆုံး

လစ်သူရေးနီးယားနိုင်ငံ ဗေးနီးယက်လေဆိပ်သို့ဆင်းသက်ရန်ကြိုးပမ်းသည့် DHL ကုန်တင်လေယာဉ်တစ်စင်းပြေးလမ်းချော်မှုကြောင့် လေယာဉ်ပေါ်တွင်လိုက်ပါလာသူတစ်ဦးသေဆုံးကြောင်းသိရသည်။

ထိုလေယာဉ်သည် နိုဝင်ဘာလ ၂၅ ရက်နံနက်ပိုင်းတွင် လေဆိပ်သို့ဆင်းသက်ရန်ကြိုးပမ်းစဉ် ပြေးလမ်းချော်ပြီး အနီးရှိအိမ်တစ်လုံးကိုဝင်တိုက်ခြင်းဖြစ်သည်။ ထိုသို့ဝင်တိုက်မှုကြောင့် လေယာဉ်ပေါ်တွင်လိုက်ပါလာသူတစ်ဦးသေဆုံးပြီး အခြားသုံးဦးမှာဒဏ်ရာရရှိသော်လည်း မြေပြင်ပေါ်ရှိ မည်သူမျှထိခိုက်မိခြင်းမရှိကြောင်း တာဝန်ရှိသူများကပြောသည်။

လေယာဉ်ပြေးလမ်းချော်ရသည့်ကိစ္စနှင့်ပတ်သက်၍ တာဝန်ရှိသူများက စုံစမ်းစစ်ဆေးမှုများလုပ်ဆောင်လျက်ရှိပြီး လေယာဉ်ပေါ်တွင် မည်သည့်ပေါက်ကွဲမှုမျှမရှိကြောင်း လစ်သူရေးနီးယားအမျိုးသားဘေးအန္တရာယ်စီမံခန့်ခွဲရေးစင်တာမှပြောရေးဆိုခွင့်ရှိသူတစ်ဦးကပြောထားသည်။ ပြေးလမ်းချော်မှုဖြစ်ပွားသည့်လေယာဉ်မှာ ဘိုးအင်း ၇၃၇-၄၀၀ ဖြစ်သည်ဟုသိရသည်။

Ref: RTA

### အောက်တိုဘာလအတွင်း ထိုင်းနိုင်ငံ၏ မော်တော်ကားထုတ်လုပ်မှု ၂၅ ရာခိုင်နှုန်းကျော်ကျဆင်း

အောက်တိုဘာလအတွင်း ထိုင်းနိုင်ငံ၏မော်တော်ကားထုတ်လုပ်မှုသည် ၂၅ ရာခိုင်နှုန်းကျော်ကျဆင်းကြောင်း၊ အထူးသဖြင့်ပြည်တွင်းဝယ်လိုအားနည်းပါးလာခြင်းကြောင့်ဖြစ်ကြောင်း ထိုင်းနိုင်ငံစက်မှုလုပ်ငန်းများအဖွဲ့ချုပ်က နိုဝင်ဘာလ ၂၅ ရက်တွင်ထုတ်ပြန်ထားသည်။


ပြီးခဲ့သည့်လတွင် နိုင်ငံ၏မော်တော်ကားထုတ်လုပ်မှုပမာဏမှာ ၁၁၈၈၄၂ စီးသာရှိသည့်အတွက် ၂၀၂၃ ခုနှစ် အောက်တိုဘာလထုတ်လုပ်မှုနှင့်နှိုင်းယှဉ်ပါက ၂၅ ဒသမ ၁၃ ရာခိုင်နှုန်းကျဆင်းကြောင်း အဖွဲ့ချုပ်၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်ကိုတွေ့ရသည်။

ထို့ပြင် အောက်တိုဘာလအတွင်းပြည်တွင်းမော်တော်ကားရောင်းချရမှုပမာဏသည် ယမန်နှစ်ကထက် ၃၆ ဒသမ ၀၈ ရာခိုင်နှုန်းကျဆင်းကြောင်း၊ ထိုပမာဏသည် ၅၄ လအတွင်း အမြင့်ဆုံးကျဆင်းမှုဖြစ်ကြောင်း၊ အထူးသဖြင့် ဘဏ်များကအိမ်ရာကြွေးမြီများမြင့်မားမှုကိုထိန်းချုပ်ရေးအတွက် ချေးငွေချပေးမှုသတ်မှတ်ချက်များကို တင်းကျပ်လိုက်ခြင်းကြောင့်ဖြစ်ကြောင်းသိရသည်။

Ref: Xinhua

# ပွင့်လင်းရာသီဖြစ်သည်နှင့်အညီ မင်းဘူး(စကု)မြို့နယ်ရှိ အထင်ကရနေရာများတွင် ခရီးသွားပြည်သူများဖြင့် စည်ကားများပြား






မင်းဘူး နိုဝင်ဘာ ၂၅

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ်သည် ရှေးဟောင်းသမိုင်းဝင် တန်ခိုးကြီးဘုရားများနှင့် လာရောက်အပန်းဖြေလည်ပတ်သွားလာချင်စရာ အထင်ကရနေရာအလွန်ပေါများပြီး ယခုကာလ မန်းရွှေစက်တော်ဘုရားပွဲတော်ရာသီကျင်းပချိန်နီးလာပြီဖြစ်သောကြောင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာ ရဟန်းရှင်လူမိဘပြည်သူများက ဘုရားဖူးရှင်း အပန်းဖြေလာရောက်လည်ပတ်လျက်ရှိကြကြောင်း မန်းရွှေစက်တော်ဘုရားဂေါပကအဖွဲ့ထံမှ သိရသည်။

ဘုရားဖူး လာရောက်ကြသူများက ပါဒခြေတော်ရာနှစ်ဆူအား ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း၊ ဥပုသ်သီတင်းသီလဆောက်တည်ခြင်း၊ အလှူအတန်းနှင့် ကောင်းမှုကုသိုလ်များပြုလုပ်ခြင်း၊ ပရိတ်၊ ပဋ္ဌာန်းဒေသနာတော်များရွတ်ဖတ်ပူဇော်ခြင်း၊ ဆီမီး၊ ပန်း၊ ရေချမ်းကပ်လှူပူဇော်ခြင်း၊ နဂါးစာကျွေးခြင်း၊ ငါးလွှတ်ကုသိုလ်ပြုခြင်းနှင့် မျောက်စာကျွေးမွေးကြသူများအပြင် မန်းချောင်းအတွင်း ရေချိုးအပန်းဖြေခြင်းနှင့် အမှတ်တရမှတ်တမ်းဓာတ်ပုံရိုက်ကူးကြသူများဖြင့် အထူးစည်ကားကြောင်း မန်းရွှေစက်တော်ဘုရား ဂေါပကအဖွဲ့က ပြောသည်။

ထို့ပြင် မင်းဘူး(စကု)မြို့နယ်ရှိ အထင်ကရနေရာများဖြစ်သော ရှင်ပင်စက္ကိန်းတဲစေတီတော်၊ နဂါးပွက်တောင်တော်၊ ရှင်မင်းပူးစေတီတော်၊ ရှင်ပင်ချမ်းသာကြီးစေတီတော်၊ ရွှေစက်တော်မန်းချောင်းအပန်းဖြေဆင်စခန်းနှင့် စကုမြို့ရှိ ဘုရားကျောင်းကန်စေတီပုထိုးများစသည့် အထင်ကရနေရာများတွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရောက်လည်ပတ်ကြသူများ၊ ကောင်းမှုကုသိုလ်ပြုလုပ်ကြသူများဖြင့် စည်ကားခဲ့ပြီး မင်းဘူးမြို့အဝင် ရှုခင်းသာတွင်လည်း အမှတ်တရမှတ်တမ်းဓာတ်ပုံ လာရောက်ရိုက်ကူးကြသူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။ **ဇေယျာထက်(မင်းဘူး)**




# မိတ္ထီလာမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် အရန်အဖွဲ့ဝင်များ၏ သား၊ သမီးများအား ပညာသင်ထောက်ပံ့ငွေများပေးအပ်ပွဲအခမ်းအနားကျင်းပ



မိတ္ထီလာ နိုဝင်ဘာ ၂၅

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် အရန်အဖွဲ့ဝင်များ၏ သား၊ သမီးများအား ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ငွေများ ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့နံနက်က အဆိုပါရုံးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးသန်းနိုင်(ငြိမ်း)က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဒုတိယဥက္ကဋ္ဌ ဗိုလ်ကြီးနန္ဒကျော်သူ(ငြိမ်း)က မိတ္ထီလာမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် အရန်အဖွဲ့ဝင်များ၏ သား၊ သမီးများအား ပညာသင်ထောက်ပံ့ငွေများ ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ချုပ်(ဗဟိုဌာနချုပ်)မှ မူလတန်းအဆင့်အတွက် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်း၊ အလယ်တန်းအဆင့်အတွက် တစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀ နှုန်း၊ အထက်တန်းအဆင့်အတွက် တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့မှ မူလတန်းအဆင့်အတွက် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ နှုန်း၊ အလယ်တန်းအဆင့်အတွက် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်း၊ အထက်တန်းအဆင့်အတွက် တစ်ဦးလျှင်ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးသန်းနိုင်(ငြိမ်း)၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်ကြီးနန္ဒကျော်သူ(ငြိမ်း)နှင့် တာဝန်ရှိသူတို့က အသီးသီးပေးအပ်ခဲ့သည်။

အဆိုပါ မိတ္ထီလာမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် အရန်အဖွဲ့ဝင်များ၏ သား၊ သမီးများအား ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် မူလတန်းအဆင့် ၁၁၁ ဦး၊ အလယ်တန်းအဆင့် ၈၆ ဦးနှင့် အထက်တန်းအဆင့် ၈၅ ဦး စုစုပေါင်း ၂၈၂ ဦးအတွက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ချုပ်(ဗဟိုဌာနချုပ်)မှ ငွေကျပ် ၄၁ သိန်းနှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့မှ ငွေကျပ် ၂၆၉၀၀၀၀ စုစုပေါင်းငွေကျပ် ၆၇၉၀၀၀၀ အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(၆၀၂)

# ပေါင်မြို့နယ်၌ ပိန်းဥများ စီးပွားဖြစ်စိုက်ပျိုးလာ

ပေါင် နိုဝင်ဘာ ၂၅

မွန်ပြည်နယ် ပေါင်မြို့နယ်အနီးဝန်းကျင် တစ်ဝိုက်နှင့် ကျေးလက်ဒေသများတွင် ဥစားပိန်းစိုက်တောင်သူများဈေးကောင်းရရှိသဖြင့် မိသားစုတစ်နိုင်တစ်ပိုင်စိုက်ပျိုးရာမှ စီးပွားဖြစ်တိုးချဲ့စိုက်ပျိုးလာကြကြောင်း သိရသည်။

ဥစားပိန်းပင်များကို မစိုက်မီ မြောင်းပေါင်ကို အရင်ဆုံးပြုပြင်ရပြီး စိုက်ပေါင်များအတွင်း မြေခံကြက်ချေးသို့မဟုတ် နွားချေးနှင့် ဆန်စက်မှရရှိသည့် ဖွဲမှုန့်များကို ရောစပ်ထည့်ပေးရကြောင်း၊ ပိန်းပင်ပေါက်များကို တစ်ပင်နှင့်တစ်ပင် တစ်ပေခန့်အကွာ စိုက်ပျိုးရကြောင်း၊ အပင်ကြီးထွားမှုနှင့် လေဝင်လေထွက်ကောင်းရန် ဂရုစိုက်ရပြီး ရက် ၈၀ ခန့်အကြာတွင် စတင်၍ ဥများတူးဖော်ကာ ရောင်းချရကြောင်း ပေါင်မြို့နယ် ကျုံကကျေးရွာမှ ဥစားပိန်းစိုက်တောင်သူတစ်ဦးကပြောသည်။ ဥစားပိန်းများကို ရာသီမရွေးစိုက်ပျိုးရပြီး ဈေးကောင်းရရှိသဖြင့် တောင်သူများ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရာမှ ယခုအခါ စီးပွားဖြစ်တိုးချဲ့စိုက်ပျိုးလာကြကြောင်း သိရသည်။ **မွန်မလေး(ပြန်/ဆက်)**



**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIMCard၊ Mobile Payment Account၊ BankAccount များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ပဲခူးမြို့၌ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အခမ်းအနားကျင်းပ

**ပဲခူး နိုဝင်ဘာ ၂၅**

မြန်မာသက္ကရာဇ် ၁၂၈၆ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့တွင်ကျရောက်သည့် (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အား နိုဝင်ဘာလ ၂၅ ရက် နံနက်ပိုင်းတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ကျင်းပခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်သည်။

ရှေးဦးစွာ ပဲခူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "ဇာတိမာန်" သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှပေးပို့သည့် (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ သဝဏ်လွှာအား ဖတ်ကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အထက်တန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတို့တွင် ပထမဆုရရှိခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းနှင့် ဂုဏ်ပြုဆုငွေများအား ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ယင်းနောက် ပဲခူးမြို့ အမှတ်(၁)နှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများက "အမျိုးသားနေ့ မမေ့ရင်မှာ အစဉ်အလာ" သီချင်းနှင့် "မြန်မာ့ကျောင်း" သီချင်းတို့ဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုငွေများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့က အခမ်းအနား တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။



(၄၀၁)၊ တင်စိုး(ပဲခူး)

# ရှာလင်းကျေးရွာ၌ စင်မြင့်ရေစင်နှင့်ရေသန့်စင်စနစ်တပ်ဆင်ခြင်း လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး



**ဆင်ပေါင်ဝဲ နိုဝင်ဘာ ၂၅**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး အောင်လံခရိုင် ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း VDP ခွင့်ပြုရန်ပုံငွေ၊ ကျေးရွာပြည်သူထည့်ဝင်ငွေများဖြင့် လက်ပန်ကျေးရွာအုပ်စု ရှာလင်းကျေးရွာ၌ သောက်သုံးရေဖူလုံစွာရရှိရေး ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်နှင့် ရေသန့်စင်စနစ်ဆောင်ရွက်ခြင်းလုပ်ငန်းများအား ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ရှာလင်းကျေးရွာတွင် သောက်သုံးရေဖူလုံစွာရရှိရေးအတွက် ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်း၊ ရေသန့်စင်စနစ်ဆောင်ရွက်ခြင်းလုပ်ငန်းများအား ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း VDP ခွင့်ပြုရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၁ ဒသမ ၄ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာများ၏ နည်းပညာအကူအညီဖြင့် ကျေးရွာပြည်သူများကိုယ်တိုင် ယခုနှစ် ဩဂုတ်လ ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအချိန်တွင် လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးသွားပြီဖြစ်သည်။

ထိုသို့လုပ်ငန်းများရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုကြောင့် ကျေးရွာရှိအိမ်ခြေ ၁၄၁ မှ လူဦးရေ ၇၀၃ ဦးတို့အတွက် သောက်သုံးရေဖူလုံစွာရရှိရေး အကျိုးပြုမည်ဖြစ်ကြောင်း ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျကပြောပြ၍ သိရသည်။

ငြိမ်းသူ

# နေရာကွက်ကျား မိုးရွာနိုင်

**နေပြည်တော် နိုဝင်ဘာ ၂၅**

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(၅၀၀)

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိသူ၏အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့်အကျိုးအမြတ်ကိုခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသောစည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့်ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့်စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရသို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သောအဖွဲ့အစည်းနှင့်ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိသူလိုက်နာရမည့်စည်းကမ်းချက်များ

(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။

(ခ) လယ်ယာမြေနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စည်းကြပ်သောမြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့်တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရ သတ်မှတ်သောတံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနကသတ်မှတ်သည့် စာချုပ်စာတမ်းမှတ်ပုံတင်ခတို့ကို ပေးဆောင်၍ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကိုရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(င) စိုက်ပျိုးထုတ်လုပ်မှုအရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရကအသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်။

(စ) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရ။

(ဆ) လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။

(ဇ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လုပ်ထားခြင်းမပြုရ။ သို့ရာတွင် လယ်ယာမြေကို လုပ်ထားရန် အကြောင်းတစ်စုံတစ်ရာပေါ်ပေါက်ပါက မြေတည်ရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့လုပ်ထားခြင်းသည်လည်း ရွှေ့ပြောင်းတောင်ယာမြေမှအပ နှစ်နှစ်ဆက်တိုက်ထက် မပိုစေရ။

(ဈ) လယ်ယာမြေလုပ်ပိုင်ခွင့်မရမီကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုဖြစ်ပေါ်နေသောကာလအတွင်း လယ်ယာမြေကိုရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရ။

ထို့ပြင် လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူ မည်သူမဆို သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်ထားသောအမိန့်ကိုလိုက်နာရမည်။

(လယ်ယာမြေဥပဒေပုဒ်မ ၁၂၊ ၁၃)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

# ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေဆုရှင်နှင့်စာပေဗိမာန်စာမူဆုရှင်တို့၏ ရင်တွင်းစကားသံများ

**ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီနှင့် စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့တို့က ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများကို ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ ထိုစာပေဆုရှင်များအား ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁ ရက် (၁၃၈၆ ခုနှစ် နတ်တော်လဆန်း၁ ရက်) စာဆိုတော်နေ့တွင် ဆုများချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရပါသည်။ စာပေဆုရှင်တို့၏ ရင်တွင်းစကားသံအချို့အား စုစည်းဖော်ပြလိုက်ရပါသည်။**


မနှင်းဖွေး


ချစ်ညွန့်ကျော်


လွမ်းနိုနို(ဘော်မြေ)

**မနှင်းဖွေး**

**အမျိုးသားစာပေဆု ဝတ္ထုတိုပေါင်းချုပ်**

ကျွန်မက မနှင်းဖွေးပါ။ ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေဆုဝတ္ထုတိုပေါင်းချုပ်ဘာသာရပ်မှာ "လောကပြတင်း မဂ္ဂဇင်းဝတ္ထုများ" ဆိုတဲ့ စာအုပ်နဲ့ဆုရခဲ့ပါတယ်။ စာအုပ်ကို လင်းလွန်းခင်စာပေတိုက်က ထုတ်ဝေပေးပါတယ်။

၁၉၈၈ ခုနှစ်မှစလို့ ၂၀၂၁ ခုနှစ်အတွင်း ရွှေအမြုတေ၊ ပေဖူးလွှာ၊ စန္ဒာ၊ သာရ၊ ရင်ခုန်ပွင့်၊ ပြန်ဆက်ပုလဲရတု၊ မင်္ဂလာဆဝါဒီ၊ Home Media စတဲ့ မဂ္ဂဇင်းတွေမှာ ကျွန်မရေးခဲ့တဲ့ ဝတ္ထုတိုတွေထဲမှ ကောင်းနိုးရာရာ ဝတ္ထုတို ၁၆ ပုဒ်ကို စုစည်းထားတာပါ။ ဝတ္ထုတိုပေါင်းချုပ်အဖြစ် ထုတ်ဝေခဲ့ဖူးတဲ့ စာအုပ်တွေထဲမပါသေးတဲ့ ဝတ္ထုတွေချည်းဖြစ်ပါတယ်။

ဝတ္ထုဆိုတာ လောကထဲက လူတွေအကြောင်းပါ။ လောကကို ခပ်ဟဟဖွင့်ထားတဲ့ ပြတင်းပေါက်ကနေလှမ်းကြည့်ပြီး ကျွန်မမြင်တွေ့လိုက်ရတဲ့ လူအချို့ရဲ့ ဘဝအစုံစုံ၊ စရိုက်အဖုံဖုံနဲ့ မြင်ကွင်းပုံရိပ်တွေကို အနုပညာနဲ့ မွမ်းမံပြီးတဲ့နောက် စာဖတ်သူထံ ကျွန်မမျှဝေလိုက်တဲ့ ဝတ္ထုများပဲဖြစ်ပါတယ်။

ကျွန်မရဲ့ ဝတ္ထုတိုများကို ဖတ်ရှုပြီး နှစ်သက်ကြသူများ၊ အားပေးစကားပြောကြသူများကို ကျေးဇူးတင်ပါတယ်။ အထူးသဖြင့် ၂၀၂၃ ခုနှစ် အမျိုးသားစာပေဆု ဝတ္ထုတိုပေါင်းချုပ်ဘာသာရပ်အတွက် ဆုရွေးချယ်ပေးတဲ့ ရွေးချယ်ရေးအဖွဲ့ဝင်များကို အထူးလှိုက်လှဲစွာကျေးဇူးတင်ပါတယ်။

**ချစ်ညွန့်ကျော်**

**စာပေဗိမာန်စာမူဆု**

**ဝတ္ထုရှည် ဒုတိယ**

ကျွန်တော့်ကလောင်အမည်က ချစ်ညွန့်ကျော်ဖြစ်ပါတယ်။ "ကွယ်လေးရဲ့ မောင့်ခြုံထည် တန်းသွယ်လို့မိုး" စာမူဖြင့် ၂၀၂၃ခုနှစ် စာပေဗိမာန်စာမူဆုဝတ္ထုရှည် ဒုတိယဆုရရှိခဲ့ပါတယ်။

စာမူရဲ့ရည်ရွယ်ချက်နဲ့ စေတနာအမှန်က ကိုယ့်တိုင်းပြည်ကို ချစ်မြတ်နိုးတတ်တဲ့စိတ်၊ မိဘအပေါ်စာနာနားလည်တဲ့စိတ်၊ ကူညီချင်တဲ့စိတ်၊ မကောင်းသောလူမှုပတ်ဝန်းကျင်မှာ မနေသင့်ဘဲ ရုန်းထွက်လာစေလိုတဲ့စိတ် စသည်ဖြင့် ပညာပေးဝတ္ထုအဖြစ် ကြိုးစားထားပါတယ်။ အခုလို ဘဝသရုပ်ဖော်ဝတ္ထုဆုရရှိတဲ့အတွက် အကဲဖြတ်ပေးကြသောဆရာ၊ ဆရာမများကို အထူးကျေးဇူးတင်ရှိပါကြောင်း။

**လွမ်းနိုနို(ဘော်မြေ)**

**စာပေဗိမာန်စာမူဆု**

**ဝတ္ထုတိုပေါင်းချုပ် ဒုတိယ**

ကျွန်မကလောင်အမည်မှာ လွမ်းနိုနို(ဘော်မြေ)ဖြစ်ပါတယ်။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးနှိမ်နင်းရေးဗဟိုမှ ကျင်းပသည့် စာပေပြိုင်ပွဲစာပေဆုများနှင့် မြို့နယ်စာပေပြိုင်ပွဲစာပေဆုများကို ရရှိခဲ့ဖူးပါတယ်။

"မေတ္တာပန်းတို့ လန်းစွင့်ဝေဖြာ မြေအောက်ကမ္ဘာ" ခေါင်းစဉ်နဲ့ စာပေဗိမာန်စာမူဆု (ဝတ္ထုတိုပေါင်းချုပ်) ဒုတိယဆုရရှိခဲ့လို့ အတိုင်းမသိ ဝမ်းသာဂုဏ်ယူမိပါတယ်။ မိဘနှစ်ပါးနှင့် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများကို ကျေးဇူးတင်ရှိပါတယ်။

ကျွန်မရဲ့လက်ရေးစာမူကို အသိအမှတ်ပြု ဆုချီးမြှင့်ပေးပါသော ဆုရွေးချယ်ရေးကော်မတီအဖွဲ့မှ ဆရာ၊ ဆရာမကြီးများကို အထူးကျေးဇူးတင်ပါတယ်။

ဆရာကြီးမောင်သာရ ထုတ်ဝေရေးသားခဲ့တဲ့ "လူထဲကဝတ္ထု ဝတ္ထုထဲကလူ" ဆိုသလို ပတ်ဝန်းကျင်မှာ တွေ့ရ၊ မြင်ရ၊ ကြားသမျှတွေကို အတုယူစရာ၊ မှတ်သားစရာများပါအောင် ကြိုးစားရေးဖွဲ့ခဲ့ပြီး လူသိနည်းသော မိုင်းဝန်ထမ်းများရဲ့ ဘဝနဲ့နေထိုင်ပုံ၊ အချင်းကူညီဖေးမ၊ စာနာ၊ အနစ်နာခံပုံလေးများကို လေးစားချီးကျူးစိတ်ဖြင့် ရေးသားဖြစ်ခဲ့ပါတယ်။

ဝတ္ထုတိုပေါင်းချုပ်ထဲမှာ မြို့တစ်မြို့၊ ရွာတစ်ရွာ၊ နယ်တစ်နယ်စီများရဲ့ ယဉ်ကျေးမှုဓလေ့များ၊ ပျောက်ကွယ်လုဆဲလက်မှုပညာနှင့် ဒေသန္တရဗဟုသုတများကို ရသစာပေချစ်မြတ်နိုးစိတ်ဖြင့် ကြိုးစားရေးသားခဲ့ပါတယ်။

ဓလေ့ထုံးတမ်းစဉ်လာများကိုထိန်းသိမ်းစေချင်တဲ့ စေတနာ၊ လူ့သဘော သဘာဝတွေကိုသိရှိစေချင်၊ တန်ဖိုးထားစေချင်တဲ့ ရည်ရွယ်ချက်နှင့် ရေးသားခဲ့ခြင်းဖြစ်ပါတယ်ရှင်။


ရဲမင်းစိုး

**ရဲမင်းစိုး**

**စာပေဗိမာန်စာမူဆု**

**ဝတ္ထုတိုပေါင်းချုပ် တတိယ**

ကျွန်တော့်အမည် စိုးမြင့်ဖြစ်ပြီး ကလောင်အမည်က ရဲမင်းစိုးပါ။ လက်ရှိနိုင်ငံ့တာဝန်များကို ထမ်းဆောင်နေပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှာ ညွှန်ကြားရေးမှူးတာဝန်၊ ကလောခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ခရိုင်အုပ်ချုပ်ရေးမှူးတာဝန်များကိုထမ်းဆောင်နေပါတယ်။

အခုရရှိသော စာပေဗိမာန်စာပေဆုနဲ့ဆိုရင်သုံးနှစ်ဆက်တိုက်ရရှိခြင်းလည်းဖြစ်ပါတယ်။ ပထမအကြိမ်ကတော့ "တိမ်တွေလွင့်မျောနေသည်နှင့် အခြားဝတ္ထုတိုများ" ဖြင့် ဝတ္ထုတိုပေါင်းချုပ်ပထမ၊ ဒုတိယအကြိမ်က "အဖေ့အရိပ်များ" ဝတ္ထုရှည်ဖြင့် ဒုတိယဆု၊ အခုအကြိမ်ကတော့ "မုန်တိုင်းကိုမမှု အန်ကိုတုလေသော်နှင့် အခြားဝတ္ထုတိုများ" ဖြင့် တတိယဆုဖြစ်ပြီး စာပေဗိမာန်ဆုအနေဖြင့် သုံးနှစ်ဆက်တိုက်ချီးမြှင့်ခံရခြင်းလည်းဖြစ်ပါတယ်။

ကျွန်တော်က ဝတ္ထုတွေရေးဖွဲ့တဲ့အခါ ကိုယ်တိုင်တွေ့ကြုံခံစားခဲ့ရတာကို ရေးဖွဲ့တဲ့ ရသစာပေတွေများပါတယ်။ ဒီဝတ္ထုခေါင်းစဉ်နဲ့အတူ ပြိုင်ပွဲဝင်ခဲ့တဲ့ ဝတ္ထုတိုငါးပုဒ်က နာဂစ်မုန်တိုင်းကို အခြေခံရေးဖွဲ့ခဲ့တဲ့ဝတ္ထုတွေပါ။ ကိုယ်တိုင်လည်း နာဂစ်မုန်တိုင်းကျရောက်ခဲ့တဲ့ လပွတ္တာမြို့နယ်ထဲမှာ ရေဘေးကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို သွားရောက်ဆောင်ရွက်ရင်းနဲ့ ကြုံတွေ့ခဲ့ရတာကို ခံစားရေးဖွဲ့ခြင်းပါ။

အခုလို ဆုများရွေးချယ်ချီးမြှင့်ပေးပါသော ပြန်ကြားရေးဝန်ကြီးဌာန၊ စာပေဗိမာန်စာပေဆုရွေးချယ်ရေးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရဲမင်းစိုးဆိုပြီးဖြစ်လာအောင် "အမိန့်ဟူသည်" ဝတ္ထုလေးအား နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းမှာ စတင်ဖော်ပြပြီး စာပေနယ်ထဲ လက်တွဲခေါ်ယူလာခဲ့သော ဆရာကြီးမြင်းမူမောင်နိုင်မိုး၊ ကျွန်တော့်စာအုပ်တွေထုတ်တိုင်း ဝေဖန်အကြံပြုစာတွေရေးပေးသော ဆရာကြီးမောင်ငြိမ်းသူ(ကြို့ပင်ကောက်)၊ အားပေးဖော်ဆရာများဖြစ်ကြသောဆရာမြအောင်၊ ဆရာမောင်မောင်စိုးနဲ့ ဆရာကျော်ကျော်၊ စာဖတ်ပရိသတ်များအားလုံးတို့ကို အထူးကျေးဇူးတင်ရှိကြောင်း ပြောလိုပါတယ်။


အန်ကယ်ပညာ

**အန်ကယ်ပညာ**

**စာပေဗိမာန်စာမူဆု**

**စာပဒေသာ ပထမ**

ကျွန်တော်ကတော့ အန်ကယ်ပညာပါ။ ၂၀၂၃ ခုနှစ် စာပေဗိမာန်စာမူဆု စာပဒေသာမှာ "မေမေ့ဆံပင်နှင့်ဘဝလက်တစ်ကမ်းမှ ရသစာတမ်းငယ်များ" ခေါင်းစဉ်နဲ့ ပထမဆုရရှိခဲ့ပါတယ်။ အခုဆုရခဲ့တဲ့စာမူမှာ ခေါင်းစဉ်နဲ့အညီပဲ အဓိကအားဖြင့် ကျွန်တော်နဲ့ အနီးကပ်ဆုံး ဆက်ဆံနေကြရတဲ့ ကျွန်တော့်နှစ်ဖက်သောမိဘတွေ၊ သမီးသုံးယောက်နဲ့ ကျွန်တော့်ဇနီးသည်တို့နဲ့ လူမှုဆက်ဆံရေးကိုအခြေခံပြီးရေးခဲ့တာပါ။ ခင်မင်ရင်းနှီးတဲ့ သူငယ်ချင်းမိတ်ဆွေအပေါင်းအသင်းတွေသာမက ကြုံတွေ့ခဲ့ရတဲ့ ချစ်စရာတိရစ္ဆာန်လေးတွေ အကြောင်းလည်းပါပါတယ်။ သူတို့နဲ့တွေ့ဆုံဆက်ဆံရင်း ရရှိခဲ့တဲ့အတွေ့အကြုံတွေက ပေးစွမ်းတဲ့ ခံစားမှုလေးတွေကို ကိုယ့်အတွက်လည်းမှတ်တမ်းဖြစ်အောင် ဖတ်ရှုမိသူအတွက်လည်း တစ်စုံတစ်ခုရရှိသွားအောင် ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ပုံဖော်ခဲ့တဲ့ စာတမ်းငယ်အစုအဖွဲ့လေးဖြစ်ပါတယ်။ အခုတော့ ဒီစာတမ်းအစုအဖွဲ့ကို အလေးအမြတ်ထား ဂုဏ်ပြုခံရတဲ့အတွက် ကျေးဇူးရှိခဲ့ဖူးသူအားလုံးကိုကျေးဇူးတင်သလို အတိုင်းမသိဝမ်းမြောက်ဂုဏ်ယူမိကြောင်းလည်း ပြောပါရစေခင်ဗျာ။

**မောင်မင်းထင်(မြစ်ဝကျွန်းပေါ်)**

**စာပေဗိမာန်စာမူဆု**

**နိုင်ငံရေးစာပေ ဒုတိယဆု**

ကျွန်တော့်ရဲ့ ကလောင်အမည်ကတော့ မောင်မင်းထင်(မြစ်ဝကျွန်းပေါ်)ဖြစ်ပါတယ်။ စာနယ်ဇင်းတွေမှာ နိုင်ငံရေးဆိုင်ရာ၊ စာပေဆိုင်ရာ ဆောင်းပါးတွေကို ရေးသားခဲ့သူဖြစ်ပါတယ်။


မောင်မင်းထင်(မြစ်ဝကျွန်းပေါ်)

၂၀၂၃ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုကို "လွတ်လပ်ရေးကြေညာစာတမ်းကို လေ့လာဖွင့်ဆိုချက်" စာမူနဲ့ နိုင်ငံရေးဆိုင်ရာ စာပေပညာရပ်မှာ ဒုတိယဆုရရှိခဲ့ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး လွတ်လပ်ရေးပြန်လည်ရရှိခဲ့တဲ့ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့မှာ ပထမဆုံးအကြိမ် "မြန်မာ့လွတ်လပ်ရေးအောင်ပွဲ" အခမ်းအနားကို ကျင်းပခဲ့တဲ့အခါမှာ နိုင်ငံတော်ယာယီဝန်ကြီးချုပ်သခင်နုက "အောင်စေသတည်း" အစရှိတဲ့ "မြန်မာ့လွတ်လပ်ရေးကြေညာစာတမ်း" ကိုဖတ်ကြားကြေညာခဲ့ပါတယ်။ အခုဆိုရင် ၇၆ နှစ်ကျော်လို့ ၇၇ နှစ်တောင်ရောက်ပါတော့မယ်။ အဲဒီလိုပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးရဲ့ နှလုံးသည်းပွတ်သဖွယ်ဖြစ်တဲ့ လွတ်လပ်ရေးနေ့နဲ့အတူဖြစ်တည်ခဲ့တဲ့ လွတ်လပ်ရေးကြေညာစာတမ်းရဲ့လေးနက်မှု၊ အဓိပ္ပာယ်ပြည့်စုံမှုတွေကို ယနေ့လူငယ်လူရွယ်များသိရှိနားလည်ပြီး ရရှိထားပြီးတဲ့ လွတ်လပ်ရေးကို ထိန်းသိမ်းစောင့်ရှောက်စေလိုတဲ့ စေတနာတရားတွေ ဖြစ်ပေါ်လာစေဖို့ ရည်ရွယ်ပြီး အကျယ်ဖွင့်ဆိုရှင်းလင်းတင်ပြခဲ့တာဖြစ်ပါတယ်။

ကျွန်တော့်ရဲ့ ကြိုးစားအားထုတ်မှုအပေါ် အသိအမှတ်ပြုပြီး ဆုရွေးချယ်ချီးမြှင့်ပေးတဲ့စာပေဗိမာန်စာမူဆုရွေးချယ်ရေးအဖွဲ့ကို ကျေးဇူးအထူးတင်ရှိပါတယ်ခင်ဗျာ။

**တွေ့ဆုံမေးမြန်း-ညိုမောင်**

# ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ ချယ်လ်ဆီးအသင်းနည်းပြဟောင်းများ၏ ပွဲဦးထွက်ဘောလုံးရာသီတွင် နိုင်ပွဲ ၁၀ ပွဲကို ပွဲအနည်းဆုံးဖြင့်ရရှိသည့်စံချိန်ကို လီဗာပူးအသင်းနည်းပြအာနီဆလော့လိုက်မီ



လန်ဒန် နိုဝင်ဘာ ၂၅

လီဗာပူးအသင်းက ဆောက်သမ်တန်အသင်းကို အဝေးကွင်း၌ ၃ ဂိုး-၂ ဂိုးဖြင့် အနိုင်ရရှိပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ချယ်လ်ဆီးအသင်းနည်းပြဟောင်းများဖြစ်သည့် နည်းပြအန်ဆယ်လော့တီနှင့် နည်းပြ ဟာစ်ဒင့်တို့၏ ပွဲဦးထွက်ဘောလုံးရာသီတွင် နိုင်ပွဲ ၁၀ ပွဲကို ပွဲအနည်းဆုံးဖြင့်ရရှိသည့်စံချိန်ကို လီဗာပူးအသင်းနည်းပြအာနီဆလော့က လိုက်မီနိုင်ခဲ့ကြောင်း သိရသည်။

နည်းပြအာနီဆလော့သည် ယခုဘောလုံးရာသီမှသာ လီဗာပူးအသင်းကို စတင်တာဝန်ယူကိုင်တွယ်ခဲ့ခြင်းဖြစ်ပြီး အသင်းနှင့် ပထမဆုံး ပွဲဦးထွက်ဘောလုံးရာသီတွင်ပင် ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး မှတ်တမ်းကောင်းများကိုလည်း ပိုင်ဆိုင်နိုင်ခဲ့ခြင်းဖြစ်သည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ နည်းပြအာနီဆလော့မတိုင်မီက အသင်းသစ်နှင့် ပွဲဦးထွက်ဘောလုံးရာသီတွင် ၁၂ ပွဲကစားပြီးချိန် ၁၀ ပွဲအနိုင်ရရှိအောင် စွမ်းဆောင်ခဲ့ပြီး နိုင်ပွဲအများဆုံးရရှိသော နည်းပြများအဖြစ် ချယ်လ်ဆီးအသင်း နည်းပြဟောင်းများဖြစ်သည့် နည်းပြအန်ဆယ်လော့တီနှင့် နည်းပြဟာစ်ဒင့်တို့၏စံချိန်မှတ်တမ်းကို လီဗာပူးအသင်းနည်းပြ အာနီဆလော့က လိုက်မီနိုင်ခဲ့ခြင်းဖြစ်သည်။

နည်းပြအာနီဆလော့သည် အသင်းနှင့်ပွဲဦးထွက်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ ၁၂ ပွဲကစားပြီးချိန်တွင် ၁၀ ပွဲအနိုင်ရရှိခဲ့ကာ အာဆင်နယ်အသင်းနှင့်ပွဲစဉ်တွင် သရေရလဒ်ထွက်ပေါ်ခဲ့ပြီး နော်တင်ဟမ်အသင်းတစ်သင်းတည်းကိုသာ ရှုံးနိမ့်ထားခြင်းဖြစ်သည်။

လီဗာပူးအသင်းသည် ဆောက်သမ်တန်အသင်းကိုအနိုင်ရရှိပြီးနောက် ရမှတ် ၃၁ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံး၌ ရပ်တည်နိုင်ခဲ့ကာ အဆင့်(၂)နေရာမှ မန်စီးတီးအသင်းကို ရမှတ်ရှစ်မှတ်ဖြတ်တောက်ပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲတွင်လည်း ချန်ပီယံဆုအတွက် ထိပ်ဆုံးမှရေပန်းစားနေသည်။

နည်းပြအာနီဆလော့သည် ဆောက်သမ်တန်အသင်းကိုအနိုင်ရရှိပြီးနောက် အသင်းသမိုင်းတစ်လျှောက် ပွဲဦးထွက်ဘောလုံးရာသီတွင် နိုင်ပွဲ ၁၀ ပွဲကို ပွဲအနည်းဆုံးဖြင့် ပြည့်မြောက်ခဲ့သည့်နည်းပြအဖြစ်လည်း မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

*Ref;Goal.com*

# ချယ်လ်ဆီးအသင်းမှထွက်ခွာရန် အစီအစဉ်မရှိကြောင်း အန်ဇိုဖာနန်ဒက်စ် ပြောကြား

လန်ဒန် နိုဝင်ဘာ ၂၅

ချယ်လ်ဆီးအသင်းကွင်းလယ်ကစားသမား အန်ဇိုဖာနန်ဒက်စ်က အသင်းမှထွက်ခွာရန် သတင်းထွက်နေမှုများကိုပယ်ချခဲ့ပြီး အသင်းမှထွက်ခွာရန် အစီအစဉ်မရှိကြောင်း အတည်ပြုပြောကြားခဲ့သည်။

အသက် ၂၃ နှစ်အရွယ် အန်ဇိုဖာနန်ဒက်စ်သည် ၂၀၂၃ ခုနှစ် ဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလက ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့် ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး လက်ရှိ နည်းပြမာရက်စ်ကာလက်အောက်တွင် ကစားရသည်မှာ ပျော်ရွှင်မှုမရှိသည့်အတွက် အသင်းမှပြန်လည်ထွက်ခွာပြီး စပိန်ထိပ်တန်းကလပ်အသင်းတစ်သင်းသို့ ပြောင်းရွှေ့ကစားရန်ပြင်ဆင်နေသည်ဟု ပြီးခဲ့သည့်ရက်ပိုင်းက သတင်းများ ကျယ်ကျယ်ပြန့်ပြန့်ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

အန်ဇိုဖာနန်ဒက်စ်သည် ဘင်ဖီကာအသင်းတွင် ကစားခဲ့စဉ်က ထိပ်တန်းအဆင့်ရှိ ခြေစွမ်းပြနိုင်ခဲ့ပြီး ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် ပွဲထွက်ကစားသမားအဖြစ် ပါဝင်ခွင့်ရရှိနေသော်လည်း ခြေစွမ်းပြနိုင်ရန် ရုန်းကန်နေရသည့်အတွက် အသင်းမှထွက်ခွာရန် ပြင်ဆင်လျက်ရှိသည်ဟု သတင်းများထွက်ပေါ်နေကြောင်း သိရသည်။

*Ref;Fabrizio Romano*

# လက်စတာအသင်းက ချယ်လ်ဆီးအသင်းကိုရှုံးနိမ့်သည့်ပွဲစဉ်အပြီးတွင် အသင်းနည်းပြစတိဗ်ကူပါးကို ရာထူးမှထုတ်ပယ်ကြောင်း အတည်ပြုကြေညာ

လန်ဒန် နိုဝင်ဘာ ၂၅

လက်စတာအသင်းက ချယ်လ်ဆီးအသင်းကိုရှုံးနိမ့်သည့်ပွဲစဉ်အပြီးတွင် အသင်းမှ နည်းပြ စတိဗ်ကူပါးကို နည်းပြရာထူးမှထုတ်ပယ်ကြောင်း အတည်ပြုကြေညာခဲ့သည်။

လက်စတာအသင်းသည် ယခုဘောလုံးရာသီတွင် ပရီးမီးယားလိဂ်ပြိုင်ပွဲသို့ တန်းတက်လာပြီးနောက် နည်းပြစတိဗ်ကူပါးကို နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့သော်လည်း ၁၂ ပွဲကစားအပြီးတွင် နည်းပြရာထူးမှ ထုတ်ပယ်ခံခဲ့ရခြင်းဖြစ်သည်။

လက်စတာအသင်းသည် ယခုဘောလုံးရာသီ နည်းပြစတိဗ်ကူပါးလက်အောက်တွင် ရုန်းကန်နေရကာ ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ ၁၂ ပွဲကစားပြီးချိန်တွင် နှစ်ပွဲသာအနိုင်ရရှိပြီး လေးပွဲသရေရလဒ်ထွက်ပေါ်ခဲ့ကာ ခြောက်ပွဲရှုံးနိမ့်ပြီးနောက် ရမှတ် ၁၀ မှတ်သာရရှိထားကာ အဆင့်(၁၆)နေရာ၌ ရပ်တည်နေပြီး အဆင့်(၁၈)နေရာ၌ ရပ်တည်နေသည့် တန်းဆင်းဇုန်တွင်ကျရောက်နေသော အစ်ဗ့်စ်ချ်အသင်းနှင့် ရမှတ်တစ်မှတ်သာကွာဟတော့သည့်အတွက် လက်စတာအသင်းအနေဖြင့် ဘောလုံးရာသီတစ်ရာသီအကြာတွင်ပင် ပရီးမီးယားလိဂ်ပြိုင်ပွဲမှ တန်းဆင်းရနိုင်သည့် အခြေအနေများကြောင့် နည်းပြစတိဗ်ကူပါးကို ရာထူးမှထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

လက်စတာအသင်းက နည်းပြစတိဗ်ကူပါးကို ရာထူးမှထုတ်ပယ်ပြီးနောက် လက်ရှိတွင် နည်းပြသစ်အမြန်ဆုံးခန့်အပ်ရန် ကြိုးပမ်းလျက်ရှိသည်။ လက်စတာအသင်းနည်းပြသစ်အဖြစ် ကလပ်အသင်းလက်မဲ့ဖြစ်နေသည့်နည်းပြများထဲမှ ချယ်လ်ဆီးအသင်း နည်းပြဟောင်း ဂရေဟမ်ပေါ်တာက နည်းပြသစ်အဖြစ် ထိပ်ဆုံးမှ ရေပန်းစားလျက်ရှိကြောင်း သိရသည်။

*Ref;Sky Sports*

# ဘာရက်အသင်းနှင့်ကစားမည့်ချန်ပီယံလိဂ်ပွဲစဉ်ကို လူငယ်ကစားသမားယာမယ် လွဲချော်မည်ဖြစ်ကြောင်း ဘာစီလိုနာအသင်းအတည်ပြု

ဘာစီလိုနာ နိုဝင်ဘာ ၂၅

ဘာစီလိုနာအသင်းက လူငယ်ကစားသမားတစ်ဦးဖြစ်သော ယာမယ်အနေဖြင့် ကြွက်သားခိုင်မှုမပြည့်ဝသည့်အတွက် ဘာရက်အသင်းနှင့်ကစားမည့် ချန်ပီယံလိဂ်ပွဲစဉ်ကို လွဲချော်မည်ဖြစ်ကြောင်း အတည်ပြုကြေညာခဲ့သည်။

အသက် ၁၇ နှစ်အရွယ် ယာမယ်သည် ဘာစီလိုနာအသင်းတိုက်စစ်ပိုင်းတွင် အဓိက ကစားသမားအဖြစ်ဦးဆောင်လျက်ရှိပြီး နိုဝင်ဘာလ ၇ ရက်က ချန်ပီယံလိဂ်ပွဲစဉ်အဖြစ်ကစားသော ရက်စတားဘဲဂရိတ်အသင်းနှင့်ကစားသည့်ပွဲစဉ်တွင် ခြေချင်းဝတ်ဒဏ်ရာရရှိပြီးနောက် အနားယူနေရသူဖြစ်သည်။

လက်ရှိတွင် ယာမယ်သည် ဒဏ်ရာမှပြန်လည်သက်သာလာပြီဖြစ်သော်လည်း အသင်းနှင့်အတူပွဲစဉ်များကစားရန် ကြွက်သားခိုင်မှုမပြည့်ဝသေးသည့်အတွက် ဆက်လက်အနားယူရန် လိုအပ်သည့်အခြေအနေများကြောင့် နိုဝင်ဘာလ ၂၇ ရက်တွင် ချန်ပီယံလိဂ်ပွဲစဉ်အဖြစ်ကစားရမည့် ဘာရက်အသင်းနှင့်ပွဲစဉ်ကိုလည်း လွဲချော်မည်ဖြစ်သည်။

လက်ရှိ ဘာစီလိုနာအသင်းတွင် ယာမယ်အနေဖြင့် ကြွက်သားခိုင်မှုမပြည့်ဝသေးသည့်အတွက် ဘာရက်အသင်းနှင့်ပွဲစဉ်ကို လွဲချော်ရမည်ဖြစ်သော်လည်း ဒဏ်ရာကြောင့် ကာလရှည်အနားယူနေခဲ့ရသည့် ခံစစ်ကစားသမားအာရူဂျိုနှင့် တိုက်စစ်ကစားသမား ဖာရန်တောရက်စ်တို့ ဒဏ်ရာမှပြန်လည်ကောင်းမွန်လာသည့်အတွက် ဘာရက်အသင်းနှင့်ပွဲစဉ်တွင် ပါဝင်ဖွယ်ရှိကြောင်း သိရသည်။

*Ref;Fabrizio Romano*



# တောင်သူများပူးပေါင်းပါဝင်သော စပါးမျိုးသားဆက်လိုင်းများမွေးမြူရွေးချယ်




နေပြည်တော် နိုဝင်ဘာ ၂၅

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန စိုက်ပျိုးရေးဦးစီးဌာန စိုက်ပျိုးရေးပညာရှင်များဦးဆောင်၍ တောင်သူများ ပူးပေါင်းပါဝင်သော စပါးမျိုးသားဆက်လိုင်းများ မွေးမြူရွေးချယ်စိုက်ကွင်းကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

စိုက်ကွင်းရှင်းလင်းဆောင်၌ တာဝန်ရှိသူများ၊ တောင်သူများနှင့် တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်အောင်မြင်ရေးနှင့် တောင်သူများ၏ ဝင်ငွေအကျိုးစီးပွားဖြစ်ထွန်းစေရေးအတွက် မိမိတို့ဝန်ကြီးဌာနက မျိုး၊ မြေ၊ ရေ၊ နည်းပညာလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တောင်သူများအနေဖြင့် စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာလိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးပေးကြရန်လိုကြောင်း၊ လူစာ၊ တိရစ္ဆာန်စာ၊ မြေစာ၊ ဂေဟစနစ်စာများ စိုက်ပျိုးကြစေလိုကြောင်းဆွေးနွေးပြောကြားပြီး တောင်သူများ၏တင်ပြချက်များကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက်ဒုတိယဝန်ကြီးနှင့်စိုက်ပျိုးရေးပညာရှင်များ၊ သုတေသီများသည်တောင်သူများနှင့်အတူ စပါးမျိုးသားဆက်လိုင်းများ မွေးမြူရွေးချယ်ပျိုးထားသည့် စိုက်ကွင်းသို့ ကွင်းဆင်း၍ မျိုးရွေးချယ်ခဲ့ကြကြောင်း သိရသည်။ (၅၀၀)

# တရားမဝင် စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့်မော်တော်ယာဉ်များ ဖမ်းဆီးရမိ



အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။

နေပြည်တော် နိုဝင်ဘာ ၂၅

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

**နိုဝင်ဘာလ ၂၂ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ (၁၅) လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၅)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၉၀၇၁၂၇၀)** ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **နိုဝင်ဘာလ ၂၃ ရက်**တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့နယ် ကျိုင်းဖောင်းကျေးရွာအနီး၌ ကျိုင်းတုံမြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်(၈)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၁)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၄၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck (၄)စီး၊ Hino Profia Truck (၂)စီး၊ Fuso Truck (၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၄၀၀၀၀၀၀)**ကိုဖမ်းဆီးရမိခဲ့ပြီးအကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **နိုဝင်ဘာလ ၂၄ ရက်**တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

နိုဝင်ဘာလ ၂၂ ရက်၊ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၂၂)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၃၃၀၇၁၂၇၀)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ငွေကြေးမတည်ငြိမ်မှုများနှင့် နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာမှုများဖြစ်ပေါ်စေပြီး စားသုံးသူပြည်သူများအတွက်လည်း ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေနိုင်သဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နှင့် မြောက်ဥက္ကလာပ မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၂၅

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာလ ၁၉ ရက် နံနက် ၅ နာရီတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၇)ရပ်ကွက်၊ ပြည်ထောင်စုလမ်းမကြီးနှင့် မဟာသီရိလမ်းထောင့်တွင် ချမ်းငြိမ်းဇော်(ခ)ဖိုးသားမောင်းနှင်ပြီး တိုးပိုင်၊ မောင်မောင်အေးနှင့် မျိုးဝင်း(ခ) အောင်ကိုလတ်တို့ လိုက်ပါလာသည့် HONDA FIT အမျိုးအစားမော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၀၀၀၀ ပြားသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရောင်းဝယ်ရာ၌ ပူးပေါင်းပါဝင်သူများဖြစ်သည့် ကိုနိုင်(ခ) ဇော်မင်းအောင်အား နိုဝင်ဘာလ ၂၀ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁)ရပ်ကွက်တွင်လည်းကောင်း၊ ရာဇာဖြိုး(ခ)ပခူးညီအား နိုဝင်ဘာလ ၂၁ ရက် ည ၁၁ နာရီတွင် ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်တွင်လည်းကောင်း၊ မဌေးဌေးစိန်အား နိုဝင်ဘာလ ၂၂ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ရွှေပြည်သာမြို့နယ်၊ (၉)ရပ်ကွက်တွင်လည်းကောင်း၊ အလားတူ ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာလ ၂၄ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက်၊ သုခမ္မာလမ်းရှိကားဂိတ်တွင် ပါဆယ်ပစ္စည်းလာရောက်ထုတ်ယူသူ မခိုင်သီတာဝင်း(ခ)မသီတာအား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(သတင်းစဉ်)**



မခိုင်သီတာဝင်း(ခ)မသီတာအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် အတူ တွေ့ရစဉ်။

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# သာပေါင်းမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဖူးစားပြောင်း ၁၇၉၁ ဧက စိုက်ပျိုးရန်လျာထား

သာပေါင်း နိုဝင်ဘာ ၂၅

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဖူးစားပြောင်း ၁၇၉၁ ဧက စိုက်ပျိုးရန်လျာထားကြောင်း ပုသိမ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးမူ၏ပြောဆိုချက်အရ သိရသည်။

သာပေါင်းမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဖူးစားပြောင်း ၁၇၉၁ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း၊ အဆိုပါစိုက်ပျိုးမည့် ဖူးစားပြောင်းများ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"တောင်သူတွေ အခက်အခဲမရှိစိုက်ပျိုးနိုင်ဖို့ နည်းပညာနဲ့ တခြားလိုအပ်တဲ့ကူညီမှုတွေကို ကြိုတင်လုပ်ဆောင်ပေးပါတယ်။ ဒီနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဖူးစားပြောင်း ၁၇၉၁ ဧက လျာထားစိုက်ပျိုးမှာပါ။ ဖူးစားပြောင်းတွေ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်စေဖို့ စိုက်ပျိုးနည်းစနစ်နဲ့ တခြားလိုအပ်တဲ့ပံ့ပိုးမှုတွေကို စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေ ပူးပေါင်းဆောင်ရွက်နေပါတယ်" ဟု ဒေါ်အေးအေးမူကပြောသည်။

အဆိုပါ ဖူးစားပြောင်းများ အခက်အခဲမရှိစိုက်ပျိုးနိုင်ရန်၊ ရွက်လိပ်ပိုး၊ ရွက်ဖျက်ပိုး၊ ငမြောင်တောင်ပိုး စသည့်ပိုးမွှားများ အန္တရာယ်မကျရောက်စေရန်နှင့် အထွက်နှုန်းကောင်းမွန်စေရန် စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူအသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သုတကျော်**



# ရေနံချောင်းမြို့နယ် ဘူးကျွန်းမြောက်ကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး



ရေနံချောင်း နိုဝင်ဘာ ၂၅

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဘူးကျွန်းကျေးရွာအုပ်စု ဘူးကျွန်းမြောက်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို နိုဝင်ဘာလ ၂၄ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအေးထွန်းမင်းနှင့်ဝန်ထမ်းများက ဘူးကျွန်းမြောက်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

ဘူးကျွန်းမြောက်ကျေးရွာ၌ အရှည် ၁၀၀၅ ပေ၊ အကျယ် ၃ ပေ၊ ထု ၆ လက်မရှိ ကျေးရွာတွင်းကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ခွင့်ပြုငွေ ငွေကျပ် ၁၅ သိန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေ ငွေကျပ် ၂ ဒသမ ဝ၆၅ သိန်း စုစုပေါင်းငွေကျပ် ၁၇ ဒသမ ဝ၆၅ သိန်းအသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင်ဩဂုတ်လဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**နော်လူး**

# ကျောက်ဆည်မြို့နယ်၌ ငရုတ်သီးစိမ်းများ စတင်ခူးဆွတ်ရောင်းချ

ကျောက်ဆည် နိုဝင်ဘာ ၂၅

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ်၌ ပဲအမျိုးမျိုး၊ ဝါ၊ ငရုတ်၊ ကြက်သွန်၊ ဟင်းသီးဟင်းရွက် စသည့်သီးနှံစုံ စိုက်ပျိုးကြပြီး လက်ရှိတွင် ငရုတ်သီးစိမ်းများ ခူးဆွတ်ရောင်းချလျက်ရှိရာ စိုက်ပျိုးရောင်းချသူများ အကျိုးအမြတ်ရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ်၌ ငရုတ်စိုက်ပျိုးသူများအနေဖြင့် ၆၉၂ ငရုတ်မျိုးများကို အဓိကစိုက်ပျိုးကြပြီး စိုက်ပျိုးရာတွင် အစိုစိုက် (ရေသွင်းစိုက်ပျိုးခြင်း) နှင့် အခြောက်စိုက် (မြေကျင်းဖော်၍ ရေလောင်းစိုက်ပျိုးခြင်း) နည်းတို့ဖြင့် စိုက်ပျိုးကြကြောင်း၊ ငရုတ်တစ်ဧက ပျိုးထောင်စိုက်ပျိုးမည်ဆိုပါက မျိုးထုပ် ၁၅ ထုပ်ခန့် ပျိုးထောင်စိုက်ပျိုးရကြောင်း သိရသည်။

ငရုတ်သည် ကာလရှည်သီးနှံဖြစ်ပြီး တောင်သူအများစုက အသီးတောင့်ရင့်မှည့်အောင်ထားကာ ခုနစ်ရက်လျှင် တစ်ကြိမ်ခူးဆွတ်၍ အခြောက်လှန်းကာ ရောင်းချခြင်းများ ပြုလုပ်ကြသော်လည်း နေ့စဉ်ဝင်ငွေရရှိလိုသူများအနေဖြင့် ငရုတ်သီးများကို မှည့်အောင် မထားဘဲ ရင့်သည်နှင့်တစ်ပြိုင်နက် ခူးဆွတ်ရောင်းချလျက်ရှိရာ ငရုတ်သီးစိမ်းဈေးကောင်းသောကြောင့် စိုက်ပျိုးရောင်းချသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# မျိုးဆက်သစ်လူငယ်ကြက်တောင်အားကစားမောင်မယ်များ ပေါ်ထွန်းလာရေး ကြက်တောင်ပြိုင်ပွဲ ရန်ကုန်မြို့၌ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၅

မြန်မာ့ကြက်တောင်အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရန်အတွက် ပြောင်းလဲလာသောခေတ်စနစ်နှင့်အညီ မျိုးဆက်သစ်လူငယ်ကြက်တောင်အားကစားမောင်မယ်များ ပေါ်ထွန်းလာရေးနှင့် ကြက်တောင်အားကစားအောင်နိုင်ရေး လုပ်ငန်းများကို အရှိန်အဟုန်မပြတ် စနစ်တကျဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်နှင့်ပူးပေါင်း၍ Me & Gems Badminton Junior Championships (2024) ပြိုင်ပွဲကို ဒီဇင်ဘာလ ၂၂ ရက်မှ ၂၅ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်ရှိ အမျိုးသားကြက်တောင်အားကစားခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ယင်းပြိုင်ပွဲ၏ အသက်ကိုးနှစ်အောက်၊ အသက် ၁၁ နှစ်အောက်၊ အသက် ၁၃ နှစ်အောက်ပြိုင်ပွဲတွင် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲများ ပါဝင်ပြီး အသက် ၁၅ နှစ်အောက်၊ အသက် ၁၇ နှစ်အောက်၊ အသက် ၁၉ နှစ်အောက်ပြိုင်ပွဲတွင် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား+အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။

ဝင်ရောက်ယှဉ်ပြိုင်လိုသည့် ကြက်တောင်အားကစားသမားများအနေဖြင့် မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်ရုံးသို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ အဖွဲ့ချုပ်ရုံးဖုန်း ၀၉-၈၉၉၆၆၇၅၅၀ သို့ဆက်သွယ်၍ဖြစ်စေ ယှဉ်ပြိုင်လိုသည့် အတန်းများကိုဖော်ပြ၍ ဒီဇင်ဘာလ ၁၇ ရက် နောက်ဆုံးထားပေးပို့ကြရမည်ဖြစ်ကာ ကစားသမားအားလုံး နိုင်ငံသားစိစစ်ရေးကတ် သို့မဟုတ် မွေးစာရင်းမူရင်းတင်ပြရမည်ဖြစ်သည်။

ပြိုင်ပွဲများကို ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်(BWF)မှနောက်ဆုံးအတည်ပြုထုတ်ပြန်ထားသည့် ကြက်တောင်အားကစားနည်းဥပဒေနှင့်အညီ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲရက်များတွင် နေ့စဉ်နံနက် ၉ နာရီမှ သတ်မှတ်ပွဲစဉ်များပြီးဆုံးသည်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ကြက်တောင်အားကစားအဆင့်အတန်းကို အရှေ့တောင်အာရှ၊ အာရှအဆင့်မှ ကမ္ဘာ့အဆင့်သို့တက်လှမ်းနိုင်စေရန်၊ နိုင်ငံကိုယ်စားပြုလက်ရွေးစင်ကစားသမားများ ပေါ်ထွက်လာစေရန်၊ ဆုကြေးများ ထိုက်ထိုက်တန်တန်ချီးမြှင့်သောပြိုင်ပွဲများ ကျင်းပခြင်းဖြင့် အားကစားသမားများ မိမိတို့အားကစားအရည်အသွေးကို မြှင့်တင်လိုစိတ်ထက်သန်လာစေရန်၊ သက်တမ်းအလိုက်ပြိုင်ပွဲများ၊ တံခွန်စိုက်ပြိုင်ပွဲများ ကျင်းပပေးခြင်းဖြင့် အလားအလာကောင်းသော မျိုးဆက်သစ်လူငယ် အားကစားမောင်မယ်များအား ရွေးချယ်စုစည်း လေ့ကျင့်ပေးခြင်းဖြင့် မြန်မာ့ကြက်တောင်အားကစား အဆင့်အတန်းကိုမြှင့်တင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ဝန်းရံခ**




ကုန်ဆုံးသွားသော စွမ်းအားများ
DAGON Malta Fresh
နဲ့ ဖြည့်စွမ်းထား

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။



ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်းငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊
Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)

Myanmar MOBILE MONEY

အငြိမ်းစား လစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းအတွက် Customs Duty များပေးဆောင်ရာတွင် MMM Service အသုံးပြု၍ လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

ပဒုမ္မာဆပ်ပြာ

ရေမှာဆို 'ကြာ'
ဆပ်ပြာမှာ 'ပဒုမ္မာ'

ပဒုမ္မာဆပ်ပြာစက်ရုံ (ပေါင်မြို့နယ်)မှ ခေတ်မီစက်ကြီးများဖြင့် အရည်အသွေးပြည့်မီစွာ ထုတ်လုပ်ထားသော အဝတ်လျှော်ဆပ်ပြာ၊ ကာဘော်လစ်ဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာနှင့် ဆပ်ပြာမှုန့်များအား လက်လီ၊ လက်ကား ဝယ်ယူအားပေးနိုင်ပါပြီ...
၀၉ ၇၈၀ ၈၄၈ ၆၉၉၉၊ ၀၉ ၇၉၃ ၇၃၂ ၆၁၆၆

PADONMAR




OKKAN SUGAR MILL

ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး

FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la



Phone,09 798157939(Office),09 773646431(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar

❖ MNDAA လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့၊ TNLA လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့နှင့် AA လက်နက်ကိုင်အဖွဲ့တို့အား ၂-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်မှအကြမ်းဖက်အုပ်စုအဖြစ်ကြေညာခဲ့ပြီးဖြစ် . . .

❖ ထို့ကြောင့် ၎င်းတို့နှင့်ဆက်နွယ်နေသူများအနေဖြင့်လည်း အကြမ်းဖက်မှုများကိုအားပေးနေကြသူများပင်ဖြစ် . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမတွင် လမ်းညွှန်မှာကြားမှုမှကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**


(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်သတ်မှတ်

နေပြည်တော် နိုဝင်ဘာ ၂၅




ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသောမုန်တိုင်းငယ်(Depression)သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းသို့ ရောက်ရှိခဲ့ကာ မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့(CocoIsland)၏အနောက်တောင်ဘက် ရေမိုင် ၇၅၀ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့(Chennai)၏ တောင်- အရှေ့တောင်ဘက် **စာမျက်နှာ ၁၅ ကော်လံ ၁ ➪**

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၇၂၈၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် နိုဝင်ဘာ ၂၅

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ် ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီအဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင်ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ **စာမျက်နှာ ၅ ကော်လံ ၃ ▸▸**

## ၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အဌမနေ့ဆက်လက်ကျင်းပ အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲပေါင်း (၇၃၅)တွဲ ရောင်းချနိုင်ခဲ့




နေပြည်တော် နိုဝင်ဘာ ၂၅

၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အဌမနေ့ကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ နံနက်ပိုင်းမှစတင်၍ ပြည်တွင်းရတနာကုန်သည်များသည် ခန်းမအပြင်ဘက်သတ်မှတ်နေရာများအလိုက်ခင်းကျင်းပြသထားသည့် ပြည်တွင်းရတနာကုန်သည်များသာ ဝယ်ယူခွင့်ရှိသည့် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။

**စာမျက်နှာ ၅ ကော်လံ ၁ ●**

## မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်း ပွဲ ၇၀ ဆက်ရှုံးပွဲမရှိ စံချိန်တင်နိုင်ခဲ့

ရန်ကုန် နိုဝင်ဘာ ၂၅

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် တောင်ကြီးမြို့အခြေစိုက် မြန်မာနေရှင်နယ်လိဂ် ထိပ်တန်းကလပ်အသင်းဖြစ်သည့် **စာမျက်နှာ ၁၅ ကော်လံ ၄ ◆**



